www.burmeseclassic.com

မြတ်မြတ်ချောစာပေ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းရဲကျော်

လျှို့ဝှက်သည်းဖို့ဖြင့်ဆန်းကြယ်မှုဆိုးဝတ္ထု

BURMESE CLASSIC

# ဘကြီးညိုအငြိမ်းစား

# ကျားဖောင်းရှင်းပစ်

မှုဆိုးဝတ္ထုရှည်(စ-ဆုံး)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၅၀၀၃၉၁၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၅၀၁၀၅၇၀၅၀၉

✵ထုတ်ဝေသူ✵

ဦးသန်းဆွေ(၀၁၄၇၃)၊ စစ်သည်တော်စာပေ
အမှတ်-၁၁၃၁(က)၊ ၁၉-ရပ်ကွက် ဥယျာဉ်လမ်း။
ဒဂုံမြို့သစ်တောင်ပိုင်း။ ရန်ကုန်။

✵မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ✵

ဦးမောင်မောင်လွင်(၀၂၃၅၀)၊ကဝိရတနာပုံနှိပ်တိုက်
အမှတ်-၂၀၄ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့် ဇရစ်ပန်းချီ ❖ မမွှေး

ကွန်ပျူတာစာစီ ❖ နရဏီ (☎ ၂၈၁၄၃၈)

ပုံနှိပ်ခြင်း ❖ ပထမအကြိမ်

ထုတ်ဝေသည့်လ ❖ အောက်တိုဘာလ၊ ၂၀၀၅ခုနှစ်

အုပ်ရေ ❖ ၅၀၀

တန်ဖိုး ❖ ၅၀ ကျပ်

ဖြန့်ချိရေး ❖ မြတ်မြတ်ချောစာပေ

အထက်မြန်မာပြည်ဖြန့်ချိရေး ❖ နဂါးစာပေ

www.burmeseclassic.com

www.burmeseclassic.com



# တစ်

"ရှစ်နာရီထိုးပြီးပြီ၊ နှင်းက ကျနေတုန်းပါလား"

မိုးကျော်အောင်တစ်ယောက် ဆန္ဒတွေလည်းစောနေပြီ၊ မိုးကျော်အောင် လက်မှနာရီကို မြှောက်ကြည့်ရင်း ပြောလာ၏။ မိုးကျော်အောင်သည် တင်မြတ်နှင့်အတူ ဝီရိယပဲ ပြောရမည်လားမသိ၊ ဆန္ဒစောသူဟု ဆိုပါကလည်း မမှားပါ။

BURMESE CLASSIC

"ဆရာကျော်... မိုးကျော်တော့ ဆန္ဒတွေ စောနေပြီ၊ ဟုတ်တော့လည်း ဟုတ်တာပဲဗျာ နှင်းကျနေဆဲဆိုတော့... အင်း... မြစ်ထဲမှာ နှင်းလယ်နေမယ် ထင်တယ်ဗျ"

တင်မြတ်သည် မိုးကျော်အောင်၏ ဆန္ဒကိုသိသလို အိပ်ဆောင်အပြင်ဘက်တွင် မိုးတွေဖွဲဖွဲကျနေသကဲ့သို့ နှင်းတွေက လက်နှင့် ဆုတ်ကြဲဘိအလား ကျနေပါ၏။

ဆောင်းကုန်ပါပြီဆိုသော်လည်း နှင်းကကျမြဲ၊ အေးမြ ပက်ကျဲနေဆဲ၊ သူနေရာသူ့ဒေသမို့ သဘာဝက ဖန်တီးပြီးသားပင်။ ကချင်ရိုးမ တောင်တန်းကြီးတွေက မြန်မာပြည် မြောက်ဖျားဝယ်စွင့်စွင့်ကားကား



www.burmeseclassic.com

www.burmeseclassic.com



ဝံ့ဝံ့ကြွားကြွား မားမားမတ်မတ် ခံတပ်ကြီးတွေ၊ ထိုရိုးမတောင်တန်းကြီးတွေ၏ မြင့်မားမှုနှင့်အတူ ပေါက်ရောက်နေသော သစ်ကြီးဝါးကြီး တောနက်ကြီးတွေ၏ နက်နက်ရှိုင်းရှိုင်း စိမ်းစိုမှိုင်းနေအောင်ပင် မိန်းမိန်းပိတ်မျှ သဘာဝ ပေါက်ရောက်နေသော အပင်ကြီးများ၊ အပင်ငယ်များနှင့်အတူ အထင်ကရနွယ်ကြီးတွေမှာလည်း အံ့သြဖွယ်ကောင်းပါ၏။

"မိုးကျော်နဲ့တင်မြတ်ရေ၊ ဒီမှာ နှင်းကျနေသလို မြစ်ထဲမှာလည်း နှင်းကျပြီး နှင်းလယ်မှာတော့ အမှန်ပဲကွ၊ ဒါပေမဲ့ တို့ချိန်းထားတာ ရှစ်နာရီခွဲဆိုတော့ သွားကြစို့ကွာ၊ ပွဲချိတ်ဆရာ စိတ်ဆိုးနေမယ်"

"ဟုတ်ကဲ့... ဒါဆို သွားကြစို့"

"အေး... မြစ်ထဲရောက်လို့ နှင်းလယ်နေရင်လည်း ကမ်းစပ်ကပ်မောင်းတာပေါ့ကွာ၊ မင်းတို့ပြောသလိုပဲ ဒီနေ့မှ ပိုပြီး နှင်းကျသလိုလိုပဲ"

"ဆရာကျော်"

"ပြော တင်မြတ်"

"ဟဲ...ဟဲ...ဟဲ... အေးမြခြင်းရဲ့ အတိတ်နမိတ်ပေါ့"

"တင်မြတ်ရေ၊ မင်းတို့ထွက် ရက်ရာဇာပဲကွ"

"ဩော်... ဟုတ်ကဲ့ခင်ဗျ"

သုံးယောက်သား အသင့်ပြင်ထားသော ကျောပိုးအိတ် ကိုယ်စီပိုးပြီး အိပ်ဆောင်မှ ထွက်လိုက်သည်တွင် အိပ်ဆောင်၏ အောက်ဘက် လှိုဏ်ကလေးထဲမှ တက်လာသော လေနုအေးနှင့်အတူ နှင်းဖွဲဖွဲရဲ့ ဇာခ အထုကလေးတွေ နှင်းလေနှင့်ပေါင်းစပ်မိတ်ဖွဲ့ပြီး ထိတွေ့မှုကို စတင် ခံစား လိုက်ရပါပြီ။

www.burmeseclassic.com


သို့သော် ဤတောင်တန်းပေါ်မှာ နေလာခဲ့သည်မှာ နှစ်ချီနေပြီ ဖြစ်၍ ဤကဲ့သို့သော အတွေ့အကြုံသည် သာမန်မျှသာ ဖြစ်ပါ၏။ ဒီထက် အဆပေါင်းများစွာ နှင်းခဲနေသည့် တောင်ပေါ်က တောထဲ၊ တောင်ထဲက လူသွားလမ်း လှမ်းမရအောင် နှင်းခဲတွေပေါ် ဖြတ်ကျော်ခဲ့ရပေါင်းလည်း များပါပြီ၊ နှင်းကျလွန်း၍ အပင်ကြီးတွေ စိုကပ်ပြီး တစ်ကိုယ်လုံး ရွှဲရွှဲစိုခဲ့ပေါင်းလည်း မရေတွက်နိုင်တော့။ ဤသို့သော အခါများကြောင့် ယခုလိုနှင်းဖွဲဖွဲလေးနှင့် အတူ လေပြေအနှော့လောက်တော့ မမှုတော့ပါ။

ကျွန်တော်တို့ သွားခဲ့သော လှမ်းခဲ့သော ဖြတ်ကျော်ခဲ့သော နေရာဒေသ တောတွေတောင်တန်းကြီးတွေသာ တစ်ခါတစ်ရံတော့လည်း စိမ့်တွေ စမ်းတွေ၊ လျှိုတွေချောင်းတွေ ဖြတ်ကျော်ခဲ့ရပါသည်။ ယခုသွားမည့်လမ်းလိုတော့ မဟုတ်ပါ။

BURMESE CLASSIC

ယခုကျွန်တော်တို့ ဦးတည်သွားရမည်က ပုံချိတ်ကလေးနှင့် ဧရာဝတီမြစ်ကြီးအားဖြတ်ပြီး သွားရမည်သာ။ ဧရာဝတီမြစ်အား ဆန်တက်ရပေဦးမည်၊ ဆန်တက်ပြီးမှ တစ်ဖန် မြစ်ကြီးကို ဖြတ်ရမည်သာ။

နှင်းပွင့်ကလေးများနှင့် ထိတွေ့မှု၏ ခံစားရသော အအေးကလေးများအပြင်လေနုအေး၏ ပထမဆုံးနှုတ်ဆက်မှုတွေကြောင့် ထိတွေ့ခံစားရမှု ထူးကဲသော အရသာကလေးတွေ ရောနှော၍ အတွေးရေယာဉ်ကြောမြော ပါနေသော ကျွန်တော့်အား နှိုးလိုက်သည့်အသံကြောင့်—

"ဆရာကျော်... ဆရာကျော် ဟိုမှာလေ... ဟိုမှာ မယု"

"ယော်... အစ်ကိုကျော် ခရီး ထွက်တော့မယ်ပေါ့"

"ဩော်...ယု ဘယ်သွားမလို့လဲ"

"မင်းလှက မရွယ်တို့အိမ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အစောကြီးကွာ"

"ဟုတ်တယ် မောင်... မရွှယ်အစ်မကြီး ဒီနေ့မနက် ဆေးရုံတက်မယ်ကြားလို့ မောင်ရဲ့"

"မွေးတော့မယ်ပေါ့"

"ဟုတ်"

"မောင် ခရီးထွက်မလို့လား"

"ဟုတ်တယ်၊ အပြန်မှ အိမ်လာတော့မယ်"

"ဟုတ်... ဟုတ်"

"ယုလေး မောင်သွားမယ်"

"ဟုတ်... ဟုတ်...မောင်...မောင်"

"ပြော"

"ဟင်း...ဟင်း"

"ဘာလဲ ယု"

"ဩော်... မောင်က မေ့တာပဲ"

"ဘာများလဲ... ယုရဲ့၊ ဩော်... သတိရပြီ ချစ်တယ် ယုရယ်"

"ကြည့်... ခုမှ"

"စောစောထဲက ကြည့်နေပါတယ်"

"ယော်...မောင်ကလည်းကွာ ရှက်တာပေ"

ယု စက်ဘီးလေးတွန်းပြီး ပြုံးလျက်ထွက်သွားပါပြီ၊ ကျွန်တော် ချစ်ရသောယု ကျွန်တော့်ယုအား မှာထားဖူးသည်။ နှစ်ယောက် ဘယ်မှာတွေ့တွေ့ စကားပြောပြီး လမ်းခွဲကြမည်။ သို့မဟုတ် ကျွန်တော်ပြန်တော့မယ်ဟုဆိုပါကလည်း ကျွန်တော်က ယုလေးမှာ ခေါ်သလို ယုကလည်း မောင်ဆိုပြီး နှုတ်ဆက်စကားဆိုရမည်ကို ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပြီး ကျွန်တော်ကပဲ မေ့နေသည့်အတွက် ချစ်သောယုက ကျွန်တော့်ကို ချစ်စဖွယ် ကျီစယ်ပိုက်သည့် 'ဟင်း...ဟင်း'ဆိုသော ရင်ထဲက လှိုင်းပုတ်သံလေးကို ကျွန်တော်ခံစားပြီး ယုလေး၏ နောက်ကျောကို ကြည့်ရင်းမှ တင်မြတ်နှင့် မိုးကျော်အောင်တို့အား ကြည့်လိုက်သောအခါ ကားလမ်းကိုကျော်ပြီး အကျဉ်းထောင်နှင့် ဦးမြအောင်တို့အိမ်ကြား၌ လမ်းထဲမှနေ၍ စောင့်နေကြပါပြီ။

နှင်းလေးတွေက ဝေ့နေဆဲ၊ ဝဲနေဆဲ၊ ဖွဲ့နေဆဲ နံနက်ခင်းရဲ့ အလှအပလေးတွေနှင့် ဒွန်တွဲပြီး ချစ်ရသူနှင့် ဆုံလိုက်ရသည့်အတွက် ကျွန်တော့် ရင်တွေ လှုပ်ရှားရှင်း ကြည်နူးမှု၊ သာယာမှုတွေ အပြည့်အဝ ခံစားလိုက်ရပြီး နောက် ယုရဲ့ "မောင်"ဆိုတဲ့ ခေါ်သံ၊ "ဟင်း...ဟင်း" ဆိုသည့် ရယ်မောသံ နုနုညက်ညက်ကလေးတွေကို ရင်ဝယ်ခံစားပြီး ကားလမ်းကို ဖြတ်ခဲ့ပါပြီ။

"ဆရာကျော်တို့များ လုပတဲ့ ဆီးနှင်းလေးတွေထဲမှာ ဆွဲလွဲသံလေးတွေနဲ့ ကုသိုလ်ကောင်းလိုက်တာ၊ ရေကန်အသင့် ကြာအသင့်ပဲ မိုးကျော်ရေ"

"ဒါတင်ဘယ်ကမလဲ တင်မြတ်ရဲ့၊ နှင်းပုလဲလေးတွေကလည်း စီလို့၊ မယုရဲ့သွားလေးတွေကလည်း ပုလဲလေးတွေလို ဖြူဖွေးပြီး စီနေလို့ ဆရာကျော်... ဆရာကျော်"

"ဘာဖြစ်သလဲ မိုးကျော် ဆက်လေကွာ"

"ဟဲ... ဟဲ... ဟဲ...ဟဲ... ဆရာကျော် ရှေ့မတိုးနိုင်အောင် ရီ (ရယ်) နေတာလေ ဟား...ဟား...ဟား...ဟား"

"ခွေးကောင်တွေ၊ ကဲသွားကြပါ"

"မိုးကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးထွက်ဖို့ သတိရသေးသားပဲ"

"ဩော်...တင်မြတ်ရာ မယုမှ မရှိတော့တာ သတိရပြီပေါ့၊ ကဲ... ကိုတင်မြတ်ရေ ပွိုင့်ထွက် ဟား...ဟား... ဟား...ဟား"

"ဟား...ဟား... ဟား...ဟား"

တင်မြတ်သည် မိုးကျော်အောင် စကားအဆုံး ရယ်မောနေသကဲ့သို့ သူလည်း တဟားဟားရယ်မောရင်း ရှေ့ဆုံးမှ ထွက်ပါပြီ။ တင်မြတ်ထွက်တော့ ကျွန်တော်က အလယ်၊ မိုးကျော်အောင်မှာ နောက်ဆုံး အပြုံးတွေကိုယ်စီဖြင့် ထွက်ခဲ့ကြပါပြီ။

ကျွန်တော့ရင်ထဲမှာ အေးနေသေးသည်လား၊ နှင်းလေးတွေ ကျနေဆဲလား လေနုအေးကလေးတွေ ဝေ့ဝဲပွတ်တိုက်ချမ်းတုန်ခိုက်အောင် ကလူကျီစယ်နေသည်လား မသိတော့ပါ။ ရင်ထဲမှာ အမှန်ခံစား နေရသည်မှာတော့ နွေးထွေးမှုနှင့်အတူ ကြည်နူးမှုတွေ တစ်ဝကြီးမို့ လှေဆိပ်သို့ ရောက်သည်ကိုပင် သတိမထားမိလိုက်။

"ရော်... ဆရာ ကိုတင်မြတ် နောက်ကျတာပအေး"

"ဦးလောယုံကြီးရေ ဒီနေ့မနက် နှင်းတော်တော်ကျတယ်ဗျ"

"ဟုတ်တာပအေး...ရေလယ်မပြောနဲ့ပ၊ ကမ်းစပ်ပဲကြည့်၊ ဘာမှ မမြင်ရပ"

"ဆရာကျော် နှင်း တော်တော့ကို လယ်နေတယ်ဗျ"

"အေး...ဩော်...၊ ဦးလောယုံ ကမ်းစပ်က ဆန်ရင်ရမလားပဲ"

"ရတာပ ရှစ်နာရီခွဲပြီပအေး၊ ကွာစို... ကွာစို"

ပဲ့ရိုတ်စက်လှေလေးပေါ်ရောက်သည်နှင့် ဦးလောယုံစက်နိုးပါပြီ၊ စက်သံက မှန်မှန်ရေဆန်ကို တက်ရင်း နှင်းက ဖွေ့ဖွေ့ဆောင်းလေ လက်ကျန် တဝေဝေ အေးလိုက်ပါဘိ၊ တော်ပါသေးသည် ရေစီးက



www.burmeseclassic.com

www.burmeseclassic.com



မသန်သည့်အတွက်မို့ မှန်မှန်လေးပြေးနေသော်လည်း ရေကိုခွဲသည့် အသံနှင့် စက်သံမှလွဲ၍ ဘာသံမျှမကြားရ၊ လှေဦးမှ တင်မြတ်ငြိမ်နေ၏။ မိုးကျော်အောင်ပုပြီး ထိုင်နေသော်လည်း သူ၏နောက်မှာတော့ မီးတဖွားဖွား ရဲကနဲ ရဲကနဲ ဖွာရှိုက်နေသော ဦးလောယုံတစ်ယောက်သာ လှုပ်ရှားနေပါသည်။

"ဆရာကျော်...ကျွန်းကြီးအရင်သွားမလား"

"အေး...ကိုကျော်မြ ဝင်ခေါ်မယ်"

"ဟုတ်ကဲ့"

မိုးကျော်အောင်အော်မေး၍ ကျွန်တော်ဖြေလိုက်သည့်အတွက် ဦးလောယုံသည် သူ၏ပဲ့ချိတ်စက်လှေကလေးအား ဧရာဝတီမြစ်ကြီးဘက် ဦးမလှည့်တော့ဘဲ မိုးလဲချောင်းအတိုင်း မံပင်ကျေးရွာဘက်ကပ်ပြီး ဆက်ခုတ်နေပါ၏။ စောစောက ရွှေကျေးနားဘုရားနှင့် စံပါရွာ အဆုံးသပ် တာပိန်မြစ်၏ အဝဖြစ်ပြီး တာပိန်မြစ်သည် ဤနေရာမှစ၍ ဧရာဝတီမြစ်ထဲသို့ စီးဝင်သော နေရာပင်ဖြစ်ပါ၏။

မံပင်ကျေးရွာ၊ ကျွန်းကြီးကျေးရွာတို့သည် ဧရာဝတီမြစ်ကြီး၏ ရင်ခွင်တွင်ရှိသော ကျွန်းကြီးဖြစ်၏။ ထိုကျွန်းရွာကြီးတွေသည် မိုးအခါသာလျှင် ဧရာဝတီ၏ ရင်ခွင်ဖြစ်သော်လည်း ဆောင်းနှင့် နွေကာလတွေရောက်ပါက ညာဘက်က မိုးလဲချောင်း၊ ဝဲဘက်မှာတော့ ဧရာဝတီမြစ်မင်းကြီး။ မိုးလဲချောင်းဝသည် ကျွန်းကြီးရွာထိပ်၊ သိန်းဖာတောင်နှင့်စီလာသတောင် နှစ်လုံးအကြားမှ စီးဆင်းပြီး ကျွန်းကြီးရွာထိပ် သိန်းဖာတောင်ဘက်တွင် မြစ်ဝဖြစ်ပြီး ရေစီးချောင်းမှာ ဧရာဝတီမြစ်ကြီးနှင့် ဆက်စပ်နေသော်လည်း မိုးလဲချောင်းရေများသည် အရှား



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် သိန်းဖာတောင်နှင့်ကျွန်းကြီး၊ မိုင်းကာ၊ မံပင်ရွာတွေ ဘေးမှ စီးဆင်းပြီး မံပင်ရွာမြီးရောက်မှတစ်ဖန် ဧရာဝတီမြစ်နှင့် တာပိန်မြစ်တို့ခြင်း မြစ်လည်ပေါင်းဆုံကြ၏။

ကျွန်းကြီးရွာဆိုသည့်အတိုင်း ဧရာဝတီမြစ်ကြီး၏ ပထမမြစ်ကျဉ်းမှ အထွက်တွင် မြစ်မင်း၏ ရင်ခွင်၌ ပထမဆုံး တွေ့ဆုံရသော ကျွန်းကြီးမြစ်သကဲ့သို့ ကျွန်းကြီးရွာသည် ဧရာဝတီမြစ်အား ဦးစွာပထမ ဦးတိုက်ထားသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။

ထိုကျွန်းကြီးရွာတွင် အိမ်ကြီးအိမ်ကောင်းများ တော်တော်များသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။ အိမ်ကြီးတွေ၏ အိမ်တိုင်တွေ ကြည့်ပါက လူတစ်ဖက်စာမျှကြီးမားသော ကျွန်းတိုင်ကြီးတွေနှင့် တည်ဆောက်ထားသော ရှမ်းဗမာအိမ်ကြီးတွေ၊ ရှမ်းဗမာပီပီ အိမ်အမြင့်ကြီးများ၊ မိုးအခါတစ်ရွာလုံး ရေနစ်၏။ အိမ်ပေါ်အထိ ရေထိရာမှ သုံးနှစ်တစ်ကြိမ် ရေကြီးတတ်ကြောင်းနှင့် ထိုသို့ရေကြီးပါက ကျွဲ၊ နွားများအား သိန်းဖာတောင်ပေါ်သို့ ပို့ထားရပြီး လူတွေမှာ အိမ်ကြီး၏အပေါ်တွင် ပစ္စည်းများတင်ရန်ထားသော ထပ်ခိုးသဘောမျိုးပေါ်သို့ တက်နေရ၏။ ထိုသို့တက်နေရာမှ ရေဆက်တက်ပါက အိမ်ခေါင်မိုးဖောက်ပြီး ခေါင်ပေါ်သို့ တက်ရသည်။ ကလေးတွေ၊ လူငယ်တွေအား လှေဖြင့် ဗန်းမော်သို့ ပို့ထားကြရ၏။

ဗန်းမော်မြို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ ဌာနဆိုင်ရာများမှလည်းအရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ပြီး မော်တော်တွေ၊ ပဲ့ချိတ်စက်လှေတွေ အစရှိသော စက်တပ်လှေများဖြင့် အိမ်ခေါင်မိုးပေါ်မှ လူတွေအား လက်ခံခေါ်ယူပြီး ဗန်းမော်မြို့ပေါ်ရှိကျောင်း၊ ဇရပ်တွေ

www.burmeseclassic.com



ပို့ထားပေးရသည်အထိ ရှိပါ၏။ ရေသည် မြို့ခံ၊ ရွာခံတွေပြောသည့် အတိုင်း သုံးနှစ်တစ်ကြိမ် ကြီးတတ်သည်ကိုလည်း တွက်ချက် မှတ်သား ရပါ၏။

ရှမ်းအိမ်တွေ၏ အမြင့်မှာ မြေကြီး၊ သဲမြေနှင့် အိမ်အမြင့်မှာ အနည်းဆုံး ရှစ်ပေ၊ ကိုးပေ၊ ဆယ်ပေခန့်ရှိ၏။ ထိုမှတစ်ဖန် ထပ်မိုးလုပ်ထားသည့်ငြမ်းစင်များမှာလည်း ငါးလံခြောက်ပေခန့်အထိ ရှိ၏။ ထိုထပ်မိုးငြမ်းစင်နှင့်အိမ်ခေါင်မှာ ရှစ်ပေခန့်မြင့်ပြန်၏။ ဤမျှပင် မြင့်ပါသော်လည်း မြစ်ရေတိုးပြီဆိုပါက ထိုပေနှစ်ဆယ်လောက်တော့ အပျော့ပင်။ တချို့အိမ်တွေ ရေကျသွားပါက သဲမြေသုံးလေးပေ ဖုံးသွားသလို ရေကြီးချိန်ဆိုပါလျှင်လည်း စုံးစုံးမြုပ်သည့်အထိ ရှိတတ်ပါ၏။

သို့အတွက်ကြောင့်လည်း အိမ်တိုင်ခိုင်ခိုင်မာမာ သစ်အလုံးလိုက်အား အခွန်အခေါက်တွေရှေ့ပြီး (အခွန်ရှေ့သက်မှာ ဓားထက်ထက်ဖြင့် အခေါက်များ အပြင်အသားအပွတွေ ခုတ်ဖယ်ပြီးအတွင်း အနှစ်သားအထိ ရောက်အောင်ခွာခြင်းကို ခေါ်ပါ၏)မှ တည်ဆောက်ကြခြင်းသာ ဖြစ်ပါ၏။ ကျွန်းဆိုသည်မှာ ရေနှင့်ထိလည်း မဆွေးပါ။ လူတစ်သက် မဟုတ်၊ နှစ်သက်သုံးသက် အေးအေးဆေးဆေး ခိုင်ခိုင်မာမာရှိသော သတ္တိတွေ ပြည့်စုံသည့်အတွက် ကျွန်းအိမ်ကြီးတွေ ဖြစ်ပါ၏။

ဦးလောယုံသည် ကျွန်းကြီးရွာအမြီးမှ ဆက်တက်ခဲ့ပြီး ကိုကျော်မြတို့၏ရေဆိပ်တွင် သူ၏ပဲ့ချိတ်ကလေး ဦးလှည့်ကပ်လိုက်သည်။ ကျွန်းကြီးရောက်တော့ ကိုးနာရီထိုးပြီးပြီ။ နှင်းလယ်နေသည့်အကြားမှနယ်မြေကျွမ်းသော ဦးလောယုံ၏ကျွမ်းကျင်မှုကြောင့် တစ်နာရီနီးပါးဖြင့်ရောက်ခဲ့ခြင်းပင်၊ ရေကြောင်းလည်းကျွမ်းရာ ရွာဘေးတွင် တည်ရှိသော အထင်

www.burmeseclassic.com



တွေ့ ရေထဲ လဲကျနေမှုတွေ၊ ဘယ်နားတွင် ဘာ ရှိသည်မှအစ သိထား၍ ချောချောမောမော ကျွန်းကြီးရေဆိပ် ကပ်လိုက်နိုင်ခြင်း ဖြစ်ပါ၏။

"ယော်..ကိုတင်မြတ်ကြီးပအေး"

"ဟုတ်တယ်ဗျို့...ကိုကျော်မြ၊ ချမ်းလိုက်တာဗျာ"

"ယော်...ကိုတင်မြတ်ကြိုက်တဲ့ ခင်ဖြူဖြူဝင်း အသင့်ပဲ၊ စီစဉ်ထားတာပ"

"ဆရာကျော်ရေ၊ အပေါ်တက်ဦးမလား"

"တင်မြတ်ရေ မတက်နဲ့တော့ကွာ"

"ကိုကျော်မြ"

"ဗျာ... ကိုတင်မြတ် ဘာလဲပအေး"

"ယူခဲ့ဗျာ၊ ဟဲ... ဟဲ... ဟဲ... ဟဲ"

"ယော်... ဆရာကျော် မတက်တော့ဘူးပအေး"

"ဟုတ်တယ် ကိုကျော်မြ၊ နှင်းကွဲစပြုနေပြီ၊ ဆက်ကြရအောင်ဗျာ"

"ယော်..ဒါဆို ခဏပအေး ကိုတင်မြတ်လာဗျာ"

"ဟုတ်ကဲ့ ... လာပြီဗျို့"

တင်မြတ်သည် ကုန်းပေါ်သို့ ပြေးတက်ပြီး ကိုကျော်မြနောက်လိုက်သွား၏။ စောစောကကိုကျော်မြပြောသည့် ခင်ဖြူဖြူဝင်း ဆိုသည်မှာ ကချင်အရက်ကို ဆိုလိုခြင်း ဖြစ်ပါ၏။ တင်မြတ်ကလည်း ကချင်အရက်ကို သူ့ဆရာ ကိုခင်မောင်တင့်ထံမှ အလွတ်ကျက်ထားခြင်းဖြစ်၏။ ကချင်အရက်သည် လူကိုခင်၏တဲ့၊ အရက်ကိုကြည့်ပါက ဖြူဖြူဝင်းဝင်း ကြည်လင်နေ၍ ခင်ဖြူဖြူဝင်းဟု ခေါ်ဝေါ်သုံးစွဲထားကြခြင်းပင်ဖြစ်ပါ၏။

+++++++++++++++++++++++++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြနှင့်အတူ တင်မြတ်ပြန်ဆင်းလာတော့ တင်မြတ်လက်ထဲဝယ် ငါးကြင်းကင်နှစ်ကောင်နှင့်အတူ ကချင်အရက်နှစ်လုံးပါလာပါ၏။ ငါးကြင်းကင်မှာ ကျွန်တော်ကြိုက်မှန်း သိသကဲ့သို့ အရက်နှင့်မြီးရန်အတွက် ရည်ရွယ်ထားခြင်းပင် ဖြစ်သည်။

သူတို့ဓလေ့ထုံးစံအတိုင်း အရက်ဖြင့် ဧည့်ခံခြင်းသည် ဘယ်တော့မှ မရိုးသော ခင်မင်မှုတစ်ခု။ ကျွန်တော်တို့ ပုံချိုက်ပေါ်တွင်ပင် ငါးကြင်းကင်နှင့် အရက်မြီးရင်း ပုံချိုက်ကလေး ကျွန်းကြီးရွာဦး အထက်သို့ ဆန်တက်ခဲ့ပါပြီ။ ရွာဦးမှ ကွေ့ပြီးနောက် မြစေတီဘက် ကူးကာ ခံမလင်းဘက် ပြန်စုန်ရန် ဖြစ်သည်။

ကိုကျော်မြမှာ ဒားတစ်ချောင်းထိုင်ပြီး ငါးကြင်းကင်အား ငှက်ပျောဖက်ပေါ်တင်ပြီး ကျွန်တော့အား အရက်ငှဲ့ပေး၏။ နောက်ငါးကြင်းကင် ဖဲ့နေသည်။ ကျွန်တော်လည်း အရက်ခွက်အား မသောက်သေးဘဲ ကျွန်တော့်နောက်မှာရှိသော မိုးကျော်အောင်မှ တဆင့် စက်မောင်းနေသော ဦးလောယုံအား ပေးလိုက်၏။ နောက်ငါးကြင်း တစ်ဖဲ့လည်း ဆေးလိုက်ပါ၏။

"ဆရာကျော်... ဟိုမှာ ဟင်္သာတွေ"

"အေးကွ တစ်အုပ်ကြီးပါလား"

"ယော်...မနက်ဖက် စောစော ဝါးလုံးရှည်ရှည်နဲ့ လိုက်ရိုက်ရင်တောင် တော်ရတာပအေး"

ကိုကျော်မြက ဝင်ပြောသည်။ ဟုတ်ပေသည်။ မနက်စောစော မြူခိုးတွေပိန်းပိတ်းပိတ်နေသည့်အတွက် သူတို့ရွာသားတွေ ထိုကဲ့သို့ ရိုက်သည်ကိုလည်း ယခင်ကပင် ကြားဖူးပါသည်။ ,



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်ကိုကဖြင့် ဟသ်ာကို ဘယ်တော့မှ မပစ်လိုတော့ပါ။ ဟသ်ာပစ်မိ၍ စိတ်မကောင်းဖြစ်ခဲ့ရသောကာလ တော်တော်လေး စံစားခဲ့ရပြီးပါပြီ။ သို့အတွက်ကြောင့် ဆုံးဖြတ်ချက်ချထားသည်မှာ ဒီတစ်သက် ဘယ်တော့မှ ဟသ်ာမပစ်တော့ဟူသော ဆုံးဖြတ်ချက်ကို ပြန်တွေးမိပြီး ကျွန်တော်သက်ပြင်းတစ်ချက် ချမိသည်ကို ဘယ်သူမှ မသိနိုင်ပါ။ စက်သံဆူညံနေ၍ပင် ဖြစ်ပါတော့သည်။

"ဆရာကျော်...ဆရာကျော်"

"ဘာလဲ တင်မြတ်"

"ဟိုမှာ... ဟိုမှာ တောင်နန်းကြီးတွေ အုပ်လိုက်ပါလား"

"အေးကွ...တောင်နန်းတွေဟာ အင်းထဲတွေမှာသာ တွေ့တတ်တာကွ၊ ဘာဖြစ်လို့ ဒီမှာရောက်နေကြပါလိမ့်"

"ယော်... ဆရာကျော်ပ၊ နှင်းသိပ်များလို့ အင်းတွေထဲ မရောက်ခင် နားတာဖြစ်မှာပအေး"

"ဪ..တစ်ထောက်နားတဲ့သဘောပေါ့"

"ဟုတ်တာပ"

ကိုကျော်မြပြောမှ သဘောပေါက်မိသည်။ ဒီကောင်ကြီးတွေ ဘယ်အချိန်က ထပျံလာလည်းမသိ။ သို့မဟုတ် ဒီတစ်ညလုံးအေးပြီး နှင်းကျ၍သောင်ပေါ်တွင် ဟသ်ာတွေနှင့်အတူအိပ်ကြသည်လား မသိတော့၊ တောင်နန်းကြီးတွေမှာ တစ်ကောင်လျှင် အနည်းဆုံးငါးပိသာအထက် ရှိပေမယ့် အလွန်ကြီးသော တောင်နန်းကြီးတွေ အုပ်လိုက်မပျံကြသေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်ခါက ရွှေကျေးနားကျေးရွာရှိ ကျော်ဆွေ၏ ယောက်ဖ ကိုကြီးမောင်သောင်း အင်းထဲသို့ ရောက်ဖူးသည်။ ထိုတောင်းကြီးဆယ်ကောင်ခန့်တွေ့ရပြီး ပစ်ခွင့် မကြုံလိုက်ပါ။ ပစ်ခွင့် မကြုံရသည်မှာ လက်ထဲတွင် သေနတ်မပါ၊ အင်းဖော်မည်ဆို၍ အပျော်လိုက်သွားခြင်းသာဖြစ်ပါ၏။ ဒီတုန်းက ကျွန်တော်လက်တွေယားနေ၏။ အားမတန်၍မာန်ကိုတော့ မလျှော့၊ နောက်ဆုံးအဆင့်သေနတ် မပါသော်လည်း လက်ကြီးသက်သက်ဖြင့် ချိန်ရွယ်မိသည်အထိတော့ လုပ်လိုက်မိပါ၏။

ကျွန်းကြီး၏ ထိပ်ရောက်ပြီးသည်နှင့် ဦးလောယုံသည် ပဲ့ချိတ်အား ရေဆန်သို့ ဦးခေါင်းတစ်စောင်းပြောင်းပြီး ရေဝတီမြစ်ကြီးအား စတင် ဖြတ်နေပါပြီ။ရေစီးကတော့ ပထမ မြစ်ကျင်းနှင့်နီးသေး၍ အစီးသန်နေ၏။ သို့အတွက် ပဲ့ချိတ်ကလေးမှာ တဟဲဟဲမည်ပြီး ရေစီးကိုအားနှင့်ဖြတ်ကူး နေရှာပါသည်။

ဆယ်နာရီပင်ထိုးတော့မည်။ မြစ်မင်း၏ရင်ခွင်ရေလယ်မှာ နှင်းအနည်းငယ် လယ်နေသေးသည့်အတွက် မံမလင်း မြစေတီဘက်သို့ပင် ကောင်းစွာမမြင်ရသေးပါ။ ကျွန်တော်တို့၏ ပဲ့ချိတ်ကလေးကျွန်းကိုပတ်နေစဉ်မှာပင် ကျွန်တော်တို့ခေါင်းပေါ်မှ ပျံတက်သွားသောတောင်န်းကြီးတွေ၏ ပျံသွားပုံမှာ လှလည်းလှ၏၊ မြန်လည်းမြန်ပါဘိ။ ကြည့်ကောင်းပြီး ခပ်ဝေးဝေးရောက်သွားသောအခါ ငွေဖျိုင်းဖြူနှင့်အတူ သူတို့၏ တောင်ပံတွေမှာ စွန်ရဲကြီးအလား၊ သိန်းငှက်ကြီးတွေအသွင် အတောင်ကားကား ခပ်စန့်စန့် ခပ်တန်းတန်းကြီးတွေ ဖြစ်ပြီး အတောင်လှုပ်ခတ်မှု မြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်နံကြီးတွေ ပျံတက်သွားပါပြီ။ ကျွန်းနီးသောင်စပ်မှာတော့ ရွှေဟသာမောင်နှံတို့ တောင်ပံ မယှက်သော်လည်း လည်ခြင်းယှက်ပြီး ချစ်ခွန်းတုံ့တင် ချစ်ကြိုးတွေ ရစ်ပတ်ရှိုင်ငင်နေကြသည်လား။ တစ်တွဲမှာ နှစ်ကောင်၊ နှစ်ကောင်တစ်တွဲ မောင်နှင့်မယ် တွဲဖက်ကြည်နူး ချစ်ရည်လူးနေကြဆဲပင်။

မှဲ့ရှိတ်ကလေး ရေလယ်ရောက်သည်တွင် ကျွန်းကြီးကျေးရွာနှင့် ကျွန်းဦးသောင်စပ်၊ ဟသာမောင်နှံတို့၏ အရပ်ဒေသသို့လည်း မမြင်ရတော့ပါ။ တစ်ဖက် မြစေဟီလည်း မတွေ့ရ မံမလင်းရွာကြီးကိုလည်း မမြင်ရတော့ မှိုင်းမှိုင်းညိုပြာ မြစ်ရေရာ၏ ရင်ခွင်မြုနှင်းတွေအား ဖြတ်ကျော်ထိုး ဖောက်နေရခြင်းပင်ဖြစ်ပါပြီ။

ထိုသို့သော နှင်းလယ်မှ မြစ်ပြင်အလယ်ကို ထိုးဖောက်လိုက်ပြီးသည်နှင့် ကျွန်းကြီးရွာဦးသို့ တဲ့တဲ့မတ်တတ်ကြီး ဘွားကနဲပေါ်လာပါပြီ၊ ပွဲရှိတ်စက်မောင်းသူ ဦးလောယုံ၏ အတွေးအခေါ်အဆုံးအဖြတ်နှင့်အတူ ကျွမ်းကျင်သော ပွဲကိုင်တစ်ဦးဖြစ်ကြောင်း လက်တွေ့ ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

"ဦးလောယုံ ရွာလယ်က ကျန်မောင်တို့ရေဆိပ်ကိုသွားမယ်"

"ယော်... ကျန်မောင်တော့မသိ၊ သူ့အဖေ ကိုအိုက်ထွန်းပဲ သိတာပအေး"

"ဟာ...ဦးလောယုံကြီးကတော့ နောက်နေပြီ၊ ဒါဆိုလည်း ဦးအိုက်ထွန်းတို့ ရေဆိပ်ဗျို့"

"ကောင်းပြီးပအေး... ယော်...ဟိုမှာ ကျန်မောင်ရဲ့အဖေ ကိုအိုက်ထွန်း ကြီးပအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား... ဟား"

မိုးကျော်အောင်နှင့်ဦးလောယုံတို့ နောက်ပြောင်နေကြ၏။ ဦးလောယုံသည် သာမန် ပွဲချိတ်ပိုင်ရှင်မဟုတ်၊ တပ်နှင့်ကင်းလှည့်၏။ ရဲတပ်ဖွဲ့နှင့်လူဆိုးဖမ်းသွားဖူး၏။ သစ်ခိုးဖမ်းရာတွင်လည်း ချောင်းကြို၊ ချောင်းကြားမသွားဘူးသည့်မရှိအောင် နှံ့စပ်၏။

ပွဲချိတ်စက်သံလေး အရှိန်လျော့သွားသလို ရေစုံမျှောလာခဲ့ရာမှ ဦးခေါင်းပြန်လှည့်ပြီး ရေဆန်သို့ခေါင်းပြုပြီးနောက် ဦးအိုက်ထွန်း ခြံရေဆိပ်သို့ကပ်ပါပြီ။ တင်မြတ် ကုန်းပေါ်သို့ ခုန်တက်ပြီး ပွဲချိတ်စက်လှေကလေး၏ ကြိုးကိုဆွဲယူပြီးသည်နှင့်တိုင်တွင် ချိန္နောင်လိုက်စဉ် မှာပင် မျက်စေ့မွဲသော ကျန်မောင်၏ ဘခင်ဦးအိုက်ထွန်းမှ သေသေချာချာကြည့်ပြီး...

"ယော်...ဘယ်သူတွေပ"

"လေးလေးအိုက်ထွန်း၊ ကျွန်တော့်တို့ပါ"

"ယော်...ဘယ်သူ"

"တင်မြတ်ပါ၊ ကျန်မောင်သူငယ်ချင်း ဗန်းမော်ကလေ"

"ယော်... စိတ်မရှိတာပ...ခွင့်လွှတ်ပ... ဆရာလေးပ"

"ဟုတ်ကဲ့...ကျွန်တော်ကတုံး(ခေါင်းတုံး) မတုံးရသေးဘူး လေးလေးရဲ့"

"ဟား... ဟား... ဟား... ဟား၊ သီလရှင် မဝတ်ရသေးဘူး"

"ယော်... ဆရာလေးကနောက်တာပ"

"စိတ်မရှိနဲ့နော်၊ ဆရာကျော်လည်း ပါတယ်"

"ယော်....အိမ်ပေါ်တက်ကြတာပ၊ ဖြည်းဖြည်းပအေး"



www.burmeseclassic.com

www.burmeseclassic.com



"လေးအိုက်ထွန်း နေကောင်းတယ်နော်"

"ယော် ဆရာကျော် နေကောင်းတာပ၊ ကျင်ဖေတို့အိမ်သွားကြမှာဝ"

"ဟုတ်ပါတယ်လေးလေး"

အသက်ကြီး၍ မျက်စေ့လျှင်မွဲ၊ နားလည်းမွဲရှာသော ဦးအိုက်ထွန်း၏ လက်မောင်းအားဆုပ်ကိုင် နှုတ်ဆက်ပြီးနောက် ကျွန်တော်တို့အားလုံး ကိုကျင်ဖေ နေအိမ်ဘက်သို့ ထွက်ခဲ့ကြပါသည်။

မံမလင်းရွာရောက်တော့ ဆယ့်တစ်နာရီ ထိုးတော့မည်။ ကိုကျင်ဖေအိမ်သို့ မရောက်ခင်မှာပင် ကျန်မောင်လေးနှင့် လမ်းမပေါ်ဝယ် တွေ့လိုက်ရပါသည်။ ထိုတွေ့ဆုံမှုသည် တင်မြတ်အတွက် ဒုတိယအကြိမ်ညှိခံပွဲလေး သတင်းကို ကြားလိုက်မိခြင်းပင်။

"ယော်...ကိုတင်မြတ်ကြီးပအေး"

"အေး... မင်းကို ရှာနေတာကွ"

"ဒီမှာပအေး"

"ဟာ...ဘာလုပ်ဖို့လဲကွ"

"ယော်...အရက်ကြည့်ပြီး ဘာလုပ်ဖို့လဲလို့မေးတာ အံ့တာပအေး၊ သောက်ဖို့လေ... သောက်ဖို့ပအေး"

"ဘယ်မှာ သောက်မှာလဲကွ"

"ယော်...ကိုကျင်ဖေတို့အိမ်မှာပအေး"

"အေး...တို့လည်း အဲဒီ သွားမလို့၊ ကိုကျင်ဖေရှိတယ် မဟုတ်လား၊ ဘာလုပ်နေလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပ၊ ဟောဒီရွာမြီးက ဒေါ်လေးအောင်တို့ အိမ်မှာအရက်ရောက်တယ်ဆိုတာနဲ့ ကောင်းမကောင်းမြည်းရအောင် ယူကြည့်ခဲ့တာပ"

"ကိုကျင်ဖေ သိလား"

"ယော်... သိတာပ၊ သူ ယူခိုင်းတာပအေး"

"ဘာ အမြည်းရှိလဲ"

"ကြက်ကြော်ထားတာပ၊ ယော်...ဟို"

"ဘာတုန်းဟ"

"ဆတ်သားခြောက်လည်း မီးဖုတ်နေတာပအေး၊ ပွဲကြီးပွဲကောင်းပ"

"တို့လာမှာသိလို့လား"

"ယော်... ဘယ်သိမှာပအေး၊ ကျုပ်တော်တို့ ပွဲစကြမလို့ပ"

"တောက်... အရမ်းကောင်းတာပဲ ညီလေးရ"

★★★



www.burmeseclassic.com

www.burmeseclassic.com



## နှစ်

"ကိုကျင်ဖေ ကျွန်တော်တို့ သုံးလေးရက်လောက် တောလယ်မလို့လာခဲ့တာ"

"ယော်... ဆရာကျော်အရင် ပြောဘူးတာပအေး၊ ဝမ်းသာတာပ"

"ခင်ဗျားအားရဲ့လား"

"ယော်...မေးတတ်ပ၊ ကျင်ဖေတို့ အမြဲ အားပအေး၊ မြို့ကဘယ်သူတွေလာမလဲဆိုတာ စောင့်နေတာပ"

"ဒီတစ်ခါ ဆတ်ပဲ ပစ်မယ်ဗျာ"

"အင်း... ဆတ်ပစ်မယ်ဆိုရင် ဝါးဖြူတောင်မြောက်ဘက်က ဘကြီးညိုအင်းဆောင်းဆို ကောင်းတာပ ကျင်ဖေ"

ထီးလင်းရွာသား သစ်လုပ်လိုက်၊ အင်းလုပ်လိုက်နှင့် နာမည်ကြီးသောဦးအိုက်ကျောက်ပန်ဆိုသည့် အသက်ငါးဆယ်ခန့် လူသွားကြီးမှ ဝင်ရောက်ပြောပြလာပါသည်။

မြက်မြက်သော

www.burmeseclassic.com



ကျွန်တော်တို့ ဝါးဖြူတောင်ခြေမှ တောင်အလယ်လောက်အထိ တောပစ်ခဲ့ဖူးပါသည်။ ဘကြီးညိုအင်းစောင်းတော့ မရောက်ဘူး၊ မသွားဘူးပါ၊ အမှန်ပင်ပြောရပါက ဒီနယ်တစ်ဝိုက် အခေါက်ခေါက် အခါခါ တောပစ်၊ တောမောင်း ချောင်းမြောင်းခဲ့ပေါင်းများပါပြီ။ ထီးလင်းတောဆို မကြာမကြာသားကောင်ရှာခဲ့ဖူးသော်လည်း ဘကြီးညို အင်းစောင်းဆိုတာတော့ မကြားဘူးပါ။ မရောက်ဘူးပါ၊ အင်းစောင်းဆိုတော့ မြေပြန့်၊ မြေပြန့်ဆိုပါက ဆတ်ရနိုင်ကြောင်း တွေးမိပြီး သဘောကျမိစဉ်...

"ယော်... ဘကျောက်ပအေး...ဘကြီးညိုအင်းစောင်းဆိုတော့ ဖြစ်ပမလားအေး"

"ယော်...ဘာဖြစ်ပမလားပအေး"

ဦးအိုက်ကျောက်ပန်စကားကို ခွေးပုက ဝင်ပြောလိုက်သောအခါ ဦးအိုက်ကျောက်ပန် ဆိုသည့်လူထွားကြီးသည် လူပုလေး ကိုခွေးပုအား မျက်ထောင့်နီကြီးနှင့် မျက်ခုံးကြီးတွေကုတ်ပြီး မကျေမချမ်း ပြောလာပါ၏။ သူတို့နှစ်ယောက်အား ကျွန်တော်တို့ ကြည့်နေသလို တင်မြတ်က သဘောကျနေ၏။

တင်မြတ်မပြောနှင့်၊ ကျွန်တော်လည်း သဘောကျမိ၏။ အကြောင်းမှာ ဦးအိုက်ကျောက်ပန်မှာ ကျွန်တော်တို့အထဲတွင် သူနှင့်ယှဉ်၍မရပါ။ လူဘီလူးကြီးပမာ၊ အသားဖြူ၍ ရုပ်သင့်သောကြောင့်သာ၊ အင်မတန်ထွားကြိုင်းပြီး အလွန်သန်မာသည့်အသွင်၊ ငယ်ငယ်ကလည်း အခင်းလုပ်သား သာမက သစ်ခွဲသမား၊ လွှဆွဲသမားဘဝ ကြမ်းကြမ်းတမ်းတမ်း ဘဝလမ်းမှ ထိုးထွက်လာသူ။ သူ၏ဖခင်လည်း ထိုနည်းတူပင် ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းပင် သူနှင့်အပြိုင် စကားပြောနေသော ခွေးပုမှာ တစ်ရွာတည်းသား ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်၊ ခွေးပု၏အဖေ ဦးလောပန်နှင့် ကိုအိုက်ကျောက်ပန် အဖေ ဦးလောအိုက်တို့သည် ညီအစ်ကိုတစ်ဝမ်းကွဲ လူသန်ကြီးတွေ။ ခွေးပုမှာတော့ မွေးကတည်းက လူပုလေး၊ ပုပေမယ့် ကိုယ်ခန္ဓာမှာ အပြစ်အနာအဆာမရှိ ပိန်ပိန်သွယ်သွယ် ဖြစ်၍ လူငယ်လေးတစ်ယောက် ထင်ရ၏။ သူ၏အရပ်အမောင်းမှာ သုံးပေနှင့်ငါးလက်မသာ ရှိကြောင်း သိရသော်လည်း အပြေးလျှင်မြန်ပြီး သန်မာသော လူပုလေး။

သူတို့နှစ်ယောက် ငြင်းခုံနေပုံမှာ လူဘီလူးနှင့်လက်မတို ပုံ သဏ္ဌာန်။ ခွေးပုအသက်က နှစ်ဆယ့်ခုနစ်နှစ်၊ ကိုအိုက်ကျောက်ပန်အား ရွာထဲက လူငယ်တွေခေါ်သလို ဘကျောက်ဘကျောက် နှင့်ခေါ်သော်လည်း အစ်ကိုနှစ်ဝမ်းကွဲဖြစ်ပြီး အသက်ကတော့ ထက်ဝက်လောက်ကွာ ပါသည်။

"ယော်...ခွေးပုပ"

"ကိုကျင်ဖေပ"

"ဆရာကျော်တို့ အကြောင်း မင်းသိတာပအေး၊ ဘာအခက် အခဲမှ မကြောက်ပ၊ ထည့်တွက်မနေနဲ့"

"ယော်...ကိုကျင်ဖေပအေး၊ ခွေးပုတို့ဘာမှမကြောက်၊ နေရာ တကာ ရောက်တာပ၊ ခွေးပုသွားတာ တစ်ယောက်ထဲပအေး၊ ဓားတစ် လက်၊ လောက်လေးခွတစ်လက်ပဲပါတာပ"

"အောင်မာ ခွေးတွေခေါ်သွားတာကြတော့မပြောပ"

"ဘကျောက်ကလည်းဆို ငါ့နှာမည်က ခွေးပုကွ၊ ခွေးပါနေ တာပအေး"

"ဟား... ဟား... ဟား... ဟား..."



www.burmeseclassic.com

www.burmeseclassic.com



အကင်းပါးသော မိုးကျော်အောင်သည် ကျွန်တော့်အား လှမ်းကြည့်လိုက်၏။ ကျွန်တော်သိလိုက်ပါသည်။ တင်မြတ်အား ကျွန်တော်မှ စိုက်ကြည့်သည်ကိုလည်း တင်မြတ်သဘောပေါက်ပြီး မသိမသာ ခေါင်းညိတ်လိုက်သည်။ သူတို့ဘာဆက်ပြောမလဲ စောင့်ကြည့်နေ့စဉ် သူတို့တစ်တွေစကားဆက်မလာ။ အရက်ဝိုင်းလေးကတော့ စည်ကားမြဲ ကျွန်တော် အရက်ပုလင်းတွေကြည့်လိုက်သည်တွင် ငါးလုံးကုန်၍ နောက်တစ်လုံး ဖောက်နေပါပြီ။

"ကိုကျင်ဖေ...ကျွန်တော်တို့ ဘယ်အချိန်ထွက်ကြမလဲ"

"ယော်...ထမင်းစားပြီး ထွက်တာပအေး"

"ကျင်ဖေပအေး၊ ဘကြီးညိုအင်းစောင်းရောက်မှ ညစာချက်တာပအေး"

"ယော်... ဒီက ယူသွားမှာပ၊ ထုပ်ယူသွားမှာပအေး"

"ဒါလည်း ကောင်းတာပအေး"

ကိုအိုက်ကျော့ကပ်ပန်မှာ အင်မဝဝါန်မှ တက်ကြွနေ၏။ ကျွန်တော်တို့နှင့်တစ်ခါမျှ မတွေ့မကြုံဘူးသူ တစ်ယောက်ပ၊ ဘာဖြစ်၍ဒီလောက်တက်ကြွနေသနည်းဟု တွေးနေစဉ်ဦးစွာ ပြောလာသည့် စကားကြောင့် ကျွန်တော်တို့အတွေးတွေ သံသယတွေ ပျောက်ခဲ့ရပါပြီ။

"ယော်...ဆရာကြီးတို့ပ၊ ခွေးပု အမြဲပြောတာပ၊ ကျင်ဖေလည်း ပြောတာပအေး ဆရာကြီးတို့တောပစ်တာ အလွန်အားရစရာကောင်းပြီး လက်လည်းဖြောင့်သည့်အတွက်ပအေး၊ ကျွန်တော်က လက်တွေ့သမားပ၊ အပြောမဟုတ် လက်တွေ့ တွေ့ချင်နေတာ ကြာပြီပအေး"

"ကျွန်တော်တို့ကို တွေ့ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ယော်… တွေ့ချင်တာပ၊ တောလယ်ချင်တာပ၊ ကျွန်တော်က တောဝက်ကြီးတစ်ကောင်လောက် တစ်ယောက်ထဲ ထမ်းချင်နေတာပ အေး"

"ဩော်… ဟုတ်လား"

"ရှိသေးတာပအေး…ကျွန်တော်ငယ်ငယ်ကပ၊ အဘ(အဖေ)နဲ့ အတူတူလှေထွင်းဖို့ ကျွန်းရှာတာပအေး (ဒေသအခေါ် ကျွန်းပင်အလုံး လိုက် ထွင်းသော ပိန်းကော(အောက်ဒေသအခေါ်)လှေအား လှေဟု ခေါ်ကြပြီး အောက်ဒေသအခေါ် သစ်နှင့်စပ်သောလှေအား သူတို့ဒေ သအခေါ် သမ္ဗန်လှေဟုခေါ်ကြသည်။)ယော်…ဒီတုန်းက ကျွန်တော့် အသက်က ဆယ့်ခြောက်နှစ်အရွယ်ပအေး"

ဦးလောက်အိုက်နှင့်သားဖြစ်သူ လူပျိုပေါက် အိုက်ကျောက်ပန် တို့သည် ခွန်တစ်လက်၊ ထမင်းထုပ်၊ ရေဘူးတို့ဖြင့် ဝါးဖြူတောင်ပေါ်သို့ တက်ခဲ့ကြသည်။ ပိန်းကောလှေထွင်းရန် ကျွန်းအပင်ကောင်းကောင်း ရွေးခုတ်ရန်ဖြစ်ပြီး ထိုကျွန်းပင်အား တောင်စောင်းအတိုင်း လိမ့်ချမည် ဟုတွေးကာ တက်ကြ၏။

ထိုအချိန်မှာ ယခုကျွန်တော်တို့နှင့် တွေ့ဆုံသည့် ၁၉၆၄ခုနှစ် မတိုင်မီ လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က ဖြစ်ပါသည်။ ထိုအချိန် ထို ကာလဝယ် ကချင်ပြည်နယ်ရှိ တောတောင်များအတွင်း ယခုကဲ့သို့သစ် ခုတ်ကြ၏။ ရောင်းစားရန်မလို အိမ်၊ ခြံအခင်းနှင့် လိုအပ်သော သုံး အဆောင်အတွက် ခုတ်ယူကြသည်မှယွဲ၍ လောဘ မရှိကြ[illegible]ပွားဖြစ် မလုပ်နိုင်ကြ၊ ဖမ်းဆီးခြင်းသည်လည်း ထိထိရောက်ရောက် မချုပ်၊

www.burmeseclassic.com



မဖမ်းကြပါ။ သို့အတွက် လိုရင်းခုငါ၊ မလိုလျှင် မစုတ်ဖြစ်ကြ၍ တောမ ပြုန်းတောင်ကတုံး (ခေါင်းတုံး) မဖြစ်၊ ရှင်သန်နေသော တောနက်ကြီး များ ပင်ဖြစ်ပါသည်။

"ရော်...အဘ၊ ကျွန်တော်ရှေ့ကသွားမှာပအေး"

"ရော် တော်မကျွမ်းဘဲ လမ်းမသိဘဲ ရှေ့ကသွားချင်တာပ၊ တော် ကြာကျားနဲ့တွေ့မှ ဒုက္ခပအေး"

"ရော် အဘ..အတာပအေး၊ အဘနဲ့ဘုန်းဘုန်းသင်ပေးတဲ့ သိုင်း ပညာ ဘာလုပ်ရမှာပ"

"ရော်..ပြောလေခက်လေပ၊ နင်ဘာအတွေ့အကြုံ ရှိတာပ"

"မတွေ့သေးတာပ၊ တွေ့လို့ကတော့ ဘုန်းဘုန်းပြောသလို ကျားအမြီးဆွဲပြီး ကိုင်ပေါက်မှာပအေး ဟား... ဟား... ဟား... ဟား"

"ရော်... ပြောလေ ကဲလေပလားအေး၊ ခက်တာပ၊ ဒီမှာနတ်ကြမ်း တာပ၊ နတ်ကျားနဲ့တွေ့ရင် တော်တော်... တော်တော့"

"အဘ"

"ရော်...ဘာလဲပ"

"ဘုန်းဘုန်း ပြောတာပ၊ သူ ငယ်ငယ်က သိုင်းသင်ပြီးတာနဲ့ ဆရာကြီးနဲ့အတူ ကျားရှာထွက်ရတာပအေး၊ ခြေလုံရတာပ၊ နေ့ခါ ကျားတွေက ကိုင်းတောအစပ်တို့ ဝါးရုံအောက်တို့မှာ အိပ်တယ်ပြော တာပ"

"အဲဒီလို အိပ်နေတာတွေ့ရင် ကျားမြီးဆွဲရတာပတဲ့အေး၊ ထိုင်း လန့်ပြီး ခုန်အုပ်ရင် ကျားနဲ့ရင်ဆိုင်တိုက်လို့ နိုင်မှ သိုင်းဆရာတဲ့ ... ပလို့ ပြောတာပ"



www.burmeseclassic.com

www.burmeseclassic.com



"ရော်...ဒါတင်ဘယ်ကမလဲ အစိုင်းရဲ့၊ အဲဒီသိုင်းသမားဟာ သစ်ပင်ပေါ်တက်ရတယ်၊ သစ်ပင်ပေါ်တက်ပြီး အပင်ကြီးကထွက်နေတဲ့ အကိုင်း ကြီးကြီးပေါ်ခွထိုင်တာပအေး၊ ထိုင်ပြီးမှ အပင်ပင်လှည့်ပြီး အကိုင်းကို ခုတ်ရတာပ"

"ရော်...ဘယ်လိုခုတ်တာပ"

"အင်း... လူက အကိုင်းအဖျားကို ကျောပေးပြီး အကိုင်းကို ခွထားရတာပအေး၊ အပင်ဘက်မှာ ကျန်ခဲ့တဲ့အကိုင်းကို ခုတ်ဖြတ်ရတာပ"

"ရော်...မလွယ်ပအေး"

"အေး...ခုတ်ရင်း အကိုင်းကျိုးပြတ်ကျတဲ့အခါ လူကလည်း အကိုင်းနဲ့အတူ ကျတာပ"

"ရော်...အဲဒီအကိုင်းက တော်တော်မြင့်လားအဘ"

"ရော်...မြင့်တာပအေး...အနည်းဆုံးဆယ့်ငါးပေ၊ ပေနှစ်ဆယ် ထက်မနိမ့်ပ"

"ရော်...ဒါဆို သေမှာပအေး"

"ရော်...သေရင် သိုင်းဆရာ ဘယ်ဖြစ်မှာပအေး၊ အကိုင်းနဲ့အတူ ကျတဲ့အခါ ကြောင်ကျ ကျရတာပ၊ ခွေးကျကျလို့ကတော့ သေပအေး"

"အဲဒီတော့"

"ရော်...ပြောပြီးပြီပအေး၊ ကြောင်ကျတာပ၊ ထိခိုက်ဒဏ်ရာ အရပဲ၊ ဒါမှ ဆရာဖြစ်တာပအေး"

"အဘကော ကျားမြီးဆွဲဘူးလာ"

"ရော်...အစိုင်းပ ဒီဘက်နယ်မှာတော့ ဒီလောက်မလို၊ သိုင်း ပညာ ဆိုတာ ကိုယ်ခံပညာပ"



www.burmeseclassic.com

www.burmeseclassic.com



"ရော်....ကိုယ်ခံရမှာတော့ မကောင်းပ"

"ရော်...အတာပအေး၊ အစိုင်း တော်တော် အ၊ ကိုယ်ခံဆိုတာ ထိုယ့်ကိုလာပြီး စော်ကားရင် မခံရအောင် ရှောင်နိုင်တိမ်းနိုင်ပ၊ ရှောင်တိမ်းမရရင်ပြန်ချ၊ အနိုင်ရကိုရစေမယ့် ပညာပအေး...မှတ်ထားပ"

"အင်း...ဒီပညာတတ်တဲ့သူဟာ စိတ်ထားပိုပြီး ဖြူစင်ရတာပ၊ မတရားမစော်ကားရ၊ မမောက်ရဘူး၊ မမာရဘူးပအေး၊ သည်းခံရမှာပ၊ နောက်ပြီး ပညာရဲ့တန်ဘိုးကို အမြဲလေးစားပြီး ဘယ်သူ့ကိုမှ မစော်ကားရဘူးဆိုတာ မှတ်ထား၊ အမြဲလေ့ကျင့်ရမှာပ မမေ့မလျော့အောင်ပ"

"အဘကတော့ ပျင်းတာပ"

"ရော်...ဘာပြောတာပ"

"ရော်... တစ်ခါမှလည်း မလေ့ကျင့်ပအေး"

"ရော်... ခက်တာပအေး၊ အစိုင်းကို ပညာသင်ပေးတာ အဘလေ့ကျင့်တာပအေး"

သားအဖနှစ်ယောက် စကားတပြောပြောနှင့် တောလမ်းအတိုင်း တောင်ပေါ်သို့ တက်ခဲ့ကြသည်။ တောင်ကြီးကား မြင့်မားပါ သော်လည်း မတ်စောက်သောတောင်ကြီးတော့ မဟုတ်ပါ။ ပြေပြေ ပြစ်ပြစ် တက်နေရာမှ ဝဲဘက်သို့ကွေ့လိုက်ရသည်။

အကြောင်းမှာ အောက်သို့လိမ့်ကျမည့်အသွင် ဆယ်ငါးပေခန့် ကျောက်တုံးကြီးတစ်လုံးမှာ ကာဆီးထားသည့်အတွက် ထိုကျောက်တုံးကြီးအားကွေ့ပြီးမှ တစ်ဖန် ပြန်၍အတက် ဦးလောက်အိုက်သည် ရှေ့မှသွားနေသကဲ့သို့ သားဖြစ်သူအား ဦးလောက်အိုက်မှ ချစ်၍ အစိုင်း ဟုခေါ်သော အိုက်ကျောက်ပန်သည် နောက်မှာ ကပ်ပါလာစဉ်...

www.burmeseclassic.com



"ရော်...အစိုင်း"

"ရော်...အဘ"

ကျားကြီးတစ်ကောင်သည် တောင်အောက်သို့ ရေသောက်ဆင်းသည်လား၊ သို့မဟုတ် အိပ်စက်ရန်အတွက် တောင်ခြေရှိဝါးတောဘက်သွားမည်မသိ ကျားကြီးကအဆင်း၊ သားအဖနှစ်ယောက်က အတက်၊ တည့်တည့်ကြီး ရင်ဆိုင်တိုးလိုက်သည်တွင် ကျား ကြီးမှာလည်း လန့်ကာ သူရောက်နေသည့် ကျောက်တုံးကြီးဘေး လမ်းအား ပိတ်ပြီး ဝပ်လိုက်၏။ သူ၏နားနှစ်ဖက်မှာနောက်သို့ တွန်းကပ်သွားပြီး နှုတ်ခမ်းမွေးတွေလည်းတကားကား၊ ပါးစပ်ကြီးဟပြီး သွားများ အစွယ်များ ဖွေးဖွေးမာန်ဖီပြီးနောက် တိုက်ကွက်ရှာနေပုံရသည်။

ကျားကြီး၏အမြီးမှာ မြေနှင့်တဖုတ်ဖုတ် ရိုက်ရင်း ခုန်အုပ်ရန်ဖြစ်သော်လည်း လူကနှစ်ယောက်ဖြစ်၍ သူ အပိုင်ကိုက်လိုသော ရှေ့လူကိုပဲ မဲနေသလားမသိ။ မာန်ဖီပုံမှာ အားအင်အပြည့်ဖြစ်၍ မျက်လုံးတွေမှာ စူးစူးရှရှ ဝိုင်းဝိုင်းစက်စက် ရက်စက်တော့မည့်အသွင် မလှုပ်မယှက် နေရာယူထားပြီးသား။

"ရော်...တောစောင့် တောင်စောင့်ကြီးတို့ပအေး၊ နတ်ကျားကြီးအား ဖယ်ရှားပေးပအေး၊ ကျွန်တော်တို့ ရန်မမူပ၊ ကြောက်တာပ၊ နတ်ကျားကြီး ရန် မလုပ်ပါနဲ့ပအေး"

"ရော်...အဘ..အဘ ဘာတွေပြောနေတာပ၊ ကျားဆိုတာနတ်ကျားမှ မဟုတ်တာပ"

"ရော်...အစိုင်း ဘာသိ၊ ဒါနတ်ကျားဖြစ်မှာပ"



www.burmeseclassic.com

www.burmeseclassic.com



"ရော်...ခက်တာပ၊ သွားမကန်တော့နဲ့ပအေး တော်တော်ကြာ ခုန်အုပ်နေမှ မရှောင်သာဘဲ ဖြစ်နေမှာပအေး"

"ရော်...သား အစိုင်း ဘာတွေပြောတာပ မပြောကောင်း"

"ရော်....အဘ"

"ဝုန်း..."

"ရော်...အစိုင်း ရှောင်... ရှောင်လိုက်"

သားအဖနှစ်ယောက် နတ်ကျားဟု ပြောဆိုငြင်းခုံနေစဉ် ကျားကြီးသည် အပေါ်စီးမှ ခုန်အုပ်လိုက်ပါပြီ။ သို့သော် ဦးလောက်အိုက်မှာ ဘေးသို့အရှောင် သားဖြစ်သူ အိုက်ကျောက်ပန်သည် ဘုန်းဘုန်းမှာ ကြားချက်အတိုင်း ရှေ့သို့တစ်လှမ်းတိုးပြီး ဓားနှင့်ဝမ်းဗိုက်အား ချိန်ရွယ်ပြီး ပြေးအဝင်။

ဦးလောက်အိုက်မှာ သားကို ထိမှာစိုးပြီး ဘေးသို့တစ်ကွက်တိမ်းပြီး ညာခြေဖြင့် ကျားကြီးရင်ညွန့်သို့ ပင့်အကန် သားဖြစ်သူ အိုက်ကျောက်ပန်မှာ ပြေးအတက် ခြေထောက်နှင့်ကျန်သော သူ့အဘနှင့်ဝင်တိုက်ပြီး အိုက်ကျောက်ပန်မှာ ကျားရှေ့မှောက်ရက်လဲသွား၍ တုသိုလ်ဆိုးပြီလို့ ထင်လိုက်၏။ သို့သော် ကျားကြီး၏ဒေါသနှင့် အပေါ်စီးအမြင့်ပေါ်မှ ချိန်သားကိုက်ခုန်အုပ်စဉ် ဦးလောက်အိုက်မှ ဘေးသို့ ကပ်လိုက်ပြီး သားဖြစ်သူ အိုက်ကျောက်ပန်နှင့် တိုက်မိကာ အိုက်ကျောက်ပန်လဲသွားသည်ကို သတိရပြီး သူ့လက်ထဲတွင် ရှိနေသော ခွန်ဖြင့် ပစ်ပေါက်လိုက်၏။

ကျားကြီး၏ အရှိန်သည် မတ်တပ်ရပ်နေသော အိုက်ကျောက်ပန်၏ မျက်နှာတည့်တည့် ဖြစ်ပါသော်လည်း အိုက်ကျောက်ပန်မှာပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်ခါစ သွေးကြွနေပြီး သူ၏အဘ (အဖေ)နှင့် ဘုန်းတော်ကြီး၏စကားကို ကြားယောင်ပြီး ရှေ့တစ်လှမ်းတိုးခိုက် ဖခင်ခြေနှင့် တိုက်မိပြီး လဲအကျ၊ ကျားကြီးမှာ ချိန်သားကို အရှိန်လွန်ပြီးနောက် ဦးလေးကာ်အိုက်၏ ခွန်နှင့်လည်းထိခါ အထိနာပြီး...

"ဝေါင်း"

"ဝုန်း"

"ဘုန်း"

"ဝေါင်း... ဝေါင်း... ဝေါင်း"

အော်သံထိသံ၊ လဲသံတွေ နောက်ထပ်နာကျင်သံတွေဆင့်ပြီး ကျားကြီးသည် တောင်ဆောင်းဘက်သို့ ဘေးတိုက်လဲပြိုကျသွားပြီး အားယူကုန်းထပါသော်လည်း ခွန်၏ထက်မြက်နေသော အသွားနှင့် သာထိပါက တစ်ချက်ထဲ သေသွားနိုင်သော်လည်း ခွန်၏အနောင့်ဖြင့် နံရိုးဘေးအား ဆိတ်ထိမိမိ ခံလိုက်ရသဖြင့် နှစ်ပတ်သုံးပတ် လဲပြိုကျရင်း ရုန်းကန်ထပါလျက် နာကျင်မှုဝေဒနာကြောင့် အသံကုန် ဆင့်ကာ ဆင့်ကာ အော်ရင်း နောက်ထပ်တစ်ပတ်လိမ့်ကျသွားရာ ဦးလောက်အိုက်တို့သားအဖနှစ်ယောက်မှာ ကျားကြီးအား ကြည့်ရင်းအသင့်စောင့်နေလိုက်သည်။

ကျားကြီးသည် နာကျင်လွန်းသော ဝေဒနာကို ခံစားရပြီးနောက် ဘေးတစ်စောင်းကြီး ထလိုက်သော်လည်း နာလွန်း၍ ခါးကြီးစောင်းရင်း အောက်ဘက်သို့ ကြောက်ကြောက်လန့်လန့်ဖြင့် ဆင်းသွားပါပြီ။

"ဝေါင်း"

"ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

"အဘ"

"ရော်....လန့်တာပ၊ ဖြေးဖြေးခေါ်တာပ"

"ရော်...သတ္တိကောင်းတဲ့အဘကြောင့် ကျွန်တော် ကျားရှေ့မှောက်ရက်လဲရတော့မလို"

"ရော်...ငါ့ခြေနဲ့ထိလို့ဘာပ၊ ငါ့ခြေနဲ့မထိရင် နင့်မျက်နှာ ကျားပါးစပ်ထဲ ရောက်ပြီသာမှတ်ပေတော့"

"ဟား... ဟား... ဟား... ဟား... အဘကြောင့်ပအေး၊ အဘနဲ့သာမထိလို့ကတော့ ဟောဒီဓားက ကျားဗိုက်ကို ခွဲပြီးသားပအေး"

"ရော်... ဒီလောက် ခက်ခက်ခဲခဲကြုံတာ အစိုင်း မကြောက်"

"ရော်... ဘာဖြစ်လို့ ကြောက်ရမှာပ၊ သူကကျား၊ ကျွန်တော်က လူပအေး...အဘသားလေး"

ဦးလောက်အိုက်ပန် ဘာမျှမပြောတော့ သူ့သားအား ကြည့်ပြီး သတ္တိကောင်းသောသား ဟုတွေးရင်း သဘောကျအားတက်မိနေသည်။ အိုက်ကျောက်ပန်မှာလည်း သူ့အားစိုက်ကြည့်နေသော သူ့အဖေကို ပြန်ကြည့်ရင်း တွေ့ကြုံရသည် အဖြစ်အပျက်အတွက် ဝမ်းသာဂုဏ်ယူနေမိသည်။

"ရော်...အဘပအေး"

"ပြောတာပ"

"နတ်ကျားဆို"

"ဘယ်သိမှာပအေး"



www.burmeseclassic.com

www.burmeseclassic.com



"နတ်ကျားဆိုရင်တော့ မလွယ်ပ၊ ခုဟာက တကဲ့ ကျားပအေး၊ အဘနတ်ကျားဆိုပြီး ကုန်းကန်တော့လို့ကတော့ ခံရပြီ အဘရဲ့ အသေကိုက်မှာပ"

သားအဖနှစ်ယောက် ထိုနေရာတွင်ပင် ခေတ္တထိုင်နားရင်း အမောဖြေနေကြသည်။ သူတို့နှစ်ယောက် နာရီဝက်ခန့်အကြာတွင် တောင်ခြေစမ်းချောင်းဘက်မှ ထွက်ပေါ်လာသော ကျားဟိန်းသံကြီးကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြ၏။

"ဝေါင်း"

"ဝေါင်း"

"ဝေါင်း"

ကျားဟိန်းသံမှာ အောက်ဘက်တော်တော် ဝေးသည့်နေရာမှ နာကျင်၍လား မသိ၊ သို့မဟုတ် ဒေါသထွက်ပြီး ဟိန်းဟောက်နေသည်လားတော့ မသိပါ၊ စိတ်အထင်မှာတော့ ရေသောက်ပြီး တော်တော်နာနေ၍ ဒေါသထွက်နေခြင်းသာဖြစ်မည်ဟု တွေးလိုက်ပါတော့သည်။

"ရော်... ဆရာကြီးတို့ပ၊ ကျွန်တော့်အဖြစ်က အဲဒီလို ကျားနဲ့ ရင်ဆိုင်တွေ့ရဘူးတာပ၊ ဒါကြောင့် ကျားလည်း မကြောက်ပအေး၊ တောလယ်တာလည်း လုပ်ချင်တာပ၊ ဆရာကြီးတို့နဲ့တစ်ခါမှ မကြုံတာကြောင့် စိတ်ထဲမကြေ ဖြစ်နေတာပ"

"ကဲ... ကိုအိုက်ကျောက်ပန်ရေ၊ ခင်ဗျား ကျွန်ုပ်တို့နဲ့တွေ့ပြီ တောလယ်ရပြီလို့သာ မှတ်လိုက်တော့"

"ရော်... တောထဲမရောက်သေးဘူးပ၊ တောလယ်ချင်တာပ"

"ဆရာကျုန် ကျွန်တော်တို့ တောထဲမှာ အိပ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ငါ့သဘောကတော့ တောထဲမှာ ညအိပ်ရင်ကောင်းမလားပဲကွ"

"ရော်...ဆရာကျော်တို့ တောထဲမှာအိပ်မှာပ"

"ဟုတ်တယ် ကိုကျင်ဖေ ကျွန်တော်တို့ တစ်ညနှစ်ညလောက် အခြေအနေကြည့်ပြီး အိပ်ကြရအောင်၊ ဘာဖြစ်လို့လဲဆိုတော့ ပစ်ရမှာ ညနေစောင်း ညပိုင်းဆိုတော့ ညအိပ်မှ ဖြစ်မယ်"

"ကိုကျင်ဖေ"

"ပြော ကိုမိုးကျော်"

"လူဘယ်နှစ်ယောက်လိုက်မလဲ"

"ရော်...ဘကြီးညိုအင်းစောင်းဆိုတော့ ငါးမိုင်လောက် ဝေးတာပအေး"

ကျွန်တော် စဉ်းစားတွက်ချက်ကြည့်လိုက်သည်။ ယခုနှစ်နာရီ ထိုးပါပြီ ငါးမိုင်ဆိုပါက တောင်ပေါ်လမ်းဆိုလျှင် သုံးနာရီနီးပါး သွားရမည်။ ကျွန်တော်တို့ သုံးယောက်ဆိုပါက နှစ်နာရီထက် မကျော်၊ ရွာသားတွေနှင့် နှစ်နာရီခွဲခန့်ကြာနိုင်မည်။ လေးနာရီခွဲ ငါးနာရီရောက်ပြီး ပစ်ကွင်းသတ်မှတ်ရှာဖွေခြင်း၊ စခန်းချရန်စီစဉ်ခြင်းတို့ကို အချိန်တို အတွင်းအပြီး လုပ်ရပေတော့မည်၊ သို့အတွက် ..

"ကိုကျင်ဖေရေ ကျွန်တော်တို့ ထမင်းထုပ်ပြီးတာနဲ့ ထွက်ကြစို့ လူဘယ်ယောက်လဲ တွက်ကြည့်ပါဦး"

ကိုကျင်ဖေသည် ရှမ်းစကားဖြင့် လိုက်မည့်သူတွေအား မေး၏။ အားလုံးလိုက်ကြမည်သာ၊ သူတို့အတွက် မလိုက်ရန်ပြောသည်ကို မရ၊ လိုက်လိုကြ၏၊ သို့အတွက် ကိုကျင်ဖေမှ...



www.burmeseclassic.com

www.burmeseclassic.com



"ရော့... ဆရာကျောက်ပအေး၊ အားလုံးလိုက်မှာပ နေ့ခဲ့ဘို့ပြော တော့ ဆယ်ယောက်ပ"

"ကဲ... ပျော်ပျော်ပါးပါး တောကစားထွက်ပေါ့ဗျာ ဟား... ဟား... ဟား... ဟား"

တစ်ချိန်လုံးအရက်သောက်လိုက် အမြီးစားလိုက်နှင့် ဇိမ်ကျနေသော တင်မြတ်သည် ရှုတ်နောက်နောက် ပြောလိုက်သည့်အတွက် အားလုံးပြုံးသွားကြပြီး လိုက်ရမည့်သတင်းကောင်းကြောင့် ပြုံးနေကြသောမျက်နှာများကို ကျွန်တော်ကြည့်ပြီး မပြောတော့ပါ။

ကိုကျင်ဖေတစ်ယောက်သာလျှင် အဝတ်အထည်အပိုယူခဲ့ပြီး ကျန်အဖွဲ့တွေအဝတ်တစ်ထည်စီသာ ပါခဲ့ပါပြီ၊ ကျွန်တော်တို့ ကျောပိုးအိတ်သုံးလုံးအား သူတို့သယ်ကြပြီး ကိုကျင်ဖေစီစဉ်သည့်အတိုင်း ဆန်၊ ဆီ၊ ဆားငွေ ပြည့်ပြည့်စုံစုံ သယ်ယူကြသည်။ ထမင်းချက်ရန် ဒန်အိုးကြီးတစ်လုံးမှအစ ဒယ်အိုးကြီးတစ်လုံး၊ အမဲခြောက်၊ ကြက်ငါးကောင်၊ ငါးရံ့ခြောက်၊ ကချင်အရက်တွေလည်း အများကြီးပင်...

"ဆရာကျော်"

"ပြော မိုးကျော်"

"ဒီအဖွဲ့နဲ့ဆိုရင် ဆတ်ဆိုလည်း နှစ်ကောင်သုံးကောင်မှ ဒရယ်နဲ့ ချေသာဆိုရင်တော့ မလွယ်ပဲဗျ"

"ဟဲ... ဟဲ... ဟဲ ဘယ်တတ်နိုင်မလဲကွာ၊ တင်ပြတ်ပြောသလို တောကစားထွက်တာပေါ့ကွ"

"ဟား... ဟား.... ဟား.... ဟား၊ အမတ်ကြီး မိုးကျော်ရေ ငါ ကိုယ်တော်မြတ် ရှေ့ဆုံးက ကြွတော်မူမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်၊ မူးနေပြီထင်တယ်"

"အယ်...မင်းပြောမှ သတိရတယ်၊ လက်ကျန်လေး မော့လိုက်ဦးမယ်ဟေ့ ဟား... ဟား... ဟား... ဟား"

တင်မြတ်သည် ပြောပြောဆိုဆို သူ၏အရက်ထည့်ထားသော မတ်ခွက်ကောက်ယူပြီး မော့လိုက်သည်။ မော့ပြီးသည်နှင့် အမဲခြောက်ဖုတ်နှစ်ဖဲ့သုံးဖဲ့ ကောက်ဝါးနေသည်။

ကိုကျင်ဖေနှင့်အဖွဲ့သည် အိမ်အောက်တွင် ပြင်ဆင်နေကြ၏။ တချို့က ကချင်အရက်ပုလင်းတွေနှင့် တချို့မှာတော့ တံပိုးနှင့် အထုပ်အပိုးတွေ လှို့ထမ်းရန်ပြင်ဆင်ပြီး အသင့်ဖြစ်သည်နှင့် ကိုကျင်ဖေ အိမ်ပေါ်သို့ ပြန်တက်ခဲ့ပြီး အရက်ဝိုင်းဝင်ထိုင်ကာ...

"ဆရာကျန် အသင့်ဖြစ်ပြီပ"

"ကိုကျင်ဖေ တဲထိုးဖို့ မိုးကာကောပါလား"

"ပါတာပအေး၊ လူကများတာပ၊ မိုးကာတွေသယ်ခိုင်းမှာပ"

"ခင်ဗျားတို့ပြောတဲ့ အင်းစောင်းမှာ တဲတွေဘာတွေ မရှိဘူးလား"

"ရော်...ကိုမိုးကျော်ပြောမှာ သတိရတာပ၊ အင်းတဲကြီးတော့ ရှိတာပအေး ဟုတ်ပ"

"ရော်..ကျင်ဖေပ တဲကြီးက ရေစပ်မှာပအေး"

"ရော်...ကိုအိုက်ရာ ဖြစ်တာပ၊ တောပစ်မှာက သုံးလေးယောက်ပ၊ ကျန်တဲ့လူ တဲမှာနေရတာပအေး"

"ဟုတ်တော့ ဟုတ်ပ၊ ဟိုရောက်မှ ဘကြီးညိုခွင့်တောင်းတာပအေး"

+++++++++++++++++++++++++++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဦးလောယုံရေ...ပြန်ပေတော့ဗျာ"

"ရော်...ဟုတ် ဟုတ်၊ လာကြိုဘို့"

"အင်း မကြိုပါနဲ့တော့၊ ကျွန်တော်တို့ အခြေအနေအရ တစ်ည နှစ်ညကြာချင်ကြာမှာဆိုတော့ ရက်အတိအကျပြောလို့ မဖြစ်ပါဘူး"

"ဟုတ်ကဲ့"

"ဆရာကြီးတို့ပ၊ ကိစ္စမရှိတာပ အပြန်ကျွန်တော့် မော်တော် ကြီးနဲ့ ပို့တာပအေး"

"ရော်... ဟုတ်တာပ၊ အိုက်ကျောက်ပန် မော်တော်က ကြီးတာပ အေး၊ အဆင်ပြေတာပ"

ကိုအိုက်ကျောက်ပန်၏ မော်တော်မှာ သစ်တင်နိုင်သည်အထိ တော်တော်ကြီး၏။ သူမော်တော်ဖြင့် သစ်တင်ခြင်း၊ ပဲတင်ခြင်း၊ စပါး သယ်၊ ဆန်သယ်ခြင်းတွေလုပ်နေသောကြောင့် အဆင်ပြေသကဲ့သို့ နေ့အတိအကျမသိ၍ ဦးလောယုံအား ပြန်လွှတ်လိုက်ခြင်း ဖြစ်ပါသည်။

"ဦးလောယုံ"

"ဟုတ်"

"ကျွန်တော်တို့အပြန်ကျမှ တွေ့တာပေါ့၊ ကျွန်တော်တို့ ဦးလော ယုံ အိမ်လာခဲ့မယ်လေ"

"ရော်...အားနာတာပ၊ မှာလိုက်ပါ၊ ကျွန်တော်လာခဲ့မှာပ"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့လာခဲ့မှာပေါ့"

"ဆရာကျော်ရေ ဦးလောယုံကတော့ တင်မြတ်ကို လန့်နေပြီထင် တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သြော်ဆရာချော် သိတဲ့အတိုင်း ဒီကောင်က အရက်တင် မကဘူး ထမင်းပါ စားတဲ့အကောင်လေ"

"ဟား.. ဟား... ဟား.. ဟား... မိုးကျော်ရာ ဦးလောယုံက ငါ့ဦးလေးပါကွာ ငါ့ညီမ နန်းနွယ်လေးကလည်း ဟင်းချက်ကောင်းတော့ ထမင်း မစားရင် ဦးလောယုံကော ညီမလေးနန်းနွယ်ပါ စိတ်မကောင်းမှာစိုးလို့ စားရတာ သူငယ်ချင်းရေ"

"ခွေးကောင် မင်းစားတာက အားနာပါးနာစားတာ မဟုတ်ဘူး"

"မင်းတော်တော်အတဲ့ အကောင်၊ ဘုန်းကြီးကျောင်းထွက်လည်း ပြောသေး အားနာရတယ်လို့ ဘုန်းကြီးကျောင်းသားဆိုတာ ဝက်မြီးလို့ မြန်ရတယ်ကွ ဟား.. ဟား... ဟား.. ဟား"

"ရတာပ၊ ကိုတင်မြတ်တစ်ယောက်စာက အိမ်ကဂုတ်ကြားစာတာလောက်ပဲရှိတာပဖအေး ရော်... အားနာတာပ"

"ဟား.. ဟား... ဟား.. ဟား...ဟား.. ဟား...ဟား.. ဟား.. ဦးလောယုံရေ၊ ဦးလောယုံအိမ်က ဂုတ်ကြားနဲ့ ညီအစ်ကိုတော် ဒီကောင့်က ချက်ကျားလေ... ဟား.. ဟား... ဟား.. ဟား..."

★★★



www.burmeseclassic.com

www.burmeseclassic.com



## သုံး

"ဒိုင်း"

"ရော် မှန်တာပအေး တော်လိုက်တာပ"

ကျယ်လောင်စွာထွက်ပေါ်လာသော သေနတ်သံနှင့် ထပ်တူထပ်မျှ ထွက်ပေါ်လာသော အိုက်ကျောက်ပန်၏အသံသည်လည်း အလွန်အားရကျေနပ်စွာ ဟီးထွက်လာပါသည်။

တင်မြတ်သည် အမြဲရှေ့မှသွားသကဲ့သို့ တင်မြတ်နှင့်ကပ်ပြီး လိုက်ပါနေသော ဆင်ပေါက်ကြီးကိုအိုက်ကျောက်ပန် အသက်အားဖြင့် ငါးဆယ်ခန့်ဖြစ်သော်လည်း အလွန် လျင်မြန်သွက်လက်စွာ သူတို့နှစ်ယောက်ရှေ့ဆုံးမှ ထွက်ကြသူများဖြစ်၏။

တင်မြတ်သည် လျှပ်တပြက်တင်မြတ်ဆိုသည့် ဘွဲ့ရယူထားသည်ကို ကိုဆင်ပေါက်ကြီး မသိရှာ၊ သူကြားမိသည်မှာ သေနတ်ပစ်တော်၏။ တည့်၏ ဆိုသည်လောက်တော့ သိထားရပြီ။ လက်တွေ့ကြုံမှ ယုံတတ်သူမို့ ခုတော့သူမျက်မြင်ကိုယ်တွေ့ကြုံရပါပြီ။ အကြေင်းမှာ သုံးမိုင်နီးပါးသွားပြီး နောက်တောင်စောင်းအတိုင်း လျှိုကြီးဘက်သို့ ပတ်ကွေ့စဉ် ချေတစ်ကောင်သည် ဘာကောင်လန့်၍လဲ မသိ တောင်

www.burmeseclassic.com



စောင်းပေါ်မှ လှို့ဘက်သို့စုန်ပျံအပြေး လွှားကနဲ လွှားကနဲ စုန်ဆင်းသည်တွင် လျှပ်တပြက် တင်မြ ဲ့ စိတ်ကြိုက်ခြေက မြေပေါ်ကျပြီး နောက်တစ်ချက်ထအစုန် တင်မြတ်ကအပစ် ကိုဆင်ပေါက်ကြီး ပါးစပ်ဟာပြီး "ရော့ မှန်တာပအေး...တော်လိုက်တာပ" ဟု ကောင်းချီး ဩဘာပေးသံနှင့်အတူ ချေမှာ စုန်လိုက်သောအရှိန် ရှိပါသော်လည်း အရုပ်ကြိုးပြတ် လေထဲတွင် ဦးခေါင်းလေးတစ်ချက်ပင် မြှောက်တင်ရင်း တောင်စောင်းထဲသို့ ပြုတ်ကျသွားပါပြီ။

"တောက်...ဆရာ တော်တော် တော်တာပ၊ အံ့ဩပ၊ ဒီလောက်လျင်မြန်တာ ဒီတစ်ခါပဲ တွေ့ဖူးတာပအေး၊ တော်လိုက်တာပ"

"ဟာ...အစ်ကိုကြီး အရမ်း ချီးကျူးနေပါကလား၊ စခန်းရောက်မှ အာမီရမ်တိုက်မယ်ဗျို့ ဟား... ဟား... ဟား"

"ဝမ်းသာတာပအေး၊ ရှေးဦးပေါက်ပြီပ"

ပြောပြောဆိုဆို ကိုဆင်ပေါက်(ခေါ်) အိုက်ကျောက်ပန်သည် သွက်သွက်လက်လက်လဲနေသော ချေထံသို့ ပြေးသွားပြီးနောက် ခြေနှစ်ချောင်းအား ဆွဲမြှောက်ပြရင်း တဟားဟား အားရပါးရရယ်နေသည်။ သူမြှောက်ပြနေသော ချေပေါက်မှာ အနည်းဆုံး ကိုးပိဿာထက် မလျော့ ဝဝတစ်တစ်အသားတွေ ဖုထစ်နေသော ချေ၏ ခြေနှစ်ချောင်းအား လက်တစ်ဖက်တည်းဖြင့် မြှောက်ပြနေပုံမှာ ကျွန်တော်ငယ်စဉ်ကာလက အင်္ဂလိပ်မာလ ရုပ်ရှင်ကားထဲမှ မောင်ဗမာစိန်မောင် သရုပ်ဆောင်သည့် သစ်ပင်တစ်ပင်အားလဲနေရာမှ ကောက်မ,လိုက်ပုံကို တွေ့ခဲ့ဖူးပါ၏။ ထိုသရုပ်ဆောင်မှုသည် သဏ္ဍာန်လုပ်ခဲ့ခြင်းဖြစ်သော်လည်း ယခုတွေ့ရသည်မှာ လက်တွေ့ပင် ဖြစ်ပါသည်။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



ထိုချောအား ကိုဆင်ပေါက်ကြီး ကောက်မ,မြှောက်ပြရာမှ ပုခုံးပေါ်သို့ပင့်မြှောက်ထမ်းလိုက်သည်ကို တွေ့ရပြီးနောက် ထိုသို့ ထမ်းပုံမှာလည်း မုဆိုးကြီးတစ်ယောက်သားကောင်တစ်ကောင်ရ၍ ဟန်ပါပါထမ်းလာသည့်အသွင် ပေါ့ပေါ့ပါးပါး ထမ်းပြီး တင်မြတ် နောက်သို့ဆက်လိုက်သွားပါသည်။

ရှေ့မှ တင်မြတ်အားလည်း လမ်းပြပါ၏။ သားကောင်ကိုလည်းသူပဲ ထမ်းလိုသည့်အတွက် ဘယ်သူ့မှ မပေး၊ ကြည့်လိုတော့ ကောင်းနေပါသည်။ ကျွန်တော်တို့အားလုံးဆက်လိုက်ပြီးနောက် လေးနာရီငါးဆယ်တွင် သူတို့ပြောသော ဝါးဖြူတောင်ကြီးဘေးတွင်ရှိသောဘကြီးညိုအင်းစောင်းသို့ ရောက်ပါပြီ။

သူတို့ပြောသည့်အတိုင်း အင်းမှာ အင်းလုံးဖြစ်၏၊ သိပ်အကျယ်ကြီး မဟုတ်သော်လည်း အလျား တော်တော်လေးရှည်၏။ ထိုအင်းထိပ်တည့်တည့်မှာတော့ ဝါးပင်လေးခန်း တဲကြီးတစ်တဲ၊ ထိုတဲ၏အထက် အရှေ့စူးစူးတောင်စောင်းတွင်လည်း နတ်ကွန်းပမာ နတ်နန်းလိုလို အဆောက်အဦးတစ်ခုကို တွေ့ရသည်။

ထိုအင်းတဲကြီးမှာ ခိုင်ခိုင်မာမာရှိပြီး လူသုံးဆယ်ခန့် အေးအေးလူလူ အိပ်နိုင်နေနိုင်သောတဲကြီး။ သို့သော် အစောင့်တစ်ယောက်မှမတွေ့သည့်အပြင် လူသံ မပြောနှင့်၊ ကျေးငှက်သံပင် မကြားရပါ။ တိတ်တိတ်ဆိတ်ဆိတ်ရှိနေပြီး တဲထဲဝင်လိုက်သည်နှင့် လူမရှိသောတဲ၊ အစောင့်မနေသောတဲထဲတွင် မြေကြီးမီးဖိုမှာတော့ ထင်းတုံးကြီးတွေဆိုင်ထားပြီး မီးခဲတွေ တရဲရဲ တွေ့ရ၏။ မီးခိုးလေးတွေလည်း လွှန့်လွှန့် တက်နေသည်သာ။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျော်...တဲမှာ လူမရှိဘူး မီးခဲတွေတော့ ရှိတယ်ဗျ"

"အေးလေ... တို့မရောက်ခင်လူ ပြန်သွားလားမှ မသိတာ"

"ရော်...ကိုတင်မြတ်ပအေး၊ ဒီထဲမှာ မီး အမြဲရှိနေတာပ"

"ဗျာ..."

"ဟုတ်တာပ၊ ဒါကျွန်တော့ညီ ပိုင်တာပ၊ သူ့အင်းလေ၊ ကျွန်တော့်ညီက အိုက်စံပအေး"

"ဩော်...ဟုတ်လား၊ ဒါဆို သူပြန်သွားပြီ ဖြစ်မှာပေါ့"

"ရော်...သူက ဘယ်ခတော့မှ ပြန်မလာပ"

"ဗျာ..."

"ဟဲ... ဟဲ... ဟဲ... ဟဲ... သေသွားတာ ငါးနှစ်ရှိပြီပအေး"

"ဩော်... ကိုအိုက်ကျောက်ပန်ကြီး နောက်နေတာကိုး"

"ရော်... မနောက်ပ၊ ဒီအင်းကို သူ့ဇနီးနဲ့သားတွေ ဆက်လုပ်ကြတာပအေး"

ကျွန်တော်တို့အားလုံး တဲထဲတွင် ပစ္စည်းတွေချ နေရာယူကြ၏။ တချို့က ထင်းတုံးတွေထပ်ဖြည့်ပြီး မီးဖိုနေကြသကဲ့သို့ ကျန်မောင်နှင့် ခွေးပုတို့နှစ်ယောက်ငါးရံ့ခြောက်ဖုတ်နေစဉ် ကိုကျင်ဖေနှင့် ကိုအိုက်ကျောက်ပန်တို့နှစ်ယောက် အရက်ပုလင်းထုတ်ပြီး အရက်သောက်ရန် စီစဉ်လိုက်သည်။

"ကိုကျင်ဖေ... ကျွန်တော်တို့ တအောင့်လောက်နေရင် ဒီအင်းပတ်ဝန်းကျင်မှာ သားကောင်အခြေအနေ ခြေရာကောက်ကြည့်မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရော်...ကောင်းတာပအေး"

"ရော်...ဆရာကြီးတို့ကို ကျွန်တော် လိုက်ပြမှာပ၊ ဒီပတ်ဝန်းကျင် ကျွန်တော် သိတာပ၊ ဆတ်ထွက်တဲ့ နေရာကအစ ကျားဆင်းတတ်တဲ့ နေရာအထိပအေး"

"သိပ်ကောင်းပေါ့ဗျား"

"ရော်... မေ့နေတာပ၊ ခွေးပုပ၊ အရက်တစ်ခွက်နဲ့ ကြက်ကြော် ပေးပအေး"

"စောစောကတည်းက ပြောမလို့ပ၊ ဒီမှာ အသင့်ပြင်ထားတာပအေး"

"ရော်...မေ့တာပအေး၊ ကျင်ဖေပ၊ ဘကြီးညို တင်ရမှာပအေး၊ ငါသွားတင်ပြီး ခွင့်တောင်းမှာပ"

"ရော်... ဆရာကြီးတို့ ခွင့်ပြုပေးပါပအေး"

"ရပါတယ်ဗျာ၊ လုပ်စရာရှိတာ လုပ်ပါ၊ ကျွန်တော်တို့ မကန့်ကွက်ပါဘူး၊ ခွင့်ပြုပါတယ်"

"ဟို...ကိုအိုက်ကျောက်ပန်ဆိုတဲ့ နာမည်က ခေါ်ရခက်တယ်ဗျာ၊ ကိုကြီးဆင်ပေါက်လို့ ခေါ်မယ်ဗျာ"

"ရော်...ကြိုက်သလိုခေါ်ပအေး၊ တစ်ချို့က ကျွဲကြီးတဲ့၊ တစ်ချို့က ဆင်ပြောင်၊ နောက်ဆင်ပေါက်တဲ့ စိတ်ကြိုက်သာခေါ်ကြပ"

တင်မြတ် နာမည်ပေးလိုက်တော့ ကိုကြီးဆင်ပေါက်သည်အရက် တစ်ခွက်၊ ကြက်ကြော်ပေါင်တစ်ပေါင်နှင့်အတူ တဲထဲမှထွက်ပြီး ကျွန်တော်တို့တွေ့ခဲ့သော နတ်နန်းလိုလို၊ နတ်စင်လိုလို အဆောက်အအုံလေးသို့ သွားရောက်တင်မြှောက်နေပါ၏။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆင်ပေါက်သည် တိုးတိုးသက်သာ တင်မြှောက်သည် မဟုတ်။ လူကောင်ကြီးသလောက် အော်ကြီးဟစ်ကျယ် တင်မြှောက်နေသည်။ သို့သော် ဘကြီးညို ဘကြီးညိုဆိုသည့် အသံကိုတော့ ကောင်းစွာ ကြားရ၏။ တစ်ခါတစ်ခါ ရှမ်းလိုလည်း ပြော၏။ သူ့စိတ်ကြိုက် တင်မြှောက်နေရသည့်အတွက် ကျေနပ်နေပုံရပြီး ပြန်လာသောအခါ ဖြုံးလျက် ဝင်ထိုင်လိုက်ကာ အရက်ခွက် ကောက်မော့ပြီးမှ...

"ဆရာကြီးတို့ ဘကြီးညိုအတွက် စိတ်ကြိုက်တင်ပြီး စိတ်ကြိုက်ခွင့်တောင်းတာပအေး"

"ရော်...ဆရာကြီးတို့ပ၊ ဘကြီးညိုက နောက်တတ်တာပ၊ နောက်တစ်ခုက အသက်ကြီးလို့ နားလည်းထိုင်း၊ မျက်စိလည်းမှုန်လို့ ဆင်နဲ့ကျွဲကွဲဖို့ပ"

"ဗျာ...ဘယ်လိုဆင်နဲ့ကျွဲ ကွဲဖို့ဆိုတာ ဘာလဲဗျ"

"ရော်...ဆရာ ဆရာကိုမိုးကျော်ပ၊ တောင်းတာက ဆတ် ပေးတာက ချေ မဖြစ်အောင်ပ၊ သူ့မျက်စိထဲ အမြင်မှားမှာ စိုးလို့ပ"

"အဲ...ကျွန်တော်တို့ထွက်မယ်၊ ကိုကြီးဆင်ပေါက်ရယ်၊ ကိုကျင်ဖေနဲ့ ကိုကျော်မြပဲ လိုက်ခဲ့၊ ကျန်တဲ့လူတွေတဲမှာ နားကြပါ၊ ဘယ်မှမထွက်နဲ့ အပေါ့အပါးသွားရင်လည်း အနီးအနားပဲ သွားကြပါ"

"ကျွန်တော်ပြောတာ ရှင်းပါတယ်နော်"

"စိတ်ချပါ ဆရာကြီးပအေး"

"ရော်...ကျွန်မောင်တို့ ခွေးပုတို့ပ အားလုံးနော်၊ အရက်တွေထပ်မသောက်ကြနဲ့ တော်ပြီပအေး"

"ရော်...ကိုကျင်ဖေပ၊ မသောက်တော့ စိတ်ချပအေး"



www.burmeseclassic.com

www.burmeseclassic.com



လှေခြောက်ယောက်ထွက်ခဲ့ပြီး ကိုကျင်ဖေမှ သူ၏အဖွဲ့သားများအား စိတ်မချ၍ အရက်မသောက်ရန် မှာကြားပြီးသည်နှင့် ရှေ့ဆုံးမှ တင်မြတ်အား အမိလိုက်နေသော ကိုကြီးဆင်ပေါက်သည်လည်း ဝမ်းသာမဆုံး။

တဲ၏အပြင်ဘက်အင်းစပ်တွင် ကိုမောင်ရွှေ၊ အစိုင်းနှင့် မောင်မောင်ဝင်းတို့သုံးယောက် ချေဖျက်နေကြပြီး သူတို့ဘေးတွင် အရက်တစ်လုံး ချထား၏။ ချေဖျက်ရင်း အရက်သောက်၏။ အရက်သောက်ရင်း ချေဖျက်၏။ ကျွန်တော်တို့အား တွေ့သောအခါ အနည်းငယ်တော့ ရှိန်သွားကြသည်။

"အစိုင်းပအေး၊ ဝမ်းတွင်းသား ကြော်ထားပ၊ ဆရာကျော်တို့ ထမင်းမစားခင် မြည်းရတာပ"

"ရော်...စိတ်ချပအေး၊ အသားလည်းကြော်မှာပ၊ မီးလည်းကင်မှာပ"

"ရော်...အစိုင်းပ အသားကင်ပြီးတာနဲ့ ဘကြီးညိုကို အရင်တင်လိုက်ကြပ ကြားလားပ"

"စိတ်ချ စိတ်ချ တင်မှာပ"

"မမေ့နဲ့နော်"

"ရော်...စိတ်ချပအေး သွားမှာ သွားကြပ"

"ဩော်... ခင်ဗျားတို့လည်း တဲရောက်ပြီးရင် အပြင်လျှောက်မသွားကြနဲ့၊ မှားမှာစိုးလို့"

"ရော်...စိတ်ချပါ၊ ဆရာကြီး စိတ်ချ... စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



အင်းသည်တစ်ဘက်ကပြေပြစ်သော တောင်စောင်းနှင့် ကိုင်းပင်များ၊ မြူပင်များ၊ တချို့ ကြိမ်ရုံများဖြစ်၏။ တောင်စောင်းပေါ်မှာတော့ သစ်ကြီး၊ ဝါးကြီးတွေရှိပြီး အောက်ခြေရှင်းသလောက် ဖြစ်နေ၏။ တချို့ခြုငယ်ကလေးများမှာလည်း အုပ်စုလိုက် တစ်သီးတစ်ခြားစီ ဖြစ်သည့်အတွက် မြင်ကွင်းကောင်းသော်လည်း တောင်စောင်းမြေကမာ၍ ခြေရာကောက်ရန် မလွယ်လှ၊ ရေစပ်ဆင်းရန်အတွက်လည်း မြူကလေးတွေကြောင့် တိုးပြီး ခြေရာခံရန် တင်မြတ်ဆုံးဖြတ်ပြီး...

"ဆရာကျော်ရေ ဟောဒီခြုံလေးတွေတိုးပြီး ရေစပ်ဆင်းမယ်၊ ခြေရာခံကြည့်ချင်လို့"

"အေး... ကောင်းတယ်၊ မိုးကျော်ပါ ဆင်းကွာ"

"ဟုတ်ကဲ့"

"ရော်... ကျွန်တော်လိုက်မှာပအေး"

ကိုကျင်ဖေ ပြောပြောဆိုဆို မိုးကျော်အောင်နောက်မှ ဆက်လိုက်သွားစဉ် ကျွန်တော်ရယ်၊ ကိုကျော်မြရယ်၊ ကိုကြီးဆင်ပေါက်ရယ် တောင်စောင်းတွင် နေရာယူပြီး စောင့်ကြည့်နေလိုက်သည်။

တင်မြတ်တို့ သုံးယောက်သား ခြုံများအကြားတွင် တစ်ခါတစ်ရံ ခေါင်းပေါ်လာလိုက်၊ ပျောက်သွားလိုက်ပြန်ပေါ်လိုက်၊ တင်မြတ်တစ်လှည့်၊ မိုးကျော်အောင်တစ်လှည့် ကျွန်တော့်အား လှည့်ကြည့်ပြီး လက်ပြ၏။ အဆက်အသွယ်မပြတ် ဆင်းသွားရင်း ဆက်သွယ်နေခြင်းပင် ဖြစ်၏။

"ကိုကျင်ဖေ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကြည့်ပါဦးဗျာ၊ ဆတ်ပစ်ချင်တယ်ဆိုကာမှ တောဝက် ခြေရာနဲ့ ရှေ့ခြေရာတွေပဲ တွေ့တယ်ဗျ"

"ရော်...ဟုတ်တာပအေး၊ တောဝက်တွေရဲ့ ခြေရာက ပွနေတာ ပအေး"

"မိုးကျော်ရေ"

"ဘာလဲကွ"

"ဆတ်ခြေရာ မတွေ့ဘူးလားကွ"

"မတွေ့သေးဘူးကွ၊ ဆက်ရှာတာပေါ့ကွာ"

"ကဲ... ဆရာကျော်တို့ဖက် ပြန်တက်ကြစို့"

"အေး..."

သုံးယောက်သား တောတန်းနှင့်ခြုံနွယ်တွေအကြားမှ တိုးရင်း အပေါ်သို့ ပြန်တက်ခဲ့ကြ၏။ အဆင်းမှာလွယ်သလိုလို ရှိသော်လည်း အတက်မှာ ခက်နေသည်။ ကြိမ်ဆူးများရှောင်ကွင်းရသည်မှာ မလွယ်၊ သို့သော်လည်း တောတိုးနေကြဖြစ်၍က တစ်ကြောင်း၊ မြင်မြင်ထင်ထင် ဝှိုးရသည့်အတွက်တို့ကြောင့် အပေါ်သို့ ရောက်သည်နှင့်...

"ဆရာကျော်ရေ၊ တောဝက်တော့ တော်တော်ပေါမယ်ဗျ၊ ခြေရာ တွေ ထပ်နေတာပဲ၊ ချေခြေရာလည်း တွေ့ပါတယ်၊ ဒါပေမဲ့ ဆတ်ခြေရာ တော့ မတွေ့ခဲ့ဘူး"

"ရော်...ဆရာတို့ပအေး၊ ဆတ်က ဟောဟိုအောက်ဘက်လျှို ဆားမှာ ရှိတာပ၊ အဲဒီရောက်ရင် ခြေရာတွေ တွေ့တာပအေး၊ ကံလိုက် ကောင်းရင် ဆတ် ရချင်ရနေမှာပအေး"

"ကဲ... ဆက်ထွက်ရအောင်"

www.burmeseclassic.com



တင်မြတ်ရှေ့မှ ထွက်၏။ သူ့နောက်မှ ကိုကြီးဆင်ပေါက်က တော့မစ္စာ ကပ်ပါလျက် စိတ်အားက ထက်သန်ပြီး သူကနယ်မြေကျွမ်းသည့်အတွက် လမ်းလည်းပြ၏။ ဆတ်ထွက်တတ်သောနေရာသို့ လမ်းညွှန်ရင်း လိုက်ပါခဲ့သည်။ ကျွန်တော်နှင့်အတူ ကိုကျင်ဖေ၊ ကိုကျင်မြတို့အတူတွဲပြီး ပေနှစ်ဆယ်ကျော်ကျော်ခန့်ခွာ၍ လိုက်ခဲ့ပြီး မိုးကျော်အောင်မှာ နောက်ဆုံးမှ ပေသုံးဆယ်ခန့်ခွာပြီး လိုက်နေပါသည်။

တင်မြတ်တို့နှစ်ယောက် တောင်စောင်းဘေးမြောင်း၍ အင်းကိုပတ်ကြည့်ရင်း ခရီးနှင်နေစဉ် ကိုကြီးဆင်ပေါက်ပြောသည့် ဆတ်ထွက်သောနေရာအနီးသို့ အရောက်...

"ဖောက်... ဖောက်... ဖောက်"

"ဖောက်... ဖောက်"

"ဝူး...ဝူး...ဝူး"

"ဖောက်... ဖောက်... ဖောက်"

"ဝူး...ဝူး...ဝူး"

တင်မြတ် ကျွန်းပင်ကြီးကပ်လိုက်ပြီး တောဝက်အား ကြည့်လိုက်သည်တွင် တောဝက်မကြီးနှင့် ဝက်ပေါက်ကလေးများ။ ဝက်ပေါက်ကလေးများသည် ပြေးလွှားနိုင်သည့်အရွယ်မို့ ပြေးလွှားကြသော်လည်း တောဝက်မကြီးမှာ သားသမီးဇောနှင့် လူကိုရန်မူနေ၏။

"ရော်...ဆရာ...ဆရာ ပစ်တာပအေး၊ ပစ်လေ"

"ကိုကြီးဆင်ပေါက်ရေ ဝက်သအုပ်မဗျ"

"ရော်... တောဝက်ပအေး၊ ဝက်မကြီး၊ ပစ်တာပ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ကိုကြီးဆင်ပေါက်ရေ ကျွန်တော်တို့ သုံးယောက်လုံး အဲဒီလို ကလေးတွေနဲ့ဝက်မ၊ စီးရှိတဲ့ဝက်မတွေဆို မပစ်ပါဘူး ကိုကြီးရာ"

"ရော်... မုဆိုးသူတော်ကောင်းပအေး"

"ဟဲ... ဟဲ... ဟဲ... ဟဲ မုဆိုးတော့မုဆိုး ဒါပေမဲ့ သူတော်ကောင်းဆိုလည်း မမှားပါဘူးဗျာ၊ ရော့... ကိုကြီးဆင်ပေါက် အာမီရမ် တစ်ငုံလောက် ငုံလိုက်ပါဦးဗျ"

"ဟူး...ဆရာတို့ မဆိုးပ ကောင်းတာပအေး"

"ကိုကြီးဆင်ပေါက်ရဲ့ ဝက်မကြီး ပစ်လိုက်ရင် ဝက်ကလေးတွေ သေကုန်မှာပေါ့ ကိုကြီးရာ"

"ဟုတ်တာပနော့"

ကိုကြီးဆင်ပေါက်သည် အာမီရမ်အား တစ်ငုံသာ ငုံလိုက်ပြီး ရေဘူးကို ပြန်ပေးစဉ်မှာတော့ တောဝက်မကြီးနှင့် ဝက်ပေါက်ကလေးတွေ မရှိတော့ပါ။ သူတို့နှစ်ယောက် ဆက်ထွက်ကြပါ၏။ ကျွန်တော်တို့ အခြေအနေကြည့်ပြီး ဆက်လိုက်ခဲ့၏။

"ဝေါင်း..."

"ဝေါင်း..."

"ဝေါင်း..."

"ဝေါင်း..."

တောင်ထိပ်ပေါ်မှ တောမုဆိုး ကျားကြီးတစ်ကောင် အိပ်ယာထပြီးနောက် ဟိန်းဟောက်နေပုံမှာ တစ်သံနှင့်တစ်သံ ခပ်လေးလေးသာ ကြားရခြင်းအပြင် တစ်နေရာထဲမှ ဖြစ်မည်ဟု အသံနှင့်ထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်လိုက်မိသည်။ ဒီအကောင်ညဆိုလျှင်တော့ သူ့ဟင်းလျာ ပေါသော ဒီအင်းစောင်းတောင်ခြေသို့ ဆင်းမည်လား မသိ။ မဆင်းပါစေနှင့်ဟု ဆုတောင်းမိပါ၏။ လူမုဆိုး ကျွန်တော်တို့နှင့် နယ်မြေပိုင်ဆိုင်သော တောမုဆိုးကျားကြီး ရင်မဆိုင်လိုပါ။ ရှောင်ရှားရန်နှင့် တွေ့ကြုံပါကလည်း လုံးဝ လုံးဝ မပစ်လိုပါ။ သူသည် တောထဲတွင် သားကောင်ရှာယူ ဖမ်းစားသော တောမုဆိုး၊ ကျွန်တော်တို့ကတော့ လူမုဆိုးသူကဲ့သို့ပင် သားကောင်ရှာယူ ပစ်ခတ်သော မုဆိုးမို့ ဇာတ်တူသကဲ့သို့ဖြစ်နေခြင်းအတွက် ဇာတ်တူသား မစားလိုခြင်းပင် ဖြစ်ပါသည်။

တင်မြတ်နှင့် ကိုကြီးဆင်ပေါက်တို့နှစ်ယောက် လှိုဏ်ကဲ့သို့သော အင်းကြီးထိပ်တွင် ရပ်နေကြသည့်အတွက် ကျွန်တော်တို့ တောင်စောင်းမှ ဆင်းပြီး သူတို့နှစ်ယောက်ထံရောက်သွားသည်တွင်...

"ဆရာကျော်ရေ ဒီခွာရာတွေဟာ ဆတ်မ ဆတ်ထီးရော၊ ဆတ်မရော၊ ဆတ်ကလေးတွေပါ ပါနေပုံရတယ် ငါးကောင်လောက်ရှိမယ်ဗျ"

"အေး... ဟုတ်တယ် တင်မြတ်၊ မနေ့ညနေက မဟုတ်ဘူး၊ မနက်စောစောထွက်သွားတာပဲ"

မိုးကျော်အောင်ကပါ ဆတ်ခြေရာတွေကြည့်ပြီး ခန့်မှန်းလျက်ပြောပြနေ၏။ မှန်ပါသည်။ ခြေရာတွေမှာ သွားလမ်း၊ ပြန်လမ်းတစ်လမ်းတည်း ဖြစ်နေသော်လည်း သူတို့ခြေရာအစသို့ လိုက်လံ ရှာဖွေသောအခါ အင်းထိပ်(သူတို့အခေါ် အင်းမြီး)ဖက်ရှိ လှိုဏ်ကြီးမှ တဆင့်ထိုင်းတောဘေးအတိုင်းထွက်သွားကြ၊ ဝင်လာကြဖြစ်မည်။ မြေမာသည့်အတွက်ကြောင့် ခွာရာ အနည်းငယ်သာ ထင်ကျန်ခဲ့ပါသည်။

"ဆရာကျော် အခု ငါးနာရီကျော်ပြီ ကျွန်တော်တို့ ဒီမှာပဲ စောင့်ရင် ကောင်းမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျင်ဖေ ဘယ်လို သဘောရလဲ တင်မြတ်ကတော့ ပွဲတောင်းနေပြီဗျ"

"ရော်... ဆရာကြီးတို့ပအေး...ကျွန်တော်နဲ့ဆရာကိုတင်မြတ်ပ ဒီမှာစောင့်တာပ၊ ဆရာကြီး ထမင်းသွားစားကြတာပ၊ အပြန်ကျွန်တော်တို့ နှစ်ယောက်အတွက် ထုပ်ခဲ့တာပအေး"

ကိုကြီးဆံင်ပေါက်က ပါဝင် ပြောလာပါပြီ။ သူတို့ပြောသည့်မှာ ပိုမိုအဆင်ပြေနေသည့်အတွက် ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်ပါ၏။

"ကဲ... ကိုကျင်ဖေနဲ့ မိုးကျော်တို့နှစ်ယောက် အင်းထဲပြန်ဗျာ၊ ခင်ဗျားတို့ ထမင်းစားပြီး ကျွန်တော်တို့အတွက် ယူခဲ့ပါလား၊ ကျွန်တော်နဲ့ ကိုကျော်မြက လမ်းတစ်ဝက်အထိ ပို့ပေးမယ်၊ လမ်းတစ်ဝက်က စောင့်နေမယ်လေ"

"ဆရာကျော် ကျွန်တော်နဲ့ ကိုကျင်ဖေ ထမင်းသွားယူရမယ်၊ နောက်ပြီး လက်နှိပ်မီးတွေလည်း ယူရဦးမယ်၊ ဒီတော့ ကျွန်တော်တို့ ထမင်းထုပ်ယူပြီး ဒီရောက်မှ အတူတူ စားကြတာပေါ့၊ ဒါမှ မိုးမချုပ်ခင် ဒီ ပြန်ရောက်မယ် ဆရာကျော်"

"ကောင်းသားပဲ... ကဲ... ဒီလိုဆို မြန်မြန်သာသွားကြ တင်မြတ်မင်းတို့နှစ်ယောက် ဒီမှာနေခဲ့ ငါတို့လမ်းတစ်ဝက်ထိ ပို့ပေးမယ်"

"ကောင်းတယ် ဆရာကျော်"

"ကဲ... မိုးကျော်ရေ သွားစို့"

"ဟုတ်ကဲ့"

ကျွန်တော်တို့လေးယောက် တင်မြတ်နှင့်ကိုကြီးဆံင်ပေါက်တို့အား နေရာယူစေပြီး သင်္ကေတအမှတ်အသား အထူး ထားစရာ မလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသုံးပူးဘေးတွင် သူတို့နှစ်ယောက် နေရာယူခဲ့ပြီး ထွက်ခဲ့ရာ မိုးကျော်အောင်မှ ရှေ့ကသွားပြီး ကိုကျင်ဖေနောက်ကလိုက်၏။ ကျွန်တော်နှင့်ကိုကျော်မြလည်း သူတို့နှင့် မခွာဘဲ လိုက်ခဲ့ပြီး တစ်ဝက်ခန့် အရောက်တွင်...

"မိုးကျော်နဲ့ ကိုကျင်ဖေ ကျွန်တော်တို့ ဟောဒီကျွန်းငုတ်ကြီး ဘေးမှာနေခဲ့မယ်"

"ဟုတ်ကဲ့"

"ဆရာကျော် ကျွန်တော်တို့ မြန်မြန် ပြန်လာခဲ့မယ်"

"အေး..."

ကျွန်တော်နှင့်ကိုကျော်မြ ကျွန်းငုတ်ကြီးဘေးတွင် ထိုင်နေလိုက်သည်။ မိုးကျော်အောင်နှင့်ကိုကျင်ဖေ တို့နှစ်ယောက်သည် တဲဘက်သို့ ဆက်သွားကြပါပြီ၊ ကျွန်တော်နှင့်ကိုကျော်မြ ရေဘူးထဲမှ အာဗီရမ်အား တစ်ယောက်တစ်ကျိုက်မော့နေခိုက်မှာပင်...

"ဖြောက်...ဖြောက်...ဖြောက်..ဖြောက်"

"ရော်... ဆရာကျော်ပ"

"ဟုတ်ကဲ့"

ကျွန်တော်၏ သေနတ်ပြောင်းသည် တောင်ပေါ်ဘက်မှ ပြေးဆင်းလာသော ချေတစ်ကောင်အား တွေ့လိုက်ရသည့်အတွက် ချိန်ပြီးသား ဖြစ်သော်လည်း ကျွန်တော် မပစ်လိုက်ပါ။ ပစ်လိုက်လျှင် ချေရနိုင်ပါ၏။ သို့သော် သေနတ်သံကြောင့် ဆတ်ထွက်သည့် နေရာတွင် ထားခဲ့သော တင်မြတ်တို့ထံသို့ ထွက်တော့မည် ဆတ်အုပ်လန့်ပြီး မထွက်ပါက ခက်ချေပြီ။

---



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ကျွန်တော်ပစ်ခတ်မှုကို လက်လျှော့လိုက်သည်ကို သိသွားသော ကိုကျော်မြ တစ်ခွန်းမျှ ဝင်မစွက်ဖက်၊ ကိုကျော်မြနှင့် ကိုကျင်မေတို့မှာ ကျွန်တော်တို့နှင့်တွဲပြီး တောပစ်ခဲ့ပေါင်းများပါပြီ၊ ကျွန်တော်တို့ လှုပ်ရှားမှုသာမက စိတ်နေစိတ်ထားကိုပင် သိနေကြသည့်အတွက် အကြောင်းသိအပေါင်းသိတွေ ဖြစ်နေကြပြီတည်း။

"ကိုကျော်မြ"

"ဗျာ"

"ကျွန်တော်ပစ်ရင် ရနိုင်တယ်ဗျ"

"ရော်... ဆရာကျော်အကြောင်း သိတာပအေး၊ ပစ်မလွဲပါပဲဆိုတာပ၊ ဒါပေမဲ့ အသံတွေကြားသွားမှာမို့ မပစ်တာ ဖြစ်မှာပအေး"

"ဟုတ်တယ်ဗျ၊ ထောင်မြင်တော့ရာစွန့် ဆိုသလိုပေါ့"

"ဟုတ်တာပ၊ ကောင်းတာပ၊ ချေကသေးတာပအေး၊ စောစောကလည်း တစ်ကောင်ရထားပြီပအေး"

"ဟုတ်တယ်ဗျ၊ ဒီဘက်မှာ ချေတော်တော်ပေါပုံရတယ်၊ ဝက်ခြေရာတွေလည်း ထပ်နေတယ်ဆိုတော့ သွားကောင်းပေါတော့၊ တောမှဆိုးလည်း မကြာမကြာလာမှာပဲဗျ"

"ရော်... သေချာတာပေါ့ဗျာ၊ ညပိုင်းတောမှဆိုး သတိထားရမှာပအေး"

ကျွန်တော်တို့နှစ်ယောက် ဒီနယ်မြေ အခြေအနေအား သုံးသပ်နေမိပါ၏။ လူသူမနီး ရာသီမဟုတ်သေး၍ အင်းမထွက်သည့်အတွက် လူမရှိ။ တစ်ခါတစ်ရံမျှသာ လာရောက်ကြည့်ရှုမည်သာဖြစ်၏ သို့အတွက် သားကောင်ပေါချင်တိုင်း ပေါပေမည်။ တောဝက်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် အနည်းဆုံး ငါးကောင်ခြောက်ကောင်ပေါက်၏။ တစ်ချို့ တောဝက်မများသည် ဆယ်ကောင်မှ ဆယ့်နှစ်ကောင်အထိလည်း ပေါက်ကြပြီး တောဝက်မများသည် ဖီးလွယ်ချိန်မှာ လေးလခန့်ဖြစ်၍ တစ်နှစ်လျှင် နှစ်ကြိမ်ပေါက်ပွားကြသည်သာ၊ တောဝက်များ၏ အရောင်အသွေးသည် အနက်ရောင်သို့ များပြီး ရွှံ့နွံကဲ့သို့ ညိုညိုတိုတို ရှိ၏။ ငယ်စဉ် မွေးကာစဝယ် ခန္ဓာကိုယ်ရှေ့မှ နောက်ဘက်သို့တန်းနေ သော အဝါစင်းများပါရှိပြီး အကောင်ကြီးသွားပါက ထိုအဝါစင်းများ ပျောက်သွားကြသည်။ သူတို့၏ အမွေးများသည် လည်ပင်းမှ ကျောရိုး တစ်လျှောက် အမွေးရှည်ပြီး အမွေးကြမ်းကြီးများ ဒေါသထွက်ပါက ထိုအမွေးရှည် အမွေးကြမ်းကြီးများ ကားနေအောင် ထောင်လျက် သူတို့၏ပါးစပ်မှ တဖောက်ဖောက် မေးရိုက်သံတွေ ထွက်ပေါ်ပြီးနောက် အထီးများဆိုပါက အပေါ်စွယ်အောက်အစွယ်တွေ ချွန်ထက်ကွေးလျက် ဆယ်သက်မအထက်အထိ ရှည်သည်လည်း ရှိ၏။ ထိုတောဝက်များ၏ ထူးခြားချက်မှာ အနံ့ခံအလွန်ကောင်းကြ၏။ မြေပြင်တွင် အပြေးလျင် သကဲ့သို့ ရေကူးလည်း လျင်၏။

တောဝက်များသည် မြန်မာပြည် အနှံ့ပေါ်များသော သတ္တဝါ များဖြစ်ကြပြီး မြက်တောကြီးများ ချုံဖုတ်နှင့်တောတန်းသက်ငယ်ကျင်း၊ တစ်ခါတစ်ရံ စွတ်စိုထိုင်းမှိုင်းသော သစ်တောကြီးများတွင် အုပ်စုလိုက်၊ အကောင်ရေတစ်အုပ်လျှင် သုံးလေးဆယ်အထိ နေထိုင်ကြပြီးနောက် သစ်သီးသစ်ရွက်များ၊ သစ်ဥသစ်ဖုများသာမက အပုပ်အစပ်အပြင် ပိုးကောင်ငယ်များနှင့်အတူ မြွေ၊ ကြွက်၊ ငှက်ငယ်များအား ရှာဖွေ စား သောက်တတ်ကြပြီး အစာရှားပါးသည့်အခါ အုပ်စုလိုက်ပင် လူရွာ၏



www.burmeseclassic.com

www.burmeseclassic.com



အခင်း များသို့ဝင်ရောက်၍စားသောက်ကြသည့်အတွက် အစင်းသမားများ၊ လယ်သမားများ၏ ရန်သူသဖွယ်သတ်မှတ်ခြင်းခံရသောသတ္တဝါ၊ အမျိုးချစ်သော၊ အုပ်စုလိုက်နေတတ်သော သတ္တဝါတွေလည်း ဖြစ်ကြသည်။

သားပေါက်ချိန်ရောက်ပါက တောဝက်မသည် သစ်ကိုင်းများ၊ မြက်ပင်ရှည်များ၊ သက်ငယ်ပင်များ ကိုက်ဖြတ်ပြီး အသိုက်လုပ်၍ သူတို့၏အသိုက်သည် လူတစ်ရပ်နည်းပါး၊ လက်မငါးဆယ်ခန့်အထိ အသိုက်အအုံဖွဲ့ပြီးနောက် တောဝက်မသည် ထိုအသိုက်အောက်မှ ဝင်ပေါက်ထွက်ပေါက်ထား၏။ အသိုက်အောက်ခြေမှ တိုးဝင်တတ်သကဲ့သို့ အရေးကြုံပါကလည်း ထိုအမြင့်လက်မငါးဆယ်ခန့်အား ခုန်ထွက်နိုင်သော စွမ်းအားရှိကြသည်သာ။

တောဝက်ထီးကြီးတစ်ကောင်၏ အလေးချိန်မှာ ပိဿာတစ်ရာကျော်ခန့်အထိရှိပြီး ဝက်မတစ်ကောင်သည်လည်း ပိဿာချိန်ခြောက်ဆယ်ကျော် ခုနစ်ဆယ်ခန့်အထိ ရှိသည့်အပြင် တောဝက်၏ ထူးခြားမှုမှာ သစ်သီးသစ်ဥ၊ သစ်ခေါက်၊ သစ်ရွက်များစားကြရသည့်အတွက် တောဝက်တွင်းအဆီ မရှိသလောက်ရှားပြီး အသားတွေအပြည့် ဝက်ခေါက်မှာ အကောင်ရင့်လေထူလေ ဝါးမရအောင်ပင် မာသည်။

သူတို့၏ခန္ဓာကိုယ်ဆောက်တည်ပုံမှာ အိမ်ဝက်တွေလို အဆီမရှိသည့်အပြင် အပြေးမြန်ကြသည့် သတ္တဝါတွေဖြစ်၍ တောဝက်၏ ခါးသည် ဘယ်တော့မှ ကော့မနေ၊ အမြဲလိုလို ခါးကုန်းကုန်း ဗိုက်ချပ်ရုပ်ဖြစ်ကြသည့်အပြင် အရပ်အမြင့်မှာ သုံးပေကျော်ကျော်ခန့်အထိလည်း မြင့်နေ၏။ ဦးခေါင်းမှ ခန္ဓာကိုယ်အဆုံးအရှည်မှာ အများအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com


ငါးပေမျှပင်ရှည်ပါ၏။ အမြီးမှာလည်း တစ်ပေနည်းပါးရှည်သည်ကို တွေ့ရပါသည်။

တောဝက်များ၏ ကျက်စားချိန်မှာ ချေ၊ ဒရယ်၊ ဆတ်တို့ကဲ့သို့ပင် နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် အများဆုံး တောထဲမှာ လှည့်လည်စားသောက်ကြပါသော်လည်း အစာရှား၍ အခင်းထဲဆင်းကြပါက အချိန်သတ်မှတ်ချက်မရှိကြ၊ လူအလစ် သို့မဟုတ် အချိန်မရွေး အပြေးဝင် အပြေးစားကြပြီးနောက် အပြေးအလွှားပြန်သွားတတ်ကြ၏။ တောဝက်များသည် တောကောင်ပီပီသသ ခြေလုံအောင်လည်း သွားတတ်ကြပြီးနောက် သူတို့၏ ခွာသည် မာကျောပြီး ခွာမလန်ပဲ ခွာစိုက်ကြသဖြင့် ပိုမို အပြေးသန်ပြီးလျှင် လျင်မြန်သော တောသတ္တဝါတစ်မျိုးဖြစ်သည့်အပြင် တစ်ခါတစ်ရံ ကချင်နေအိမ်၊ ကချင်ရွာများနှင့် နီးစပ်ပြီး ကချင်ဝက်၊ အိမ်ဝက်များဖြင့်လည်း ပေါင်းဖက် မိတ်လိုက်တတ်၏။ သို့အတွက်ကြောင့် အများအားဖြင့် ကချင်ဝက်သည် မသိပါက တောဝက်သဏ္ဍာန် ဖြစ်နေကြသည်ကိုလည်း ကောင်းစွာ တွေ့ရပါသည်။ တောဝက်တစ်ကောင် တစ်နှစ်လျှင် နှစ်သား၊ တစ်သားလျှင် ရှစ်ကောင်ထား၊ နှစ်သား ဆယ့်ခြောက်ကောင်၊ ငါးကောင်ခြောက်ကောင်သေပါကလည်း အနည်းဆုံးဆယ်ကောင်လောက်အထိ ကျန်နိုင်သည့်သာ။

တောဝက်၏အသားသည် စားလို့ ကောင်းသည်။ အသားတွေများပြီး တစ်ခါတစ်ရံ အနည်းငယ်ပင် ချဉ်ပြုံးပြုံး ဖြစ်နေ၏။ ဝက်သိုးကြီးများရှိပါက အမြန်ဆုံး ဝက်သိုလ်အား လှီးဖြတ် ဖြစ်မှသာလျှင် သိုးနံ့ကင်းပြီး စား၍ရသည်။ တောဝက်အကောင်သုံးဆယ်ခန့်တစ်အုပ်ပင်လျှင် အထီးများ ဆယ်ကောင်ခန့်ရှိပါစေ၊ တစ်ကောင်နှင့်တစ်ကောင်


www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ရန်မစောင်၊ တစ်ခါတစ်ရံ လောက်သာလျှင် ဗိုလ်လုကြသည်။ ဝက်မဆယ့်လေးငါးကောင်၏ တစ်နှစ် နှစ်ကြိမ်ပေါက်ပွားမှုဝယ် တောမုဆိုး ကျား၊ ကျားသစ်၊ တောခွေးရန်မှ လွတ်ကင်းပါက နောက်ထပ် တောဝက်အကောင်သုံးလေးဆယ်တစ်အုပ် ထပ်မံပေါ်ပေါက်နိုင်သည်သာ။

သို့အတွက်ကြောင့် တောဝက်အကောင်ရေ တိုးပွားမှုသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာသည်နှင့်အမျှ သင်္ချိုင်းဝလံ၊ သစ်ဥသစ်ဖုများ ရှားပါးလာသည့်အတွက် မိုးကာလ မြက်တွေပေါ်သော်လည်း အသားအစားသတ္တဝါအသားကြိုက်နှစ်သောကြောင့် အခါအားလျော်စွာ တောင်ပေါ်ဆင်းပြီး အခင်းတွေ လယ်ကွက်တွေပါ ဝင်ရောက် ဖျက်ဆီးသကဲ့သို့ ဖြစ်နေပါသည်။

"ရော်...ဟုတ်တာပအေး တောဝက်ဆိုတာ အိမ်ဝက်ပဲဖြစ်ဖြစ်ပ၊ ပြောရရင် ကမ္ဘာ့ဟင်းသီးဟင်းရွက်ပ ဆရာကျော်"

"ဟုတ်တယ်လေ ကိုကျော်မြရဲ့ ချေ၊ ဒရယ်၊ ဆတ်တွေလည်း ဟင်းလျာတွေပါပဲ၊ ဒါပေမဲ့ မျိုးစေ့ဆိုပါတော့၊ မျိုးဆက်မပြတ်အောင်တော့ ကျွန်တော်တို့ မုဆိုးတွေမှာ တာဝန်ရှိတယ်၊ ဒါကြောင့်လည်း တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းရေးကနေပြီး ဥပဒေတွေ ထုတ်ထားတာပေါ့များ၊ ကြိုးဝိုင်းအတွင်းမှာမပစ်ရ၊ အခုလို ကျွန်တော်တို့ တောလယ်နေတဲ့ ယောဒီတောမျိုးတွေ တောစပ်စပ် ရွာခြေတွေကျတော့ အပတောသဘောသတ်မှတ်ပြီး ပစ်ခတ်မှု ပြုလုပ်နိုင်ပါတယ်ပေါ့၊ ကိုကျော်မြ၊ တိရစ္ဆာန်မျိုး တစ်မျိုးစီကို မျိုးစိတ်၊ မျိုးဆက်တစ်ခုစီအဖြစ် သတ်မှတ်ပြီး တောတိရစ္ဆာန်တွေမှာ ဘယ်လ၊ ဘယ်အခါမျိုးမှာ ဖိုးလွှယ်ရှိ၊ သားမွေး

www.burmeseclassic.com



ချိန်များ ဖြစ်တယ်၊ မပစ်စတ်ကြရန်နဲ့ တစ်ချို့သော သားကောင်ဆိုပါက လုံးဝ ခွင့်မပြုကြတဲ့အထိ ဥပဒေတွေနဲ့ တားဆီးကန့်သတ်ထားရတာယ်ဗျ"

"ရော်...ဟုတ်တာပ၊ အဲဒီလို မတားဆီးပါကလည်း မလွယ်ဘူး လေ၊ စည်းမစောင့်တဲ့ မုဆိုးတွေ ကြုံရတာပအေး၊ အကောင်ပေါက်စ ကလေးတွေအစပ၊ ဗီးပါမရှောင် ပစ်ခတ်တာ တွေ့ဘူးတာပ"

"ရော်...ကိုမိုးကျော်တို့ ပြန်လာကြတာပအေး"

ကိုကျော်မြသည် ပြောပြောဆိုဆို ကိုကျင်ဖေလွယ်ခဲ့သော ပလိုင်း အားသွားရောက် ကူညီသယ်ပိုးပြီး ကျွန်တော်တို့ လေးယောက် စရီး ဆက်ခဲ့ပါသည်။ အချိန်မှာ ငါးနာရီ လေးဆယ်သို့ ရောက်ပြီမို့ သား ကောင်တွေ ထွက်တော့မယ်၊ အချိန် အလွန် နီးကပ်လာပြီ ဖြစ်သဖြင့် ထမင်းအမြန် စားရန်ပင် ဆုံးဖြတ်လိုက်ပြီး မြန်မြန်လျှောက်ခဲ့ရာ တင်မြတ်တို့၏ ကျွန်းသုံးပင်သို့ ရောက်ခဲ့ပါပြီ။

"တင်မြတ်"

"ဟုတ်ကဲ့"

"ဘာထူးသလဲ"

"မထူးပါဘူး၊ ဒါပေမဲ့ အင်း အစပ်ဘက်မှာ တောဝက်ဆင်းပုံ ရတယ် ဆရာကျော်"

"အသံကြားလို့လား"

"ကြားတယ် နွံလူးပုံ ရတယ်၊ နောက်ပြီး တစ်ကောင်နဲ့တစ် ကောင် တိုးထိုးတော့ ကစားတာပဲဖြစ်မယ်"

"မင်း ဆင်းမကြည့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ဘူးဆရာကျော်၊ ကိုကြီးဆင်ပေါက် ပြောတယ်၊ ဟော ဒီဘက်မှ ဆတ်အများဆုံး ဆင်းလာတဲ့ လမ်းကြောင်းလို့ ပြောတယ်"

"ရော်... ဆရာကြီးပ၊ ဆတ်ပစ်ချင်ရင်တော့ စောင့်ရမှာပအေး၊ တောဝက်က အချိန်မရွေးရနိုင်တာပ၊ ဒါကြောင့် အသံလုံလုံနေတာ ပအေး"

"ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့က ပထမ ဆတ်ပဲ ပစ်မယ်ဗျ၊ ဒါပေမဲ့ ရှောင်သင့်တာမျိုးတော့ ရှောင်ရမှာပ တင်မြဝတ်နဲ့မိုးကျော်ရေ"

"စိတ်ချပါ ဆရာကျော်"

ကျွန်တော်တို့ ခြောက်ယောက် ထမင်းစားရင်း ကချင်အရက် သုံးလုံးကုန်သွားသည်။ နှစ်ယောက်တစ်လုံးခန့် သို့သော် ကျွန်တော်တို့ သုံးယောက်ကျူးသူတို့လောက် မသောက်ကြသကဲ့သို့ ကိုကြီးဆင်ပေါက် လည်းလူပါး၊ သူလည်း ကျွန်တော်တို့ အခြေအနေကြည့်ပြီး လိုက်သောက် သူ၊ အများဆုံးသောက်သူမှာတော့ ကိုကျင်ဖေ၊ ကိုကျင်ဖေသည် အစာ လည်းများများစား၍ အသောက်လည်း များများ သောက်၏။ တစ်ခါ တစ်လေ တစ်ယောက်ထဲပျင်း၍ အရက်သောက်ရာ တစ်လုံးကုန်မှထ၏။

အပေါင်းအသင်းတွေနှင့် အပျော်သောက်ပါကလည်း အနည်း ဆုံး တစ်လုံးဆိုသည်မှာ အသာလေး၊ သို့သော်လည်း မူးပြီးရမ်းတယ် မရှိပါ၊ စိတ်တို၏၊ စိတ်ဆတ်၏၊ စိတ်မြန်၏၊ သို့ပါသော်လည်း အင်မ တန် ထိန်းသိမ်းနိုင်သူ၊ သူ့အပေါ် ကြောပြီး ပြောပါက လက်မခံ၊ မှန် ကန်စွာ ရဲရဲဝံ့ဝံ့ ပြောရဲဆိုရဲသော သတ္တိ၊ အမြဲရှိ၍လည်း တစ်ရွာလုံးတော ကိုကျင်ဖေဆိုပါက လူကြီးလူငယ်မှအစ ရွယ်တူအဆုံး အားလုံးကလေး စားပြီး အားကိုးရသူ၊ ရပ်ရေးရွာရေးအမြဲ ဦးဆောင်သူ ကိုကျော်မြသည်



www.burmeseclassic.com

www.burmeseclassic.com



ကား အရက်သောက်သောက် မသောက်သောက် စိတ်ဆတ်၏၊ စိတ်တို၏။ သို့သော် စကားပြော ပျော့ပျောင်းပြီး ညက်၏။

ရွာ၏ဦးဆောင်ဦးရွက် မြို့တက်ပြီး ပြောဆိုရသောသူ ကျွန်းကြီးတစ်ရွာလုံး အားအထားရဆုံးပင်၊ မံမလင်းသားနှင့်ကျွန်းကြီးရွာသားနှစ်ယောက်အနက် ကိုကျင်ဖေက ကိုကျော်မြထက် သုံးနှစ်ခန့်ကြီး၏။ ရှမ်းဗမာတွေဖြစ်ကြ၍ ခင်မင်ရင်းနှီးကြသူတွေ၊ မရှိတူတူ ရှိအတူတူဆိုသော လူစားမျိုး၊ ရှမ်းဗမာများထဲတွင် အင်မတန် သတ္တိကောင်းသူတွေ(စာရေးသူနှင့် သူတို့တစ်တွေ ၁၉၆၂ခုနှစ်မှ ၁၉၇၈ခုနှစ် စာရေးသူရန်ကုန် မရောက်ခင်အထိ အင်မတန် ခင်မင်ပြီး ညီရင်းအစ်ကိုပမာနေထိုင်ခဲ့ကြပါ၏) အစစအရာရာ ကျွန်တော်တို့နှင့် သူတို့အပြန်အလှန်ကူညီပေးခဲ့ကြသည်သာ။

ထမင်းစားပြီးသည်နှင့် ခေတ္တနားမည် ပြုပါသော်လည်း အချိန်က အချိန်က လူကို မစောင့်တော့သည်အတိုင်း အမှောင်လွှမ်းတော့မည်။ နေကလင်းကျစပြုနေပြီဖြစ်၍ သုံးဖွဲ့ခွဲ စောင့်ရန် စီစဉ်ရပေမည်။

"မိုးကျော်နဲ့တင်မြတ်ရေ- တို့ သုံးဖွဲ့ခွဲမယ်၊ ကိုကြီးဆင်ပေါက်ပြောသလို ဆက်ထွက်တဲ့ နေရာကို နှစ်ဖက်ညှပ်ပြီး စောင့်မယ်၊ ငါကတော့ ဟောဟိုအစွန်ဘက်မှာ စောင့်မယ်လေ"

"ဆရာကျော် အလယ်မှာပဲ နေပါလား"

"မင်းတို့နှစ်ယောက် ပစ်လေ၊ ငါက ငါ့ဘက်ထွက်ရင် ဒါမှ မဟုတ် ငါ့ဘက်က ထွက်ရင်ပေါ့ကွာ ငါပစ်မယ်လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ... မှာရဦးမယ်၊ တောမှဆိုးမပစ်နဲ့ နောက်ပြီး အတတ်နိုင်ဆုံး တို့ပစ်မှာက ဆတ်ဆိုတော့ ဆတ်ကလွဲရင် မပစ်နဲ့ကွာ၊ မကောင်းဘူးလား"

"ဟုတ်တယ် ဆရာကျော်၊ ကျွန်တော်တို့ ပစ်ချင်တာ ဆတ်ဆိုတော့ ဆတ်ပဲ ပစ်ကြတာပေါ့"

"ကဲ...ငါနဲ့ကိုကျော်မြ အရင်ထွက်မယ်၊ တင်မြတ်နဲ့ကိုကြီးဆင်ပေါက် အလယ်မှာနေရာယူ၊ မိုးကျော်နဲ့ကိုကျင်ဖေကတော့ အလယ်အတွက် အကူအညီပေးရင်း ဒီဘက်က အစွန်ဆုံးမှာ နေရာယူကြပေါ့၊ ပစ်ခတ်မှုရယ်၊ တို့တစ်တွေနေရာယူတာက ရင်ဘောင်တန်း ၅သဘောသက်ရောက်တော့ ပဆောက်ပုံစံ ဖြစ်တယ်၊ ဒါကြောင့် အင်းဘက်ကိုပစ်ကြ ဒါမှမဟုတ် တောင်ပေါ်တက်ပစ်ဖို့သာ ဦးစားပေးထား"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာကျော်"

"ကဲ... ငါထွက်မယ်၊ တင်မြတ်လိုက်ခဲ့၊ ကိုကျော်မြရေ သွားစို့"

"ဟုတ်...ဟုတ်"

ကျွန်တော်နှင့်ကိုကျော်မြ ရှေ့ဆုံးမှထွက်ခဲ့ပြီးနောက် တင်မြတ်ဆက်လိုက်၏။ တင်မြတ်ဘေးမှာတော့ ကိုကြီးဆင်ပေါက် တက်ကြွသော အပြုံးများက အားမာန် အပြည့် လိုက်ပါနေသော တင်မြတ်သည် သူ့အတွက် နေရာယူရန် စောစောထဲက ရွေးထားပါသော်လည်း ရပ်မနေသေးပဲ ကျွန်တော်တို့နောက်သို့ ဆက်အလိုက်...

"ဝေါင်း...ဝေါင်း...ဝေါင်း"

"ဝေါင်း"

"ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရော်...ကျားသံပအေး"

"တင်မြတ်ရေ ဂရုစိုက် သိပ်မဝေးလှဘူး"

"ဟုတ်တယ် ဒါကြောင့် ကျွန်တော်ဆရာကျော် နေရာယူတဲ့အထိ လိုက်ခဲ့မယ် ဆရာကျော်"

"အေး.."

"တောမုဆိုးကြီးအသံက ဆရာကျော်နေရာယူခဲ့တဲ့ဘက် ဖြစ်နေပုံရတယ်"

"ကိစ္စမရှိပါဘူး၊ ငါသတိထားပါတယ်"

"ဝေါင်း"

"ဝေါင်း"

"ရော်...ဆရာကြီးပအေး၊ ဟောဟို လျှိုကြီးဘက်မှာ ရောက်နေတာပ"

"ဟုတ်တယ် ကိုကြီးဆင်ပေါက် ကိစ္စမရှိပါဘူး၊ သူလည်း အစာရှာတာ ဖြစ်မှာပေါ့"

"သတိတော့ ထားမှ ဖြစ်မှာပအေး"

"ဟုတ်တယ်၊ ဒါပေမဲ့ သူက တောမုဆိုး၊ ကျွန်တော်တို့က လူမုဆိုး၊ ဒီတော့ သူ့စည်း ကိုယ့်စည်းစောင့်ရင် အန္တရာယ် ကင်းပါတယ်"

တောမုဆိုးကျားကြီးသည် ကျွန်တော်နေရာယူမည့် လျှိုထိပ်၏ နောက်ကျောတောင်စောင်းဘက်မှာ ရောက်နေပါပြီ၊ စောစောက တောင်ပေါ်မှ ကြားရသည့် အသံရှင် တောမုဆိုးတော့ ဖြစ်မယ်မထင်၊ စောစောကကြားခဲ့သော တောမုဆိုးအသံမှာ တောင်တန်းကြီးပေါ်မှ သာဖြစ်၍ ယခုကြားရသော တောမုဆိုးနှင့်တစ်ကောင်စီကတော့ သေချာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... တင်မြတ်ရေ တို့ ဒီမှာပဲ နေရာယူတော့မယ်"

"ကောင်းတယ်ဆရာကျော်၊ တောမှဆိုးအသံကြားရတာနဲ့ နီးတော့ နီးတယ် ဒါပေမဲ့ ကြားမှာကွက်လပ်ရှိတော့ အဆင်ပြေတယ်"

"အေး...အခြေအနေအရ အပေါ်တက်မယ်၊ အပေါ်ဆိုတာ အပင်ပေါ်နော်"

"ဟုတ်ကဲ့"

"ရော်..ဆရာကြီးပ ဒီနေရာကို မအူမြောင်လို့ ခေါ်တာပ"

"သြော်... မအူမြောင်တဲ့လား"

"ဟုတ်တာပ...ဒီမှာ ကြည့်တာပ မအူပင်တွေလေ"

"ကိုကြီးဆင်ပေါက်ကလည်း မအူပင်ရှိတာနဲ့ မအူမြောင်လို့ ခေါ်ကြတာလား"

"ရော်... မဟုတ်၊ မအူပင်တွေပေါပြီး မိုးအခါရေကြီးတာပ၊ ရေကြီးတဲ့အခါ ဒီဘက်တောင်နဲ့ ဟိုဘက်တောင် နှစ်ခုကြားမှရေက မြောင်နေတာပ၊ ဒီနေရာမှာ ငါးတွေ လာခိုတာပ၊ ညဘက်ဆို ငါးခုန်သံတွေပအေး၊ ဆူနေတာပ၊ ဟောဟိုက တောင်အောက်မှာလည်း မအူပင်တွေ ရှိတာပ၊ ဒါကြောင့် ဒီနေရာကို မအူမြောင်၊ ဟိုတောင်အောက်ကိုတော့ တောလို့ မမှားအောင် အမည်ပေးထားကြတာပ"

ကျွန်တော်က ထူးထူးဆန်းဆန်းလားဟု တွေးပြီး ကိုကြီးဆင်ပေါက် ပြောပြသည်ကို နားထောင်နေပါသော်လည်း မထူးခြားပါ၊ သို့အတွက် ကျွန်တော်တို့နှစ်ယောက် နေရာယူပြီး တင်မြတ်နှင့် ကိုကြီးဆင်ပေါက်အားအလယ်တွင် နေရာယူကြပါရန် ပြန်လွှတ်လိုက်သည်။

"ဖောက် ... ဖောက် ... ဖောက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး...ရှူး...ရှူး"

"ဖောက်....ဖောက်"

"ကိုကျင်ဖေ... တောဝက်တွေဗျ"

"ရော်... ငါးကောင်ပအေး ပစ်ရင်ကောင်းမလားပ"

"တောဝက် တော်တော်ပေါ်တာပဲ၊ စောင့်ကြည့်တာပေါ့ဗျာ"

"ရော်...ကိုမိုးကျော်ပ...ဟိုမှာပ... ဟိုမှာပအေး"

"ဟောဗျ"

မိုးကျော်အောင်သည် ကိုကျင်ဖေ ပြသည့်ဖက်သို့အကြည့် တောမုဆိုးကျားကြီးတစ်ကောင်သည် ခြုံငယ်ဘေးမှ မြေတွင်ဝပ်ပြီး တောဝက်ငါးကောင်အား ချောင်းမြောင်းနေပါသည်။ တောမုဆိုးကျားကြီးမှာ မိုးကျော်အောင်တို့အား မတွေ့မမြင်ပါ။ မိုးကျော်အောင်တို့နှင့် တစ်ပြေးညီရင်ဘောင်တန်းလျက် တောင်စောင်း၏ဆင်ခြေလျှောအတိုင်းမို့ မိုးကျော်အောင်တို့မှာလည်း ကုန်းမမြင့်၊ တောမုဆိုးကျားကြီး၏နေရာမှာလည်း တောင်စောင်းမြေမို့ ကုန်းက ပြေပြေပြစ်ပြစ် မမြင့်ပါ။ တစ်တန်းတည်းအနေအထား၊ သို့သော် မိုးကျော်အောင်တို့နှစ်ယောက်နေရာယူထားသည့် အကာအကွယ်မှာ ကျွန်းပင်ကြီးသုံးပင်နှင့် ကျွန်းငုတ်ကြီးအပေါ်တွင် နေရာယူထား၍ အကာအကွယ်ရှိပြီး လုံခြုံမှုကောင်းသည့်အတွက် တောမုဆိုးကျားကြီး မမြင်နိုင်တော့ပါ။

"ဖောက် ... ဖောက် ... ဖောက် ... ဖောက်"

"ရှူး...ရှူး"

"ဖောက်....ဖောက်"

"ဝုန်း...ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



တောမုဆိုးကျားကြီးသည့် ဗျောဝက်အုပ်ထဲမှ ဝက်တစ်ကောင်ကအခြားဝက်တစ်ကောင်အား တွန်းထိုးလိုက်သည်ကို နောက်တစ်ကောင်က ပြန်ပြီးအပက် အလစ်အငိုက် တိုက်ခိုက်ပါလေပြီ။

"ဝူး ... ဖောက် ... ဖောက် ... ဖောက်"

"ဝေါ...ဝုန်း...ဝူး"

"ဖောက် ... ဖောက် ... ဖောက်"

"ဝူး....ဝူး...ဝူး"

တောမုဆိုးကျားကြီး ခုန်အုပ်ပုံမှာ အလွန်ကြည့်ကောင်းသည်။ သတိအမြဲရှိနေသော တောဝက်များသည် တစ်ကောင်နှင့်တစ်ကောင် တွန်းတိုက်စနေကြခိုက် တစ်ချက် သတိလွှတ်ဝင်အုပ်လိုက်ပါသော်လည်း တောဝက်သည်လည်း ကျားကိုက်မှု အန္တရာယ်ကို တိမ်းရှောင်ရင်း ပြန်လှည့်အပက် သို့သော် နောက်ကျသွားပါပြီ။

တောမုဆိုးကျားကြီး၏ ဝီရိယစိုက်ထုတ်မှု မှန်မှန်ကန်ကန်အား တောဝက်၏အလှည့်အတွန့်ကြောင့် အနည်းငယ် ကိုက်ခဲမှုလွဲပါသော်လည်း သူခဲထားမှုအား မလွှတ်တော့။ တကယ်တော့ တောမုဆိုးကျားဆိုသည့် သတ္တဝါကြီးများသည် သူ၏အစာ သားကောင်၏ လည်ဂုတ်ကို ထိထိမိမိ ကိုက်ခဲသကဲ့သို့ ရှေ့လက်နှစ်ဖက်သည်လည်း ထိုသားကောင်၏ ဦးခေါင်းပိုင်းနှင့် ကိုယ်ထည်ပိုင်းအား ဩန့်ဂက်နေသော လက်သည်းကြီးများဖြင့် အသားထဲ စိုက်ဝင်အောင် ဖိဆုပ်ထားသည်သာ။

အိမ်ခြံဝင်းထဲမှ နွားနှင့်ကျွဲပေါက်၊ အိမ်မွေးဆိတ်များကိုခဲပြီး စည်းရိုးအားခုန်ကျော်နိုင်သည် ဆိုခြင်းမှာ မလွယ်သောအလုပ်၊ နွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျား၏ အလေးချိန်မှာ တချို့ဆိုပါက နွားက ကျားထက် အများကြီး သာသောအလေးချိန်ရှိသော သတ္တဝါဖြစ်ပြီး ထိုခြံစည်းရိုးကျော်ဖြတ်ခုန် ထွက်ရာတွင် အင်မတန် သတ္တိကောင်းပြီး အကင်းလည်းပါး၏။ သူခဲ ထားသည်မှာပင် အကိုက်အခဲ ခံထားရသော သတ္တဝါ၏ အစိက အကြော၊ လည်ဂုတ်ကြောကြီးကို အမိအရ ခဲထားရာမှ သူခုန်ရန် အားယူ သကဲ့သို့ သူအားစိုက်ပြီးအခုန်၊ သူခဲထားသော သတ္တဝါလည်း သူ နှင့်အတူပါရန် ပထမ စကိုက်ခဲစဉ် မိမိရရလည်ဂုတ်ကြောအား တအားဖိ ပြီး အကိုက်၊ ထိုသတ္တဝါသည်လည်း ကြောက်လန့်ပြီး အလွန်နာကျင် လှသည့်အစွယ်များ၏ အန္တရာယ်မှ လွတ်သည် မလွတ်သည် သူမသိ ပါ၊ ကြောက်ကြောက်လန့်လန့် ခုန်လိုက်သည်တွင် တောမုဆိုးကြီးနှင့် အတူပါသွားပြီး ခြံအပြင်ရောက်သွားသည်သာ။

သူ့ထက်အလေးချိန်သာသော ထိုသားကောင် နွား၊ ကျွဲ၊ ဆိတ် တို့အား ထိုနည်းဖြင့် အလွယ်တကူ ခြံကိုခုန်ကျော်ပြီးမှ တောစပ် သို့မဟုတ် သူအတွက် အသားစားလိုက်၊ ရေသောက်လိုက်၊ အဆင်ပြေ သည့် ရေစပ်သို့ ဆွဲယူသတ်ဖြတ်စားသောက်သည်သာ။ ထိုတောမုဆိုး ကျားကြီးများသည် အကောင်ကြီးသွားပါက သစ်ပင်ပေါ်မတက်ဘဲ ရေစိမ်တတ်ကြပြီး ထိုရေနှင့်အနီးစပ်ဆုံးတွင် အများအားဖြင့် စား သောက်အိပ်စက်တတ်ပြီး တစ်ခါစားပါက ချေအထီးတစ်ကောင် လောက် ကုန်အောင်စားနိုင်ပြီး အိပ်စက်နားနေရာ နှစ်ရက်သုံးရက် အထိ အစာမစားဘဲလည်း နေတတ်ကြ၏။ အကယ်၍ အကောင်ကြီး တစ်ကောင်ကောင် စားပြီး မကုန်၍ ကျန်နေပါက ထိုအပုပ်အစပ်ကို လည်း ပြန်စားတတ်၏။ နောက်ဆုံးအဆင့် စားစရာမရှိပါက တောတက်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ မြွေ၊ ဖား၊ ကြွက်နှင့်အတူ အသီးများ၊ ဥများကိုလည်း ရံဖန်ရံခါ စားတတ်သော သတ္တဝါကြီးတွေဖြစ်၏။ တစ်ကောင်တည်း အသား လွတ် ခုန်ပါကလည်း ပေနှစ်ဆယ်ခန့်အထိ ခုန်နိုင်ကြ၏။

"ရော်...တော်တော် ဖွဲကောင်းတာပအေး"

"ဘယ်သူတုန်း ကိုကျင်ဖေ"

"ရော်...တောဝက်ပအေး၊ တွေ့လား တွေ့လား ပြန်ပက်နေတာပ"

"ဝူး... ဖောက်... ဖောက်"

"ဝူး... ဝူး... ဝူး..."

"ဝူး... ဟူး... ဟူး..."

တောဝက်၏ လယ်ဂုတ်နောက်နားကို ခဲထားသော တောမှဆိုး ကျားကြီးအား ဒေါသဖြစ်လျက် နှာကျင်မှုနှင့်အတူ ရောထွေးပြီး ပါး စပ်မှ အမြှုပ်ထွက်အောင်ပင် တစ်ဖောက်ဖောက်မည်အောင် ပြန်တိုက် ခိုက်နေ၏။ တောမှဆိုးကျားကြီးသည်လည်း ဝမ်းခေါင်းသံပါအောင် ကိုက်ထားသည့် ပါးစပ်ထဲမှပင် ဝူး... ဟူး... ဟူး... ဆိုသော အသံများ ထွက်ရင်းတောဝက်၏ နောက်ဆုံးလှုပ်ရှားမှုအား အားမာန်ဖြင့် ခုခံမှု တို့နှင့်အတူ ဘတစ်ပြန် ကျားတစ်ပြန် ဆိုဘိသကဲ့သို့ လုံးထွေးနေရာမှ တောဝက်၏ ပါးစပ်ထဲသို့ ကျားကြီး၏ နားတစ်ဖက် ဝင်သွားကာ တောဝက်မှာလည်း ရှိသမျှ ခွန်အား သုံးလိုက်ရာ တောမှဆိုးကျားကြီးနှင့် အတူ တောဝက်ပါ လိမ့်ကာလိမ့်ကာ ရေစပ်ဘက်သို့ လိမ့်ကျသွားပါပြီ။

တောမှဆိုးကျားကြီး၏ကိုက်ခဲထားမှုကား လုံးဝ မလွှတ်သေး၊ တောဝက်၏ ပါးစပ်ထဲမှ ကျားကြီး၏ နားရွက်လည်း လွှတ်အောင် ရုန်းမရ၊ သို့သော်တောမှဆိုးကျားကြီး၏ သန်မာလွန်းသော မေးရိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



များနှင့်အတူ ဟက်မြက်ချွန်မြသော သွားများ၊ အစွယ်များ ပိုမိုဝင်သွားရာ အားရှိသမျှ ခွန်အားသုံးပြီး ကိုက်လိုက်သည်။

"ဝူး..."

"ဝူး..."

"ဝူး...ဘုံး... ဝေါ..." –

နှစ်ကောင်လုံးထံမှ ထွက်ပေါ်လာသော အသံများမှာ ပီပီသသ မရှိ၊ နောက်ဆုံးအဆင့် ကျားကြီး၏ နားရွက်တစ်ဖက် ပြတ်သွားပါပြီ၊ နားရွက်ပြတ်ကြီးအား တောဝက်ကြီးက ကိုက်ဝါးစားလိုက်သည်။ ကျားကြီး၏ ဦးခေါင်းဝယ် တောဝက်ထံမှ ထွက်သောသွေးများနှင့် အတူ သူ၏ နားရွက်ပြတ်ကြီးမှ ထွက်နေသော သွေးများသည် ပါးစပ်နှင့် အောက်မေးသို့တိုင် ရွှဲရွှဲစိုနေသကဲ့သို့ တောဝက်တစ်ကိုယ်လုံး ကျားကြီး ခဲထားသည့်အစွယ်နှင့်သွားများအကြားမှ ယိုစီးထွက်နေသော သွေးများ ရှေ့လက်တွင် ကုတ်ထားသော လည်သည်းများအကြားမှ ယိုစီးနေသော သွေးများကြောင့် ကြည့်မကောင်းတော့ပါ။

"အင်း...ကိုကျင်ဖေရေ... တောဝက်တော့ သေတော့မယ်ဗျ"

"ဟုတ်တာပအေး၊ ကျားက နေရာကောင်းကောင်း မမီလို့သာပ အေး၊ စိတ်ကြိုက်နေရာသာဆို တောဝက်စောစောထဲကသေပြီပ၊ ခုတော့ နောက်ပိုင်း နည်းနည်းရောက်သွားလို့သာ တောဝက်မသေသေးတာပ"

"ရော်... တောဝက်... တောဝက်လည်း လဲပြီဗျ"

"ရော်..ဟုတ်တာပ၊ ယော်...ယော် ကျားကြီးပ၊ နားက သွေးတွေ အများကြီး ကျနေဟာပ"

"ဝူး ...ဝူး ... ဝူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝူး ...ဝူး ... ဝူး"

"ဝေါင်း... ဝူး"

တောဝက်ထဲမှ ကြားရသော အသက်ကို ပြင်းစွာ ရှိက်ရှူနေသံနှင့် အတူ ဝမ်းဗိုက်ထဲမှ တရှူးရှူးမြည်ထွက်နေသောအသံများ တောမုဆိုး ကျားကြီးထံမှလည်း နာကျင်မှုကြောင့်လားတော့ မသိ တစ်ချက် ဟိန်း ဟောက်လိုက်ပြီး ဝမ်းဗိုက်ထဲမှ ထွက်လာသော လိုဏ်သံကြီးများပင် ကြားရပြီးနောက် တောဝက် လုံးဝ မလှုပ်တော့ပါ။ တောမုဆိုးကျားကြီး မှာလည်း နာကျင်မှုတွေ လုံးထွေးသတ်ပုတ်ရမှုတွေနှင့်အတူ သူ၏နားမှ ထွက်နေသောသွေးများကြောင့် ဦးခေါင်းကြီးတစ်ချက်ခါပြီး မြေမှာ လူး လိမ့်သည်။ နောက်ရေစပ်သို့ရေဆင်းသောက်ရင်း ရေထဲဆင်းစိမ်နေ၏။ မောလွန်း၍ရေစိမ်ကာနားနေသည်လားမသိ၊ ရေထဲမှာ တစ်ကိုယ်လုံးနစ် လိုက် ဦးခေါင်းကြီးဖော်ပြီးခါလိုက်နှင့် တော်တော်နာကျင်နေသည်သာ။

တောမုဆိုးကျားကြီးသည် ရေထဲမှ ပြန်တက်ပြီးနောက် သူ၏ နားတစ်ဖက်ပြတ်ကြီးဖြင့် သွေးတွေကျနေဆဲမှာပင် တောဝက်ထံရောက် လာလျက် နမ်းရှူ့ကာ မစားမသောက်သေးဘဲ မိုးကျော်အောင်နှင့် ကိုကျင်ဖေတို့ဖက်သို့ တည့်တည့်မတ်မတ်ကြီး တက်လာနေပါသည်။ တောမုဆိုး ကျားကြီးတက်လာပုံမှ အင်မတန် ပင်ပန်းနွမ်းနယ်ပြီးနောက် နားတစ်ဖက် ဒဏ်ရာရလျက် သွေးယိုစီးဆဲမို့ ဦးခေါင်းတစ်ဘက် စောင်းပြီး...

"ဝေါင်း... ဝေါင်း... ဝေါင်း... ဝေါင်း"

"ဝူး... ဝေါင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း... ဝူး... ဝူး... ဝေါင်း"

"ရော်... ဆရာ ကိုတင်မြဲတ်ပ၊ ဟိုဖက် ကျင်ဖေတို့ဖက်က ကျား သံပအေး တော်တော် နီးတာပ"

"ကိစ္စမရှိပါဘူး၊ စောစောကလည်း အသံကြားတယ်၊ တောမုဆိုး နဲ့သားကောင်လုံးထွေးနေပုံပဲ"

"ရော်...ဟုတ်တာပ၊ ကျွန်တော်က မကောင်းဆိုးဝါး အသံတွေ ထင်နေတာပ၊ တောမုဆိုးဆိုတာ ကျားကိုခေါ်တာပ"

"ဟုတ်တယ် ကိုကြီးဆင်ဇပါက်"

"ရော်..အဲဒီကျားကြီးရော တောမုဆိုးကြီး ကျင်ဖေနဲ့ ဟိုဆရာဖက် တက်သွားနေတာထင်တာပအေး၊ သွားကူရရင် ကောင်းမလားပအေး၊ လိုများ လိုအပ်နေမလားပ"

"ကိစ္စမရှိပါဘူး မိုးကျော်အောင်က လျင်မြန်ပါတယ်၊ နောက်ပြီး ကိုကျင်ဖေလည်း ပါနေတော့ စိုးရိမ်စရာ မလိုပါဘူး၊ ကိုကြီးဆင်ပေါက်"

"ဝေါင်း... ဝေါင်း... ဝူး..."

"ဝေါင်း... ဝေါင်း..."

"ဝူး... ဝူး... ဝေါင်း"

တောမုဆိုးကျားကြီး ဒေါသတွေ ပါနေ၏။ သူ၏ဒဏ်ရာသည် အလွန်နာကျင်နေမည်သာ၊ မိုးကျော်အောင်သည် ကျွန်းငုတ်ကြီးဆီသို့ ပိုမို ကပ်ထားသကဲ့သို့ ကိုကျင်ဖေမှာ သူ၏ ခါးတွင် လွယ်ထားသော သူ့ ဌက်ကြီးတောင် ရှမ်းဓားရှည်ကြီးအား ဆွဲထုတ်ပြီး ကျွန်းပင်ကြီးဆီး သို့ ကပ်ရင်း အသင့်ဖြစ်နေ၏။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



ကိုကျင်ဖေသည် သူ့ရှမ်းလွယ်အိတ်ထဲမှ လေသာက်လေးခွကို ဆွဲထုတ်လိုက်သည်။ လက်ထဲမှ ငှက်ကြီးတောင်ဓားအား မြေမှာစိုက်ထား၏။ တောမုဆိုးကျားကြီးသည် သူတို့နှစ်ယောက်ထံသို့ တည့်တည့်မတ်မတ် လာနေပါပြီ၊ အသဲယားစရာ...။

"ရော်...တစ်လှမ်း"

"နှစ်လှမ်း"

"သုံးလှမ်း"

မိုးကျော်အောင်လည်း ဘာလုပ်ရမှန်းမသိတော့။ တောမုဆိုးကျားကြီးမှာတော့ သူတို့ရှိနေကြောင်း မသိပါသော်လည်း သိနေဘိအလား၊ ခေါ်သတွေ ထွက်ပြီး တခြားသို့ကွေ့မသွား၊ မိုးကျော်အောင်ကျားကြီး၏ ခြေရာကို ရေတွက်နေစဉ်မှာပင် ကုသိုလ်ဆိုးသော ကျားကြီးမှာ သူ၏မျက်လုံးတွေပဲ ပြာနေသည်လားမသိတော့။

"လေးလှမ်း"

"ငါးလှမ်း"

"ဟာ...ဒုက္ခပါပဲ၊ ပစ်လိုက်ရင် ကောင်းမလား"

မိုးကျော်အောင်ရင်ထဲမှာ အတွေးတွေ ဗလောင်ဆူလာပါပြီ။ သူတို့နှင့် တောမိုးကျားကြီးမှာ နောက်ထပ် လေးလှမ်းစနဲ့ ဆိုပါက သူနေရာ ယူထားသည့် ကျွန်းငုတ်ကြီးနှင့်ထိတော့မည်သာ မျက်နှာချင်းဆိုင် ထိပ်တိုက်တွေ့ရတော့မည့် အနေအထားမို့ နောက်ဆုံးအဆင့်အနေဖြင့် ကျွန်းငုတ်ကြီးဘေး ကပ်နေရာမှ အနည်းငယ်ခွာလိုက်ပြီးနောက် မုဆိုးဒူးထောက် အနေအထားပြောင်းပြီး သေနတ်ပြောင်းအားကျွန်းငုတ်ဘေးတွင်ရှိသော အကိုင်းငုတ်ပေါ်သို့ တင်လိုက်စဉ်မှာပင်...



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း..."

"ဖောက်..."

"ဝှန်း..."

"ဝေါင်း...ဝေါင်း...ဝူး...ဝေါင်း"

တော်ပါသေးသည်။ ကိုကျင်ဖေ၏ ကျွန်းပင်အောင်ရှိ ကျွန်းပင်ကြီးဘေးတွင် အစို့ပေါက်မှ အကိုင်းသုံးလေးကိုင်းရှိနေသော ကျွန်းရွက်တွေကြားမှ သူ၏လောက်လေးဖြင့် ကျားကြီး၏ နဖူးအား ချိန်ရွယ်ပစ်လိုက်သည်တွင် နှစ်လံကျော်ကျော်အနီးကပ် ပစ်ခတ်ရသည့် အတွက် ကောင်းစွာထိမှန် ဒဏ်ရာရကာ ရှိသမျှ ခွန်အားသုံးပြီး ထခုန်ရင်း နောက်ပြန်ပစ်လိုက်ပြီး အားရပါးရ အော်လိုက်သော အသံတွေနှင့် လုံးထွေးလဲပြီးပြီး မွန်ထွန်သွားကာ တောင်အောက်ဘက်သို့ ပြန်ပြေးဆင်း သွားလေပြီ။

ကျားကြီးမှာ သနားစရာတော့ ကောင်းပါသည်။ သို့သော် ထိပ်တိုက်ရင်ဆိုင်တော့မည့် အနေအထားမှ ဤနည်းဖြင့် ရှင်းလိုက်ခြင်းသည် အကောင်းဆုံးပင်တည်း။ သို့မဟုတ်ပါက တောမုဆိုး ကျားကြီးသည် နားရွက်မှ ဒဏ်ရာအပြင်အခြား ဘယ်ထိထားသည်ပင် မသိ ကျားနှာကြီး၊ ထိုကျားနာတို့မည်သည် အလွန်အမင်း ကြောက်မက်ဖွယ်ကောင်းသော၊ ရန်ညိုးကြီးသော၊ ဒေါသအမျက်ချောင်းချောင်း ထွက်နေသောကာလ၊ ကျားနာခဲ ခဲမည်သာ၊ ယခုတော့ ကိုကျင်ဖေ၏ မမျှော်လင့်သော ဆုံးဖြတ်ချက်သည် သူ့အတွက် အနည်းငယ်နာကျင် သွားသော်လည်း မိုးကျော်အောင်၏ မလွဲမရှောင်သာသော ပစ်ခတ်မှုနှင့်ကြုံရပါက အနာတရမဟုတ် အသက်ပင် ဆုံးရှုံးရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



တောမှုဆိုးကျားကြီးသည် လူမတွေ့ဘဲ မည်သည့် သားကောင်ကိုမျှ မတွေ့ရဘဲ သူ၏နာကျင်မှုဝေဒနာ ခံစားရင်း အနီးကပ် ဦးခေါင်းအရေခွံအား ထိလာသည့်အပြင် ဦးခေါင်းတွင် ရှိနေသော ဦးခေါင်းခွံအရိုးကို ထိသွားသည့်အတွက် နောက်ဂျမ်းလန်ပြီးနောက် တင်မြတ်တို့ဘက်သို့ ထွက်ပြေးသွားပါ၏။

"ကိုကျင်ဖေရေ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ထိရောက်တယ်ဗျာ"

"ကျွန်တော်လည်းပ ဘာလုပ်ရမှန်းမသိ နေတာပ၊ နောက်မှ ကိုမိုးကျော်နဲ့ဆို ကျားကြီးသေမှာပအေး၊ ဆရာကျော်ကလည်း မှာထားတာပ၊ တောမှုဆိုးကျားကြီးဆို မပစ်နဲ့ဆိုတာပအေး"

"ခက်တာက ဒီကောင်ကြီးဟာ သွေးရူးသွေးတန်းနဲ့ ကျွန်တော်တို့ထံ တည့်တည့်တိုးလာတာဗျ၊ အင်းလေ... သူကလည်း ဒီနယ်မှာ ကျွန်တော်တို့ ရှိမယ် မထင်လို့ပေါ့ဗျာ"

"ရော်...သူ့ခမျာ...ကိုက်သတ်ထားတဲ့ သူ့အစာပ၊ အဲဒီအစာတောင်မစားနိုင်တာပအေး၊ တော်တော်နာမှာ သေချာတာပ"

"အေးဗျာ၊ တင်မြတ်တို့နဲ့ မတိုးပါစေနဲ့လို့ ဆုတောင်းရတာပဲဗျာ"

"ရော်...ဟုတ်တာပအေး၊ ကိုတင်မြတ်တို့နဲ့ တိုးပြန်ရင် မတွေးရဲပအေး"

မိုးကျော်အောင်နှင့် ကိုကျင်ဖေ တို့နှစ်ယောက် တောမှုဆိုးကျားကြီးနှင့် တွေ့ရသည်မှာ နာရီဝက်ခန့် သာရှိပါ၏။ တောမှုဆိုးကျားကြီးသည်လည်း ဘယ်ဘက်ဦးတည်သွားပါသနည်းဟုတွေးရင်း တင်မြတ်တို့ဘက် မရောက်ပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။

မိုးချုပ်စ ညီအစ်ကို မသိတသိ အချိန်ဆိုပါကလည်း မှန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်နှင့် ကိုကြီးဆင်ပေါက်တို့သည် တောမုဆိုးကျားကြီး၏ အသံကို ကြားလိုက်ရပြီးနောက် လုံးဝ တိတ်ဆိတ်သွားပါပြီ။

တောနှင့်အင်းစပ်သည် ပုံမှန်အေးအေးဆေးဆေးပင်။ ပုရစ်သံနှင့် ပုစင်းရင်ကွဲအသံတွေ ကြားနေရခြင်းသည် ဤတော၊ ဤတောင်သည် အညှီအဟောက်ကင်းသော၊ တောခြောက်ခြင်း၊ တောမှောက်ခြင်းကင်း သော သဘာဝတောဟု ဆိုနိုင်ပါ၏။ ယခုထိုကဲ့သို့ သူ့သဘာဝအတိုင်း ပင် အေးအေးလူလူနှင့် မထူးခြားသည့်အတွက် စောင့်ရသူအဖို့ ပျင်းစရာ ပင်ကောင်းလာသည်။

တောကောင်တွေ တစ်ကောင်မှမထွက်၊ ထွက်ပြန်တော့ တော ဝက်၊ ထိုတောဝက်နှင့်တောမုဆိုးတို့၏ တိုက်ပွဲဝယ် အင်အားကြီးသော တောမုဆိုးကျားကြီးကသာ အနိုင်ရလိုက်ပါပြီ။ သို့သော်လည်း အိမ်ခွေးပဲ ဖြစ်ဖြစ် ချောင်ပိတ်မိပါက ကြောက်ကန်ကန် ပြန်ကိုက်တတ်သည်သာ၊ ခုတော့ ဘာတိုက်ပွဲမျှ မရှိတော့သည့်အပြင် တိတ်ဆိတ်လွန်းသည့် အကြားမှ တဖြည်းဖြည်းမှောင်လွန်းသော ညဘက်သို့ ရောက်ခဲ့ပါပြီ။

"ရော်... ခါတိုင်း ဆတ်ထွက်တာပအေး"

"ကိုကြီးဆင်ပေါက်ရယ်၊ ကျွန်တော်တို့တွေ့ကြုံဘူးပါတယ်၊ ဒီ လိုပဲ ညဦးမှာ ထွက်တတ်တဲ့ သားကောင်တွေ မထွက်တဲ့ည၊ ဒါမှမဟုတ် တစ်ခါတစ်လေ သူတို့က ကျွန်တော်တို့ကို တွေ့ထားလို့ မထွက်တာ မျိုးလည်း ရှိတယ်ဗျ၊ အင်း တစ်ခါက ကျွန်တော်တို့သုံးယောက် တစ်ည လုံးစောင့်တာ ဘာကောင်မှ မရလို့ နောက်နေ့မနက် ဆက်စောင့်လည်း မထွက်၊ ဒီလိုနဲ့ မနက်စာ ထမင်းငတ်ဘူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရော်… ဆရာကိုတင်မြတ်တို့ မုဆိုးဘဝကလည်း မသက်သာတာပအေး"

"ဟုတ်တယ် ကိုကြီးရေ၊ ဒါပေမဲ့ ဝါသနာဆိုတော့ အားလုံးကို အနိုင်ယူပြီးတာနဲ့ အဆာပြေခဲ့တယ်ဆိုလည်း မမှားဘူးပေါ့"

"ရော်…ဒါဆို အဲဒီ မနက်စာ ဘာစားရတာပ"

"နေ့လယ်လောက်ရောက်တော့ ကချင်တောင်ယာထဲရောက်ပြီး လူ မရှိဘူး၊ တောင်ယာတဲတွေမှာ ရွှေဖရုံသီးတွေ ရှိတာပေါ့၊ နောက်ပြီး သူတို့ တောင်ယာတဲရဲ့ ခေါင်မိုးသက်ငယ်ကြားမှာ အမြဲထားလေ့ရှိတဲ့ ဆားထုပ်က ဆားနည်းနည်းယူပြီး ရွှေဖရုံသီးပြုတ်စားရတာပေါ့၊ နေ စောင်းတဲ့အထိ ဘာကောင်မှ မပစ်ရပါဘူး ကိုကြီးဆင်ပေါက်ရာ၊ ဒါနဲ့ ပြန်ခဲ့ရတယ်လေ"

"ရော်… ဒါဆိုဘာကောင်မှ မရ"

"အင်း… စခန်းနားရောက်တော့ ချေတစ်ကောင် ဆရာကျော် ပစ်လိုက်တာနဲ့ ဟင်းစားရခဲ့တယ်၊ တော်သေးတာပေါ့ဗျာ၊ ညနေပိုင်း တစ်ညလုံး မနက်ပိုင်းအထိ စောင့်ရတာပင်ပန်းပြီး အစာငတ်ပေမဲ့ အပြန် မှာရတဲ့ ချေနဲ့ ဝါသနာပါမှုတွေ ပြေပျောက်ရတယ်ဗျ"

"ဝေါင်း…ဝေါင်း…ဝူး"

"ဝူး… ဝူး… ဝေါင်း"

"ရော်… ကျားကြီးပအေး"

တင်မြတ်နှင့်ကိုကြီးဆင်ပေါက်တို့အလယ်အဖွဲ့ဘက်သို့ အ စောက မိုးကျော်အောင်တို့ရှေ့မှ တောမုဆိုးကျားကြီး ရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မှောင်စမို့ သဲသဲကွဲကွဲ မတွေ့ရ။ တင်မြတ်သည် လုံခြုံမှုအတွက် စိတ်ချရသဖြင့် မြေမှာကပ်ပြီး ကျားကြီးအား စောင့်ကြည့်နေ၏။

ကိုကြီးဆင်ပေါက်သည်လည်း ကျားဆိုမကြောက်၊ သို့သော် နဖူးတွေ့ ဒူးတွေ့လိုက်ရတော့ အနည်းငယ်စိုးရိမ်မိသည်တော့ အမှန်ဖြစ်သွား၏။

"ကိုကြီးဆင်ပေါက်"

"ဟုတ်..."

"အသံမထွက်နဲ့နော်"

"ဟုတ်...ဟုတ်"

တင်မြတ်သည် လေသံလေးနှင့်ပြောပြီး မျက်ခြည်မပြတ်ကြည့်နေစဉ်မှာပင် တောမုဆိုးကျားကြီးသည် အပြေးတစ်ဝက်ဖြင့် တင်မြတ်တို့၏ သားကောင်ချောင်းရာ ကျွန်းပင်နှင့်အင်ပင်တွေဘက်သို့ တက်လာနေပါပြီ။

"ကိုကြီးဆင်ပေါက် ကျွန်တော် မီးထိုးကြည့်မယ်"

"ဟုတ်.."

တင်မြတ်သည် ပြောပြောဆိုဆို သူဝမ်းလျားမှောက်အနေအထားမှပင် လက်နှိပ်ဓါတ်မီး ငါးတောင့်ထိုးအား တောမုဆိုးကျားကြီးထံသို့ ဆဲတဲ့မတ်မတ်ထိုးလိုက်ပါပြီ၊ လက်နှိပ်ဓါတ်မီး၏ ငါးတောင့်အားသည် တောမုဆိုးကျားကြီးထံသို့ တည့်မတ်စွာ ရောက်ရှိသွားပါပြီ။

"ဟာ... သွေးတွေနဲ့"

"ရော်... ဟုတ်တာပ တစ်ခေါင်းလုံးသွေးတွေနဲ့ပအေး"

"အသာကြည့်နေ"



www.burmeseclassic.com

www.burmeseclassic.com



တောမုဆိုးကျားကြီးသည် တင်မြတ်၏ လက်နှိပ်ဓာတ်မီးရောင်ကြောင့် အပြေးတစ်ဝက်မှ တုံ့ကနဲရပ်လိုက်ပြီး ဦးခေါင်းပေါ်မှ သွေးတွေနီရဲနေသကဲ့သို့ သူ၏မျက်စေ့တွေမှာလည်း ဝင်းဝင်းတောက် နီရဲရာမှ ဝါဆင့် ပါးစပ်ကြီးအားရပါးရဟကာ ဦးခေါင်းနောက်ပြန်တွန့်ပြီး သူ၏လက်တစ်ဖက်မှာ တင်မြတ်မီးကစားနေသည်ကို လက်နှင့်ပုတ်ရမ်းနေ၏။

စောစောက ကျား၊ ခုတော့ ကြောင်တစ်ကောင်အသွင် အံ့ဩဖွယ်ရာပင်၊ သူ၏ စိတ်တွေလှုပ်ရှားလွန်းပြီး ဒေါသကြီးနေပုံရပါသော်လည်း ကြောက်ကန်ကန်ထားသည့် အနေအထားမျိုး၊ ညပိုင်းတွင် မျက်နှာတည့်တည့် မျက်လုံးနှစ်လုံးတည့်တည့်သာ လက်နှိပ်မီးဖြင့် ထိုးလိုက်ပါက ထိုသားကောင်သည် ရှေ့မတိုး နောက်မဆုတ်၊ ခဏတစ်ဖြုတ်ကြောင်သွား၏။

ယခုလည်း တောမုဆိုးကျားကြီး အူကြောင်ကြောင်နှင့် တင်မြတ်၏ငါးတောင့်ထိုးမီး၏အောက်တွင် အထင်းသား၊ ရှေ့လည်းလုံးဝမတိုးကော့ နောက်လည်းမဆုတ်ရဲ၊ မျက်လုံးကြီးနှစ်လုံးမှာ နီနီရဲရဲ၊ ဦးခေါင်းနှင့် ပါးပြင်မှာ သွေးတွေရဲပြီး ဦးခေါင်းတစ်ဖက်ပင်လျှင် အနည်းငယ်စောင်းနေရှာ၏။

တင်မြတ်တို့နှစ်ယောက်နှင့်တောမုဆိုးကျားကြီး၏ အကွာအဝေးမှာ ပေသုံးဆယ်ခန့်သာ ရှိတော့မည်။ တင်မြတ်သည် တောမုဆိုးကျားကြီးအား ချိန်ထားရမှ ဘယ်ဘက်လက်မှ လက်နှိပ်ဓာတ်မီး ထိုးထားသည့် သေနတ်ပိုက်ထားသကဲ့သို့၊ ညာဘက်လက်ဖြင့် ကျောက်ခဲတစ်လုံးကောက်ကာ တောမုဆိုးကျားကြီးအား မမှန်ရန်သာ သဘော



www.burmeseclassic.com

www.burmeseclassic.com



ဘားပြီး ရှေ့တဲ့တဲ့သို့ ပစ်ပေါက်လိုက်ပါသည်။ ကျောက်ခဲမှာ တော်တော်ဆားကြီးသည့်အတွက်...

"ဘုံး..."

"ဝုန်း..."

"ဝေါင်း...ဝေါင်း...ဝေါင်း"

"ဝုန်း..."

"ဝေါင်း...ဝေါင်း...ဝေါင်း...ဝေါင်း"

"ဝူး...ဝူး"

တောမှဆိုးကျားကြီးသည်လည်း စောစောက တောဝက်နှင့်တွေ့ပြီးနောက် နားရွက်ပြတ်သည့် ဒဏ်ရာမှတစ်ဖန် သူ၏ငယ်ထိပ်ဖူးအစပ်သို့ အလွန်မာသော လောက်စာမှန်ပြီး ဂျွမ်းသဒ္ဒါလန်ပြေးရာမှ ယခုတစ်ဖန် ဘာမှန်းမသိသော အလင်းရောင်တန်းကြောင့်သူ၏မျက်စေ့တွေပြာသွားသလို လူတွေ တွေ့နေသည်က ဝင်းလက်တောက်ပြီးနီရဲနေသောမျက်လုံးများပိုင်ရှင် တောမှဆိုးကြီး၏ တတိယကြမ္မာဆိုးကြီး ကြုံလိုက်ရသည့်အတွက် ကြောင်တောင်တောင်ဖြစ်နေစဉ်မှာပင်နောက်ထပ်သူ့အတွက် ကြောက်ရွံ့စရာ အကောင်းဆုံးအသံ၊ မီးရောင်အလင်းတန်းတွေကြောင့် တောမှဆိုးကျားကြီးခမျာ တင်မြတ်နှင့် ကိုဆင်ခေါက်ကြီးတို့ဖက် မတက်တော့ဘဲ အောက်ဘက်သို့ ပြေးဝင်ပျောက်ကွယ်သွားပါပြီ။

ဒီတစ်ခါ ဘာသံမျှ မကြားရတော့၊ အားမတန်၍ မာန်လျှော့လိုက်သည့်အပြင် ဒဏ်ရာကလည်းနာ၊ ငယ်ထိပ်ထိထားသော လောက်စာဝင်ဒဏ်တွေကြောင့် ပိုမို နာကျင်ပြီး ကြောက်စိတ်တွေရောနေသကာ ဘာမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိရသော အလင်းတန်းတွေမှ သူ့အား ခြောက်လှန့်နေ၍ ပြေးမိပြေးရာ ပြေးရင်း တောထဲ ဝင်ရောက်ပျောက်ကွယ်သွားပါပြီ။

"ရော်...ဆရာကျော်ပ"

"ဟုတ်တယ် တိုကျော်မြ ခြေသံဗျ"

"ဒရယ်နဲ့ချေတစ်ကောင်ကောင်ပဲ"

မှန်ပါသည် ခြေသံမှာ အပြေးအလွှား ရောက်လာသော ခြေသံမျိုး မဟုတ်ပါ။ ချုတ်နင်းဝင်ရောက်လာသော သဘော၊ တစ်မျိုးအားဖြင့် သူခိုးချုတ်နင်းသည့် အသွင်ကြောင့် ကျွန်တော်တို့ နှစ်ယောက်သတိ ထားရင်း သားကောင်မစ်ခွင့်ကြုံတော့မည်ဟူသော အတွေးဖြင့် စောင့်နေ လိုက်သည်။ ခြေသံသည် တိုးလွန်းပါ၏။ အသံတိုးသလောက် ကျွန် တော်တို့ အနားသို့ ဆက်တိုးလာသည်ကိုတော့ ကောင်းစွာ သတိထားမိ ပါသည်။

အသံသည် နီးလာပါသော်လည်း သားကောင်၏ လှုပ်ရှားမှုမျိုး ကိုတော့ဖြင့် မကြားရပါ။ အသက်ရှူသံ၊ နားရွက်ခတ်သံ ဦးရိုးနှင့်အပင် တွေ့ထိတွေ့သံမျိုး လုံးဝ မကြားရတော့၊ သို့အတွက် ကျွန်တော်တို့နှစ် ယောက် အသံကြားရပြီး အကောင်မမြင်၊ အကောင်ကရော ကျွန်တော် တို့အား မြင်တွေ့နေသည်လား၊ ကျွန်တော်တို့ ရှိနေကြောင်း သိနေကြပြီ လားဟုပင် တွေးစရာ ဖြစ်လာပါသည်။ နှစ်ယောက်သား အသက်ပင် မရှူရဲအောင် ငြိမ်သက်နေရသည်ကား မသက်သာလှပါ။

အလွန် နီးကပ်လာသည့်အတွက် အသံကြားရာသို့ မျှော်ငေးပြီး စောင့်နေလိုက်သည်။ ကျွန်တော်တို့နှင့် ထိုခြေသံကြားရာသို့ရှိသည် အလွန့်အလွန် ကွာပါက ပေအစိတ်သုံးဆယ်ထက်ဝေးမည် မထင်

www.burmeseclassic.com


တော့ ထိုအကွာအဝေးသည် ကျားတစ်ခုန် ချေတစ်လွှား ဆိုရလောက်သော အကွာအဝေးသို့ ရောက်လာသည်နှင့်အမျှ ကျွန်တော်တို့နှစ်ယောက်အတွက် ပိုမို သတိထားရလေဖြစ်နေ၏။ ချေနှင့်ဒရယ်ဆိုလျှင်တော့ အရေးမကြီးပါ။ တောမုဆိုးကျားများသာဆိုပါက အန္တရာယ်နှင့်အလွန် နီးကပ်နေပါပြီ။

"ချွတ်..."

"ချွတ်..."

"ချွတ်..."

ခြေသံအား အသေအချာနားထောင်ကာမှ ကျားခြေသံလိုလိုထင်နေရသည့်အထဲ ပုရစ်သံ၊ ပုဇင်းရင်ကွဲအသံတွေက တိတ်ဆိတ်သွားသဖြင့် စိတ်ထဲတစ်မျိုး ထင်နေမိပါပြီ။ မုဆိုးတစ်ယောက်၏ သတိဝီရိယသည် အခါမလပ် သတိမလွှတ်တတ်ကြ၊ ပတ်ဝန်းကျင်လည်း အမြဲတစေ မမေ့လျော့တတ်ပါ။ သို့အတွက် ကိုကျော်မြ သတိထားထားတော့မသိ ကျွန်တော်တော့ သတိထားမိပါ၏။

"ချွတ်...ဖြောက်"

"ချွတ်"

"ချွတ်"

တိုးတိတ်လွန်းသော ခြေသံသည် ယနေ့လို အမှောင်လွှမ်းနေသောညဥ့်အခါလည်းဖြစ် တောကြီးမျက်မည်းထဲတွင် ဤဘကြီးညိုအင်းစောင်းဆိုသည်မှာလည်း သူတို့ပြော၍ သိရသည်။ တစ်ဖန်ထိုအင်းနှင့်တဲပိုင်သူကိုအိုက်ကျော့ကပ်ပန်ခေါ်ကိုဆင်ပေါက်ကြီး၏ညီ ကိုအိုက်စံဆိုသူ ပိုင်သောနေရာဖြစ်သည့်အပြင် ကိုအိုက်စံမှာ သေသွားပြီး ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ငါးနှစ်တောင် ရှိပါသော်လည်း မကျွတ်လွတ်သေးသောဘဝ တွင် အစွဲကြီးနေ၍ ကျွန်တော်တို့တဲ ရောက်သောအခါ တဲထဲတွင် မီးမွေးထားခြင်းကိုပင် တွေ့လိုက်ရသည့်အတွက် ယခုခြေသံမှာ သားကောင်မှ ဟုတ်ပါလေစ။ ကိုအိုက်စံဆိုသူ၏ ဝိညာဉ်များဖြစ်လေမလား ကျွန်တော် တွေးနေမိပါ၏။

ကျွန်တော့်အတွေးမျိုးကို ကိုကျော်မြ တွေးမိသည်လား၊သို့မဟုတ် ဘယ်သောအခါမျှ မထိတ်လန့် မကြောက်ရွံ့ပါသော်လည်း နယ်မြေသစ် ဖြစ်သည့်အပြင် စောစောက ကျားသံတွေလည်း ကြားရသည့် အပြင် ယခုခြေသံကြောင့် အနည်းနှင့်အများ ထိတ်လန့်နေမည်သာ။

မှောင်မိုက်သည့်အကြားမှ တဖြည်းဖြည်း တိုးဝင်လာနေသော ထိုခြေသံသည် ကျွန်တော်တို့နှစ်ယောက်အတွက် သည်းထိတ်ရင်ဖို ဖြစ်နေရသည်က အမှန်ပင်။ စိတ်ထဲမှာ သားကောင် မထင်တော့ပါ။ သားကောင်ဟုမထင်ပါက ဘာဖြစ်မည်လည်း ဆိုသော အဖြေကား လွယ်လွယ်လေးပင် သားကောင်၊ ချေ၊ ဒရယ် သို့မဟုတ် အန္တရာယ်ပေးနိုင်သော တောမုဆိုးကျားကြီး။ ထိုထိုသော သားကောင်တွေမဟုတ်သည့်အဆုံး ခြေသံရှင်သည် အိုက်စံဆိုသည့် တမလွန်ဘဝမှ ဝိညာဉ်ကား သေချာပါပြီ။ ဝိညာဉ်ဆိုလျှင်တော့ တစ္ဆေသရဲသာ ဖြစ်ပေတော့မည်။

ခြေသံအား နားစွင့်ရင်း ကျွန်တော့်စိတ်ထဲသို့ ကိုးခေ့ဝင်လာသော နာနာဘာဝကောင် အကြောင်းကြောင့် စိတ်မကြည်လင်၊ သို့ပါသော်လည်း တောမုဆိုးဖြစ်သော ကျားကြီးလောက်တော့ ကြောက်စရာမကောင်းဟု ကိုယ့်ကိုယ်ကို ပြန်အားတင်းထားစဉ်မှာပင်....

"ဟူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဖြောက်..."

"ဖြောက်...ဖြောက်"

"ချွတ်...ဖြောက်...ဘုတ်...ဘုတ်... ဝူး"

"ရော်...ဆရာကျော်ပ"

"ရှူး"

"ဟုတ်တယ် သားကောင်မဟုတ်ပ"

"ဒါဆို"

"ရော်...သရဲဖြစ်မှာပ"

"ဆရာကျော်ဆို"

"ပြော..."

"ရော်... မီးထိုးတာပအေး"

"ထိုးဗျာ..."

ကျွန်တော်တို့နှစ်ယောက် မကြောက်ပါဘူး ဆိုပေမယ့် မမြင်မတွေ့ရသော ဝိညာဉ်ကောင်ဖြစ်သည့် အနေအထား၊ တောနက်နက်ကြီး၏ အမှောင်ကျနေသော သစ်ရိပ်ဝယ် နှစ်ယောက်သား ဒုက္ခကြုံနေရပါပြီ။ ကိုကျော်မြအား မီးထိုးပါဆိုသော်လည်း ကိုကျော်မြ မီးမထိုးသေး၊ ဘာကြောင့်ပါလိမ့်ဟု တွေးလိုက်စဉ်...ကျွန်တော့်နားထဲဝယ် အသံပျောက်သွား၍ ကိုကျော်မြ သတိထားရင်း စောင့်နေပုံရသည်။

ဤနေရာမျိုးတွင် စိတ်လောရန် မဖြစ်ပါ။ သရဲဆိုပါက အရေးကြီး ပါသော်လည်း တောမုဆိုး ကျားကြီးဆိုရင် အန္တရာယ်ပေးတော့သည်။ တော်ပါသေးသည် ကျွန်တော်တို့နှစ်ယောက် နေရာယူထားမှု ကောင်း၍သာ နေရာအတွက် စိတ်ချရ၏။ ယခုကြားလိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတွေ ရပ်သွားစဉ် အသက်ရှူသံလား၊ လေပူတွေ မှုတ်ထုတ်သံလား၊ မသိ အသံတော့ အသံအစစ်။ ရှေ့ဘက်အနိမ့်မှ ကျွန်တော်တို့ဘက် အမြင့်သို့တက်လာသောအသံ၊ ယခုတော့ ထိုအသံကား လုံးဝ မကြားရ။ အားလုံးတိတ်ဆိတ်သွားသည့်အတွက် အတွေးရ ကြပ်သွားစဉ်မှာပင်။

"ဖြောက်"

"ချွတ်"

"ဝေါင်း..."

"ဟာ..."

"ရော်... ဘာလဲပ"

"ဒိုင်း...ဒိုင်း"

"ဝုန်း..."

"ဖြောက်...ဖြောက်..ဖြောက်"

"ဘုန်း...ဝုန်း... ဖုံး...ဖုံး...ဖုံး"

ကျွန်တော်တို့နှစ်ယောက်၏ နောက်တည့်တည့်မှ ပြေးဝင်လာသည့် ကြောက်မက်ဖွယ်ရာကောင်းသော တောမုဆိုးကြီး တစ်ကောင် အသံနှင့် ကျွန်တော်တို့ နှစ်ယောက်အား နောက်ပိုင်းသို့ ဝင်တိုက်သော အသံတွေကြောင့် ကိုကျော်မြလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မီးတိုး၏။ ကျွန်တော်လည်း မည်းကာနဲ မြင်လိုက်ရသည့်အတွက် လျှင်လျှင် မြန်မြန် နှစ်ချက်ဆင့် ပစ်လိုက်ပါ၏။

ပစ်ခတ်မှုကြောင့် မည်းမည်းအရိပ်အား နှစ်ချက်လုံးမှန်မမှန်တော့ မသိပါ။ မှန်သည်တော့ မှန်ပေမည်။ ထိုအကောင်၏အသံအား အဘင်း စွာ ကြားရသည့်အပြင် နားကွဲမတတ်ပင် လန့်စရာ ကြောက်စရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောနှောနေသော တောမှဆိုးကျားကြီးဟုထင်ရသော အကောင်မည်းမည်းသည် ထိခိုက်သွားမှုကြောင့် ကျွန်တော်တို့အား ခုန်အုပ်သည်လား၊ ခြိမ်းခြောက်သည်လားမသိ၊ ထိသွားမှုတွေဖြင့် ရှေ့မတိုးနိုင်တော့ဘဲ ဘေးသို့လန့်ပြီး ဂုန်းဟူသော အသံကြီးဖြင့် လဲကျသွားရမှ တဖြောက်ဖြောက် ထပြေးပါပြီ။ ခြုံနွယ်ပိတ်ပေါင်းတွေကြောင့်ကောင်းစွာ မတွေ့လိုက်ရပါသော်လည်း နောက် ထပ်လဲသံ၊ ပြန်ထသံတွေ အကြားမှ တဖူးဖူးဖြင့် အသက်ငင် လေမှုတ်ထုတ်နေသံကြောင့် အကောင်၏ နေရာကိုမှန်းပြီး...

"ကိုကျော်မြ မီးဆက်ထိုးပြီးရှာဗျာ"

"ရော်...အပင်တွေ ထူနေတာပ၊ ဆရာကျော်ညာဘက် ချုံထဲမှာ ထင်တာပအေး၊ လဲနေပုံရတာပ"

"ကျွန်တော် သေနတ်မှာ မီးတပ်လိုက်ဦးမယ်"

ကျွန်တော်အမှား ကျွန်တော် ဂရုမပြုမိပါ၊ အကြောင်းမှာ စောစောကတည်းက သေနတ်ပြောင်းအား မီးတပ်ထားသင့်ပါလျက် ပေါ့ဆမှုကြောင့် ယခုမှ မီးတပ်ရင်း ကိုကျော်မြအား မီးထိုးရှာခိုင်းနေရပါသည်။ ကျွန်တော်၏ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးရောင်ပါ ရောနှောပြီး သားကောင်ကို ရှာရပါသည်။ ချုံထူ၍ သတိလည်း ထားရ၏။ အသံကြားကတည်းက ကျားမှန်းသိထားရပြီမို့ ကျားနာဆိုပါက အမှန်ပင် အန္တရာယ်ကောင်းကောင်း ပေးပေတော့မည်။

"ကိုကျော်မြ သိပ်မရဲနဲ့"

"ဟုတ်ကဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီချုံထဲမှာ ဖြစ်မယ်"

"ရော်...သွေးတွေပအေး"

"မှန်ထားတယ်၊ အသံကြားတာကတော့ တောမုဆိုးကျားကြီးဗျ၊ သတိထားနော်၊ ကျားနာဖြစ်ရင် အန္တရာယ်ပြုမှာ"

"ရော်...ဆရာကျော် ဘာပြောတာပ"

"ဗျာ...ဟိုလေ စောစောက ကျားသံကြားတယ်လေ"

"မဟုတ်တာပအေး ဆရာကျော် နားကြားလွဲတာကိုး"

"ဗျာ"

"ရောက် ခက်တာပ၊ ဆရာကျော် ပစ်တာက ချေပအေး"

"ဟာ ကျားသံကြားလိုက်တယ်ဗျ"

"ရော်..မဟုတ်တာ ချေဟောက်တာပဲအေး"

"ဟာ... မဖြစ်နိုင်တာဗျာ"

"ရော်... ဆရာကျော်၊ ရော်... တွေ့ပြီပအေး သေနေတာပ"

"ဗျာ... အယ်... ဟုတ်ပဗျာ ချေမှချေ"

ကျွန်တော်နားနှင့်ဆတ်ဆတ် ကြားသည်မှာ တောမုဆိုးကျားသံ ကျားသံအစစ်၊ ကိုကျော်မြကြားသည်မှာ ချေသံဖြစ်သည့်အပြင် ယခု တွေ့ရတော့လည်း သေနေသည်မှာချေ။

ချေဆိုသော သတ္တဝါသည် လူအား ဤကဲ့သို့ ဝင်ရောက်မတိုး ဖောက်ပါ။ ရှောင်ပြေးသည်သာ၊ တစ်ခုတော့ ရှိပါ၏။ အောက်သ ဆင်းလာခြင်းသာဖြစ်၍ ကျွန်တော်တို့နှင့်တဲ့တဲ့တိုးစဉ် ကြော ထိတ် လန့်ပြီးဟိန်းဟောက်လိုက်စဉ် ကျွန်တော်၏ ရောထွေး သောအ

www.burmeseclassic.com



ကြားမှုသည် အနှောင့်အယှက်မကင်းသောကြောင့် ကျွန်တော်က ကျား သံကြားပါလျက် ကိုကျော်မြက အသံမှန် ချေသံပင်ကြားရ၏။

ထိမှန်သေဆုံးနေသည်မှာ ချေဖြစ်၍ ကျွန်တော်၏အမှား အကြားတစ်မျိုး သို့သော် ကျွန်တော်သာ မပစ်ခဲ့ပါလျှင် မတွေးတတ် ဘာတွေ ဖြစ်လာမည်မသိ၊ အောက်ဘက်မှ ခြေသံလည်း နီးနီးကပ်ကပ် ရောက်ပြီး ပျောက်သွားပုံမှာလည်း ဆန်းနေသည်။ အနှောင့်အယှက်တွေ တော့ တကယ် ပေါ်နေသည်လားမသိ၊ ခြေသံကြားထား၍ ကျွန်တော် ချေအား ရှာရပါသော်လည်း နောက်ပိုင်းမအေး၊ နောက်ကျောဘက် သတိမလွတ်။ နားပါးပါးထားရင်း လက်နှိပ်ဓါတ်မီးအား ပိတ်ထားလိုက် ၏။ ကိုကျော်မြသည် သေနေပြီးသော ချေအား အသာဆွဲယူရင်း စော စောက ကျွန်တော်တို့နေရာယူသည့် အပင်ကြီးဆီသို့ အရောက် ခေါ်ဆွ နားလိုက်၏။ ကျွန်တော်လည်း ရေဘူးထုတ်ရင်း အရက်မော့ပြီး ကိုကျော်မြအား ရေဘူးပေးလိုက်ပါသည်။

"ကိုကျော်မြ"

"ဟုတ်"

"အောက်က ခြေသံပျောက်သွားတယ်"

"အဲဒီခြေသံဟာ သားကောင်မဖြစ်ပ"

"ဘာဖြစ်မလဲဗျ"

"အင်း... အနှောင့်အယှက် ထင်တာပ၊ ဝိညာဉ်တစ်ခုခုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြ၏အထင်နှင့် ကျွန်တော့အတွေးတစ်ထေရာတည်း ဖြစ်နေ၏။ ကျွန်တော်လည်း သတိထားမိပါ၏။ ကျွန်တော်တို့အား နောက်ယှက်နေခြင်းတော့ မဟုတ်တန်ရာ၊ နောက်ယှက်သည်ဆိုပါက အမျိုးမျိုးခြောက်လှန့်ပေမည်။ ခုတော့ ခြောက်လှန့်မှုမရှိ ခြေသံသဲ့သဲ့သာ ကြားရသဖြင့် ထိုဝိညာဉ်တစ်ကောင်ကောင်သည် သူရှိနေကြောင်း အသိပေးသည့် သဘောသာ ဖြစ်ပေတော့မည်ဟုတွေးနေမိလိုက်ပါ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## လေး

"ရော်... ဘာကောင်မှမထွက်"

"ဟုတ်ပဗျာ၊ တွေ့တော့လည်း ကျားနာပဲတွေ့ရတယ်"

"ဟုတ်တာပ၊ ကျွန်တော်က ဆတ်ကြီးပစ်ပြီး ထမ်းချင်တာပ အေး"

ကိုကြီးဆင်ပေါက်တို့ကတော့ ခွန်အားတွေ ပြရချင်နေပြီ။

"ဟုတ်တာပ"

သူတို့နှစ်ယောက်လည်း ပျင်းနေ၏။ ဘာကောင်မျှ တွေ့ဆီသော ဝက်ပေါပါသည်ဆိုသော်လည်း တောဝက်တွေက မထွက်ပါ။ ချုနှင့် ဒရယ်လည်း ဘယ်ပျောက်နေကြပါလိမ့်၊ နလောက်ဆိုရင် သားကောင် တွေထွက်သင့်ပါပြီ။ ချေဟောက်သံ၊ ကျားဟိန်းသံ၊ တောခွေးအူသံ လည်း မကြားရပါ။ ပုရစ်သံနှင့်ပုဇင်းရင်ကွဲအသံတွေမှာတော့ စီစီညံ၍ ၏။ တစ်ခါတစ်ခါ သူတို့လည်း အော်ဟာစ်ရသည်မှာ ရင်ကွဲ၏တတ် မောဟိုက်လာ၍လားမသိ တစ်ချီတစ်ချီတော့ ရပ်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟော...ပုရစ်သံနှင့်ပုဖင်းရင်ကွဲသံ ရပ်သွားပြန်ပါပြီ။ ထိုသို့ ရပ်သွားတော့လည်း တောကြီးမှာကား ပျင်းခြောက်ခြောက်၊ အသက် ပျောက်နေသောတောဟု တင်မြတ် ထင်မိသည်။ အသံတွေ ကြားရ တော့လည်း နားညည်း၏။ မကြားရတော့လည်း ပျင်းသလိုလို ရှိလာ၏။ တင်မြတ် ရေဘူးဖြုတ်ယူပြီးနောက်...

"ကိုကြီးဆင်ပေါက်"

"ရော်..လန့်တာပ"

"ဘာတွေများ တွေးနေတာလဲ"

"ကျားဟိန်းသံနားထောင်ရင်း တောခွေးသံသဲ့သဲ့ကြားတယ် ထင် တာပအေး ဒါနဲ့ ဒီပုဖင်းရင်ကွဲနဲ့ ပုရစ်သံ တီတ်တုန်းနားထောင် နေတာ ပ"

"ဒီမှာ အာမီရမ် မော့လိုက်ပါဦး"

"ကောင်းတာပအေး ဟဲ... ဟဲ... ဟဲ... ဟဲ"

ကိုဆင်ပေါက်ဆိုသော လူထွားကြီးသည် တင်မြတ်ပေးလိုက် သော ရေဘူးအား လှမ်းယူရင်း မော့လိုက်သည်။ သူတစ်ငုံလျှင် တင်မြတ်၏ နှစ်ငုံအမျှတော့ ဝင်သွားချေပြီ။ တင်မြတ်ပြုံးလိုက်၏။ နောက်တစ်ခု သတ္တိကောင်းသော ဗလကောင်းသော ကိုဆင်ပေါက်ကြီး လည်း လန့်တတ်သည်ကောဟူ၍ တွေးပြီး သဘောကျနေမြင်းပင်။

ကိုဆင်ပေါက်ဆီမှ ပြန်လည်ရောက်ရှိလာသော ရေဘူးအား တင်မြတ်ယူပြီး မော့လိုက်သည်။ မော့ရင်း သူနားထဲသို့ အသံတစ်သံ ကြားလိုက်၏။ တစ်သံဆိုမှ တစ်သံတည်း ဘာသံပါလိမ့် တွေးနေစဉ်...

"ကိုတင်မြတ်ပ"

+++++++++++++++++++++++++++++++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အသံကြားလိုက်တာပ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ကြားလိုက်တယ်၊ ကိုကြီး ဆင်ပေါက်"

"ရော်...သစ်ကိုင်းကျိုးကျတာ ထင်တာပ"

"အင်း...ဖြစ်နိုင်တာပေါ့လေ၊ တစ်သံထဲဆိုတော့ ဖြစ်နိုင်ပါတယ်"

ထိုသို့ သူပို့ကြားမိသော အသံကြောင့် ပထမ တွေဝေ၏။ နောက်တော့ သစ်ကိုင်းခြောက်ကျိုးကျသည့်အသံဟု ထင်ကာ စိတ်အေးပါသော်လည်း သံသယတော့ ဖြစ်လာပါပြီ။ သစ်ကိုင်းကျိုးသံ ဆိုပါက ဖြောက်၊ ဘုတ် ဟူသော အသံမျိုးသာဖြစ်ရမည်။ သူတို့ကြားလိုက်သည်မှာက ဤသို့မဟုတ်ပါ ချွတ်ဆိုသော ခြေနင်းသံ တစ်ချက်သာ၊ သစ်ကိုင်း သို့မဟုတ် သစ်ရွက်ခြောက်အား အကောင် တစ်ကောင်ကောင် နင်းမိသော အသံ ဖြစ်ပါ၏။

သံသယဖြစ်၍ စောင့်ပြီး နားဆင်နေစဉ်မှာပင် ပုရစ်သံကလည်း တိတ်ဆိတ်နေသဖြင့် ဘာသံမျှပင် မကြားရတော့၊ ထိုအချိန်မှာပင် သူတို့နေရာယူထားသော အောက်ဘက်ပေသုံးဆယ်ခန့်လောက်မှ အသံကြားရပါပြီ။

"ချွတ်"

"ချွတ်"

"ချွတ်"

"ရော်... လူတစ်ယောက် တက်လာနေတာပအေး"

"ဗျာ...လူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပ လူမှလူအစစ်ပ"

"ဒီတောထဲမှာ ဒီအချိန် လူလာပါ့မလား၊ လူ မထင်ဘူး"

"ဟုတ်တော့ ဟုတ်တာပ စဉ်းစားစရာပအေး"

"ချွတ်..ဖြောက်...ချွတ်"

"ချွတ်... ချွတ် ... ချွတ်"

"ဆရာကိုတင်မြတ် နီးလာတာပ"

"ကျွန်တော်က မီးထိုးဆိုရင် ကိုကြီးဆင်ပေါက် မီးထိုးနော်"

"စိတ်ချ၊ မီးကောင်းကောင်းထိုးတတ်တာပ"

"နီးလာပြီ၊ သတိထား"

BURMESE CLASSIC

"ရော် ပစ်ဖို့လည်း အသင့်ဖြစ်တာလ"

"စိတ်ချပါ"

တင်မြတ်အားပစ်ခတ်ရန် သတိပေး၏။ တင်မြတ်၏ လှုပ်တပြက်ဘွဲ့ယူထားခြင်းကိုတော့ ကိုဆင်ပေါက်ကြီးတစ်ယောက်မသိပါ။ မတွေ့ဘူးသေးပါ။ သို့အတွက် တင်မြတ်ကလည်း သူ့အကြောင်းပြခြင်းသေးသည်။ ထိုသို့ပစ်ခတ်မှုနှင့် လျှင်မြန်မှု ထိရောက်မှုတွေပြခြင်းသည်ဆိုကာမှ သားကောင်သံထက်ကို လူတစ်ယောက်၏အသံကြောင့် ဝေဝေစေါ်ဖြစ်၍နေကြပါပြီ။

"တောက်..."

"ရော်... တောက်ခေါက်သံပ"

"နားထောင် ကြားပြန်ပြီ"

"ရှူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဆင်ပေါက်ကြီးမှ တင်မြတ်အားနားထောင်ရန် သတိပေးလိုက်စဉ်မှာပင် အသံတွေပျောက်သွား၏။ ထိုအသံတွေ ပျောက်နေဆဲဖြစ်သကဲ့သို့ပင် ပုရစ်သံ၊ ပုစဉ်းရင်ကွဲသံတွေလည်း ငြိမ်သက်ဆဲ၊ တိတ်ဆိတ်နေဆဲမို့ အတွေးရကြပါနေကြ၏။ စောစောက တောမုဆိုးကျားကြီးလည်း ဘယ်ရောက်သွားပါလိမ့်ဟူသော အတွေးတွေကို ကိုဆင်ပေါက်ကြီးတွေးနေစဉ်...

"ရော့ ဆရာကိုတင်မြတ်"

"ဟုတ်ကဲ့"

"ဘာနံ့ ရသလဲပ"

"မရပါဘူး"

"သေသေချာချာ ရှူကြည့်တာပအေး"

တင်မြတ် အနံ့ခံကြည့်၏၊ ဘာနံ့မျှ မရ၊ မှန်ပါ၏ ဘာနံ့မျှမရသည့်အတွက် မရကြောင်း ပြောပြီးမှသတိထားမိသည့်အတွက်၊ ကိုဆင်ပေါက်ကြီးအား မသိမသာလှမ်းကြည့်ရင်းမှ ဒုတိယအကြိမ်ထပ်မံ ပြောကြားလိုက်ပြန်၏။

"ကျွန်တော့် နှာခေါင်းတွေ နှာပိတ်နေတယ်ဗျ"

"အင်း...အနံ့တစ်မျိုးပဲ၊ ပုပ်အက်အက်လိုပဲ ဆရာကိုတင်မြတ်ပ"

"တောထဲဆိုတော့ အနံ့ရတာရှိတတ်တယ်၊ စောစောကကျားကြီးတွေဟာ သူတို့အစာကို တစ်ဝစားတယ်၊ ဝရင် ချန်ထားတယ်၊ ဘယ်လောက်ပဲ ပုပ်ပုပ် ဇာပ်စားတတ်တယ်ဗျ၊ ဒီတော့ စားကြွင်းစားကျန်အနံ့ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်သည် ရှက်နောက်နောက်ပြောတတ်သော်လည်း သတိရသည့်အတွက် စိတ်ကိုထိန်းပြီး ပြောလိုက်၏၊ တင်မြတ်အနည်းငယ်ရိပ်မိပါပြီ၊ ဘာ့ကြောင့်ဆိုသော် တောထဲတွေနှင့်သချိုင်းတွေမှာ အတွေ့အကြုံ ရခဲ့ပြီးပြီ၊ တစ်ဖန် ယခုအနံ့မရခင် ပထမခြေသံတွေ ကိုဆင်ပေါက်ကြီးကိုယ်ဝိုင်ကပြောခဲ့၏၊ လူမှလူအစစ်ဟုထင်ရသောခြေသံမျိုးအား ရိပ်မိသွားပါ၏၊ အကြောင်းမှာ လူလည်းမဖြစ်နိုင်၊ သားကောင်မဟုတ်ပါ၊ ဒါဆိုလျှင် ဝိညာဉ်ပဲဖြစ်ပေမည်။ ထိုဝိညာဉ်သည် ကိုကြီးဆင်ပေါက်ပြောခဲ့သောသူနှင့်ညီအစ်ကိုတော်သည့် အိုက်စံပင်ဖြစ်နိုင်ပါသည်၊ အိုက်စံတစ်ယောက်သူရှိနေကြောင်း သူ့အင်းနှင့်ပတ်ဝန်းကျင်တွင် တစ်လည်လည် မကျွတ်မလွတ်သေးသည်ကို ညီအစ်ကိုတော်သူအား လာရောက်နှုတ်ဆက်သည်ဟု တင်မြတ် တွေးလိုက်၏။

BURMESE CLASSIC တင်မြတ် ရိပ်မိပြီးသည်နှင့်နောက် ဘာသံမျှဆက်မကြားရတော့ပါ။ တင်မြတ် ကောင်းစွာ သိသွားပါပြီ။ သူသိသွားသည့်အတွက် နောက်ထပ် မနှောင့်ယှက်တော့ဟု တွေးပြီးသေဆုံးပြီးသူ့အိုက်စံအား မကျေးဇူးပင် တင်လိုက်မိသည်။

ကိုဆင်ပေါက်ကြီးအား တင်မြတ်သတိပြုမိလိုက်သည်မှာ စောစောကလို တက်တက်ကြွကြွ သိပ်မရှိတော့၊ အနည်းငယ်တွေဝေသွားသည့်အတွက် တင်မြတ် စဉ်းစားလိုက်၏၊ "အင်း... ကိုကြီးဆင်ပေါက်လည်း ရိပ်မိသွားပြီးထင်ပါရဲ့၊ ဒါ့ကြောင့် စိတ်မကောင်းဖြစ်နေတာများလား"ဟူသော သံသယအတွေးတွေဝင်လာခဲ့၏၊ သို့သော် မေးမြန်း စကား မပြောတော့ပါ၊ ဆိတ်ဆိတ်သာနေလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သော ညဥ့်သည် အနည်းငယ်တော့ ပိုမှောင်လာပါပြီး၊ လလည်းမသာပါ။ လဆုတ်ရက်ဆိုတော့ ညဥ့်ဆယ့်တစ်နာရီလောက်မှ သာပေမည်ကို တင်မြတ်တွေးမိ၏၊ သို့သော်လည်း အလေးမထားပါ၊ အတွေ့အကြုံတွေကြောင့် ကြောက်ရွံ့ထိတ်လန့်မှု မရှိသလောက် တင်မြတ်ထိန်းထားနိုင်ပါ၏။

"ကိုကျင်ဖေ ဘယ်လိုလဲ"

"တော်တော် ထူးတာပအေး"

"ဟုတ်တယ်ဗျ၊ ကျွန်တော် မသင်္ကာတော့ဘူး"

"ရော်... ကျွန်တော်လည်းဒီအတိုင်းပ"

"ဘယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူး စောင့်ကြည့်တာပ"

"ကြည့်တော့လည်း မတွေ့၊ မတွေ့တော့လည်း အသံကြောင့်တွေ့ချင်တယ်ဗျ"

"အောက်ဘက်ဆင်းကြည့်မလား"

"ရော်... မကြည့်တာကောင်းပအေး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က သုံးဖွဲ့ခွဲထားတာဆိုတော့ မှားယွင်းမှာ ကြောက်တယ်"

"ဒါပအေး၊ နို့မို့လိုကတော့ ကျင်ဖေတို့ ဒါမျိုးမရပ"

"အေးဗျ... ကိုကျင်ဖေနဲ့ကျွန်တော်တွဲမိတာ သိပ်ကောင်းတာပဲဗျ၊ ကျွန်တော်ကလည်း ဒါမျိုးဆို မကြောက်တတ်တဲ့အပြင် ရင်ဆိုင် လိုက်ချင်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေစဉ် အသံတစ်ခုထပ်မံကြားရသည့်အတွက် အနှောင့်အယှက်ဖြစ်ကာ စကားရပ်သွားရခြင်းပင်၊ ထိုအသံမှာ စောစောက ကြားရသည့် အောက်ဘက်မှပင်ဖြစ်၏၊ ထိုအသံသည် စောစောက ကြားရသောအသံမျိုးတော့မဟုတ်ပါ၊ ခြေသံမဟုတ်တော့ အသက်ရှူသံ၊ အသက်ရှူသံသည် ရိုးရိုးရှူသည့်အသံမျိုးလည်းမဟုတ် ရှိုက်ရှိုက်ရှူနေသောအသံ...

"ဟူး"

"ဟူး"

"ဟူး"

"ရော် အသက်ရှူတာတော့ရှူတာပ၊ အသက်ကို မဝတဝ အားပြု ရှူရတာမျိုးပအေး"

"ဟုတ်တယ်၊ အသက်ငင်နေတဲ့သဘောပဲ"

"ဣျှန်တော်ဆင်းချင်တာပအေး"

"မဆင်းနဲ့ကိုကျင်ဖေ၊ ဆင်းလို့ကတော့ သူ့သတ်ကွင်းထဲကျရောက်သွားမျိုးဖြစ်မယ်ဗျ"

"တောက်တော် အခံရခက်တာပအေး"

ကိုကျင်ဖေ မခံမရပ်နိုင်အောင်ဖြစ်နေ၏၊ စိတ်ဆက်သူ၊ စိတ်မြန်ကိုယ်မြန် သည်းမခံတတ်သူတစ်ယောက်အဖို့ ဤအဖြစ်မျိုးသည်းမခံခြင်းသည်က အမှန်၊ မတတ်သာ၍အောင့်အည်းနေရသည်ဟူသော စကားမျိုးကို ကြိတ်မှိတ်ခံစားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ထံသို့ ပထမကျားကြီးရောက်ခဲ့၏၊ နောက်တော့ တိတ်ဆိတ်သွား၏၊ ဘာကောင်မှမလာ၊ အသံလည်းမကြားရ၊ ဗုရစ်သံတွေ ပုစင်းရင်ကွဲသံတွေကြားရပြန်လိုက် တိတ်သွားလိုက်၊ ခုတော့ ပြန်တိတ်သွားသည့်အသံတွေကို အစွင့်ကောင်းယူပြီး ပထမလူတစ်ယောက်ပြေးတက်လာသည့်အသံမျိုးကြောင့် သူတို့နှစ်ယောက် စိုးရိမ်သွား၏။ ခက်ပဲခက်ရချေသေးရဲ့ဟုပင်ထင်မိစဉ် မိုးကျော်အောင်သည် သေနတ်အား ထိုးချိန်လိုက်သည့်တွင် လုံး၀ တိတ်ဆိတ်သွားသည်။ ခြေသံမှာ အတင်း အလုအယက် ပြေးတက်လာရာမှ နောက်တော့အသံ လုံး၀ ပျောက်သွား၏။

အသံပျောက်ရခြင်းမှာ မိုးကျော်အောင်၏ သေနတ်ပြောင်းကြောင့် အသံတိတ်သွားခြင်းပင်၊ မိုးကျော်အောင်သဘောပေါက်၍ ပြုံးမိ၏၊ ကိုကျင်ဖေတော့ သိမသိမသိလည်း မိုးကျော်အောင်ဆိုသော မုဆိုးပေါက်စသည် တင်မြတ်ကဲ့သို့ ရှုတ်ရှုတ်နောက်နောက် မပြောတတ်၊ နှုတ်လုံ၏။ နောက်တစ်ခု မပြောသင့်သေး၍လည်း မပြောဘဲနေခဲ့ခြင်းသာဖြစ်၏။

ထိုပြေးတက်လာသည့်အသံ ပျောက်ကွယ်သွားပြီး နောက်တစ်ခန့် ယခုကြားရသည့်အသံမှာ လူတစ်ယောက်၏ အသက်ရှူသံ၊ ထိုအသက် ရှူသံကိုလည်း သူတို့နှစ်ယောက်စလုံးကောင်းစွာကြားရ၏၊ အသက်သေခါနီး သို့မဟုတ် တုတ်နှောင်ခံထားရ၍ ရုန်းကန်မရတော့သည့်အဆုံး အားကိုးရမဲ့အသက်ကို ရှိုက်ရှူနေပုံလည်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စောင့်နေစဉ်မှာပင် အသံတွေကြားရပါ၏၊ ထိုအသံကို တော့ မိုးကျော်အောင်ကော တင်မြတ်တို့အဖွဲ့ပါကြားလိုက်ရသည့်အ တွက် ခဏစောင့်ကြည့်ရင်း အသံပြန်ပြုလိုက်ပါ၏။

"ရှီ... ရှီ... ရှီ"

လက်ခေါက်မှုတ်သံသုံးချက် ထိုလက်ခေါက်မှုတ်သံအား ကျွန် တော် မှုတ်လိုက်ခြင်းကို သူတို့သိလိုက်ရပြီးနောက် သူတို့ထံမှထွက်ပေါ် လာမည့်အသံကို ကျွန်တော်စောင့်နေစဉ် အစီအစဉ်အတိုင်း....

"ရှီ... ရှီ"

"ကိုကျော်မြရေ မိုးကျော်ဗျ"

"ဟုတ်"

"ရှီ... ရှီ... ရှီ"

"အင်း... တင်မြတ် စုံပြီ မီးထိုးမယ်"

ကျွန်တော်ပြောပြောဆိုဆို မီးအရှည် သုံးချက်ထိုးရင်း မီးကို အောက်ချလိုက်၏၊ ကျွန်တော်၏ မီးရောင်ကြောင့် မိုးကျော်အောင် လည်း မီးအရှည် နှစ်ချက်ဆင့်ပြီး အောက်သို့စိုက်ထိုးသကဲ့သို့ တင်မြတ် ထံမှ မီးအရှည်သုံးချက်ထွက်ပြီးအောက်သို့ စိုက်ရင်းဆင်းခဲ့ကြပါပြီ။

အဖွဲ့ခွဲ မစောင့်မှုအပေါ် ကျွန်တော်တို့သုံးယောက်၏ ပထမဆုံး မီးသည် အရှည်သုံးချက်ဖြစ်ပြီး ကျွန်တော် သို့မဟုတ်၊ မိုးကျော်အောင်၊ တင်မြတ်ပဲဖြစ်ဖြစ် အရေးပေါ် သို့မဟုတ် ပြန်ဆုံရန် သင်္ကေတမှတ်ချက်ထိုး နိုင်ပြီး ဒုတိယလူမှာ မိုးကျော်အောင် သို့မဟုတ် တင်မြတ်သာ ဖြစ်ရမည်။ နောက်ဆုံးအလှည့် ကျွန်တော်သည် မီးသုံးချက်ထိုးရမည်။ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စထိုးပါက နောက်ဆုံးလူသည်သုံးချက်ထိုးနိုင်၏။ အလယ်လူမှာ နှစ်ချက်သာထိုးရန် သတ်မှတ်ထားမှုအား ပုံသေမှတ်ထားပြီးသားမို့ ကျွန်တော်က မီးသုံးချက် စထိုးလိုက်ခြင်းအား သူတို့သိကြောင်း၊ စုရပ်သို့ဆင်းခဲ့မယ် လာစုမည် ဟူသော အချက်ပြသင်္ကေတဖြစ်ပါ၏၊ ကျွန်တော်တို့နှစ်ယောက် အနက် ကိုကျော်မြသည် ချေအားထမ်းခဲ့ပါသည်၊ သူတို့တော့ ဘာမျှ မပစ်ရ။

စုရပ်ဝယ်မီးထောင်ထားသဖြင့် မိုးကျော်အောင်တို့အရင်ရောက်ပြီး တင်မြတ်တို့ရောက်လာပါပြီ၊ အားလုံးစုံတော့ ကျွန်တော်ပစ်ခဲ့သောချေအား ကိုကြီးဆင်ပေါက် ဝမ်းသာအားရပင် ကိုကျော်မြပုခုံးပေါ်မှ သူယူလိုက်သည်။

"ရော်... ချေရတာပအေး"

"ဟုတ်တာပ၊ ရော်... ကိုတင်မြတ်တို့ကို ကိုမိုးကျော်တို့ဖက် ဘာကောင်ထွက်လဲ၊ အင်း... မထွက်လို့ပအေး"

"ကိုကျော်မြသိတဲ့အတိုင်းပဲ ထွက်လို့ကတော့ရပြီပေါ့"

"ကဲ... ပြောစရာရှိလည်း နောက်မှပြောကြတာပေါ့၊ တဲပြန်ကြရအောင်"

"ရော ဆရာကျော်ပ တောဝက်ရှာချင်ဗ ဒပ"

"ဗျာ"

"ရော ဆရာကျော်တို့ မသိတာ ဖြစ်မှာပအေး၊ ကျားနဲ့တောဝက် ထိုက်ပြီး တောဝက်သေတာပအေး"

"ဟုတ်တယ်ဆရာကျော်၊ ကျားလည်းတော်တော်ခံလိုက်ရတယ်၊ နားရွက်တစ်ဖက်ပြတ်သွားတယ်၊ တောဝက်တော့ သေသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲလေ... ရှာကြတာပေါ့"

ကျွန်တော်တို့ခြောက်ယောက် တောဝက်သေသည့်နေရာအား သွားရှာပါသည်၊ တောဝက်နှင့်ကျား လုံးထွေးထားသည့်နေရာမှာ သွေးများရဲရဲတောက်နေပါ၏၊ နေ့ဘက်ဆို ပိုမို တွေ့ရပေမည်၊ ညအချိန်မှာပင် တောဝက်ထံမှထွက်သောသွေးနှင့်တောမုဆိုးကျားကြီး၏ နားမှထွက်သောသွေးများရောထွေးနေသည်ကို တွေ့ရပါသည်၊ တောဝက်မှာလယ် ဂုတ်နှင့်အတူ ဝမ်းဗိုက်လည်း ကျားကြီး၏ရှေ့လက်တွေဖြင့် ကုတ်ခြစ်ထားသော ဒဏ်ရာတွေတော်တော်များပြီး သေနေပါပြီ။

"ကဲ... တောဝက်သယ်ကြတာပေါ့"

"ရော်... ချေကို တစ်ယောက်သယ်၊ ငါတောဝက်ထမ်းမယ်"

"မလုပ်ပါနဲ့ ကိုကြီးဆင်ပေါက်နှစ်ယောက်ထမ်းကြတာပေါ့"

"ရတာပေါ့ကြည့်"

ပြောပြောဆိုဆို ကိုဆင်ပေါက်ကြီးသည် တောဝက်၏ရှေ့လက်နှင့်နောက်ခြေတို့အား သူ၏သန်မာသောလက်နှစ်ဖက်ဖြင့် ဆွဲမြှောက်တင်ပြီး ပုခုံးပေါ်ဝယ်ထမ်းခဲ့ပါပြီ။ ကျွန်တော်တို့အပြန်လမ်းဝယ် ပစ်ခတ်ရသည့်ချေနှင့်ကျားကိုက်၍သေသွားသော တောဝက်တစ်ကောင်အချောင် ရခဲ့ပါ၏။ ကျွန်တော်တို့အကြိုက်ဆိုလျှင် တောသကိနှစ်ကောင်သုံးကောင်ပစ်ရတာယ်၊ သို့သော် တောမုဆိုးကျားကြီး၏ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဇတောဝက်လေးကောင် လွတ်သွားခဲ့ပါ၏။ လက်နှိပ်ဓာတ်မီးတွေ ထိုးပြီး ကျွန်တော်တို့ပြန်ခဲ့သကဲ့သို့တဲအတွင်းမှာ မီးပုံကြီးရဲရဲနေအောင် မီးလှုံရင်း စောစောကချေအား ကင်နေသည်ကိုတွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရော်... တောဝက်ကော ချေပါရတာပအေး"

"ကဲ... ဆက်လုပ်ကြမလား"

"ရော်... ကိုကျင်ဖေပ ဒီတောဝက်က ဘာဖြစ်တာပ"

"ရှော့... အရိုးများအသားဝါးနဲ့ပ၊ အလကားရတဲ့နွား သွားဖြ ကြည့်နေတာပ၊ ဘယ်လိုရရ စားရပြီးတာပအေး"

ကိုကျင်ဖေအား ရွာသားတစ်ယောက်က ပြောလိုက်၍ကိုကျင်ဖေ စိတ်တိုတိုဖြင့် ပြောလိုက်၏၊ ကျွန်တော်နှင့်တင်မြတ်ပြုံးလိုက်၏၊ တင်မြတ်သည် ရွာသားတွေနှင့်ရောပြီး ထိုင်ရင်းမှ အမှန်အတိုင်းပြော လိုက်ပါ၏။

"အင်း...ကျွန်တော်တို့မိတ်ဆွေပေါ့ဗျာ၊ တောမုဆိုးက လက် ဆောင် ပေးလိုက်တာဗျ၊ ကျွန်တော်တို့ပင်ပန်းမှာစိုးလို့ သူကဖမ်းပေး တာလေ၊ သူဖမ်းတာကလည်း အသည်းယားစရာပဲဗျ"

"ရော်... တောထဲမှာမုဆိုးရှိသေးတာပ"

"ရှိတာပေါ့ဗျ၊ တောထဲကမုဆိုးဆိုတာ စကားတော့မပြောဘူး"

"ရော်... အံ့တာပ"

"တောထဲကမုဆိုးကြီးတွေတော့ ကိုဆင်ပေါက်ဒေါ်သထွက်ပြီး အတင်းဝင်လုံးတော့မလို့ဗျ"

"ရော်... ရှေ့သာတိုးလို့ကတော့ ဆင်ပေါက်လက်ချက်နဲ့မိသွား မှာပအေး၊ ဟား...ဟား...ဟား...ဟား"

"တင်မြတ်"

"ဘာလဲ မိုးကျော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတောမုဆိုးကြီးပေါ့ကွ၊ ကိုကျင်ဖေရဲ့ကျည်ဆံကငယ်ထိပ်ကိုမှန်သွားတာပေါ့၊ ကိုကျင်ဖေကလည်း လက်ဖြောင့်လိုက်တာမုဆိုးကြီး နောက်ဂျွမ်းတွေဘာတွေပစ်သွားတာပဲကွ ဟဲ…ဟဲ…ဟဲ…ဟဲ"

"အေး… တောမုဆိုးကြီး နားရွက်ပြတ်သွားတယ်ကွ"

"ဟုတ်တယ် တင်မြွတ်၊ နားရွက်ပြတ်ပြီးသေွးကိုရဲနေတာပဲ"

"ရော… ဆရာကြီးတို့ပ အဲဒီတောမုဆိုးကြီးဆိုတာလူလားဟင်"

"ရော… လိပ်ပုတို့ကတော့ အပအေး၊ တောမုဆိုးဆိုတာ လူမဟုတ်ဘူးကွ၊ ချွေး… ချွေးပ"

"ဘယ်သူကိုလိပ်ပုဟုတ်လား၊ တောမုဆိုးဆိုတာ တောသဲကကျားကို ပြောတာဗျ"

"ရော်… သိမှမသိတာပအေး၊ ရှင်းမှမပြ၊ အင်း… တော်တော်ရှုပ်တာပ၊ လူကြည့်တော့လည်း မုဆိုးတဲ့၊ ရော်… ကျားကြပြန်တော့လည်း မုဆိုးတဲ့ ဒါဆိုအတူတူပအေး"

"ဟုတ်တာပ၊ ဟောဒီမုဆိုးတွေကလူ၊ လူဆိုတော့ အခုလိုအတွေ့တွဲပြီး စကားပြောလို့ရတာပ လိပ်ပုရ၊ တောထဲတစ်ယောက်ထဲလာပြီး ကျားကြီးကို မုဆိုးဘဲအတူပါဘဲဆိုပြီး သွားမဖက်လေနဲ့၊ စကားသွားမပြောလေနဲ့ ဟောဟိုတောဝက်ကြီးလို ပက်လက်ကြီးဖြစ်သွားမှာပ ဟား… ဟား… ဟား… ဟား"

"ရော် လူဖေပ၊ နင်က ငါ့မိန်းမကိုကြိုက်နေတာ ပေါ်တာပ၊ အချောင်နှိုက်ခြင်းနေတာခုမှသိတာပ"

"ဟားဟားဟားဟား မင်းမိန်းမလို မီးယပ်ပိန်မီးယပ်ခြောက်များ ဝေးပါသေးရဲ့ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟားဟားဟား" "ဟဲဟဲဟဲဟဲ"

ရွာသားတွေ ပျော်ရွှင်နေကြပါတယ်၊ ကျွန်တော်တို့လည်းကျေနပ်နေမိသည်ကအမှန်ပါ၊ ဒီလူ့အုပ်နှင့်နောက်ထပ် ဆတ်နှင့်တောဝက်အပြင် ဒရယ်တစ်ကောင်လောက်ပါရပါမှ တော်ပေမည်၊ အခုပင် ပထမရခဲ့သော ချေတစ်ကောင်အား မီးကင်လိုက်ကြော်လိုက်နှင့် စားကြသောက်ကြသည်မှာ ချေတစ်ကောင်ကုန်တော့မည်။ ခုတစ်ဖန် နောက်တစ်ကောင်ကိုလည်း အရေခွံခွာနေကြပါပြီ။ တောဝက်ကိုတော့ ဗိုက်ခွဲပြီး အူတွေအားလုံး ကလီစာတွေမထားတော့၊ အကောင်ကိုတော့ အကောင်အတိုင်းထားလိုက်၏။

သွက်လက်သောရွာသားတွေ သွေးရဲရဲသံရဲရဲ အားမာန်တွေအတွက်ဝမ်းထဲမှာလည်း ပြည့်ပြီးသား ထမင်းဟင်းအပြင် တစွတ်စွတ်သောက်နေကြသော ကချင်အရက်တွေ၊ ချေသားကင်တွေ၊ ချေသားကြော်တွေ စုံနေ၏၊ အမျိုးမျိုး စိတ်ကြိုက်လုပ်စားနေ၏၊ ကျွန်တော်စဉ်းစားကြည့်မိသည်၊ ရွာသားတွေမှာ လွတ်လွတ်လတ်လတ်ပျော်ပွဲစားနေကြ၏။ မီးပုံပွဲကြီးသဖွယ် ပျော်ရွှင်နေကြသည်ဟု သူတို့ကိုကြည့်ပြီး ပီတိတွေဖြစ်နေစဉ်မှာပင်...

"ဘုံး"

"ဝုန်း"

"ရော်... ဘာသံပအေး"

အပြင်ဘက်မှ သစ်ကိုင်းကျိုးကျသံလား၊ သို့မဟုတ်တောင်စောင်းထက်မှကျောက်တုံးကြီးတစ်လုံးအား လူသို့မဟုတ်ဆင်စသည့်



www.burmeseclassic.com

www.burmeseclassic.com



အထက်စီးမှ တွန်းချသံလားမသိ ဗီပီသသ ဘုံး ဟူသောအသံနှင့်ထပ် ထူမှုရေထဲသို့ ကျသွားသည့်အသံမျိုးကြောင့် ကိုကြီးဆင်ပေါက် သူ၏ လက်သုံးတော်ဓားကြီးဆွဲပြီး တဲပေါက်ဝဘက်သို့ထွက်လိုက်သည်။

"ကိုကြီးဆင်ပေါက် အပြင်မထွက်နဲ့"

"ရော်– ဘာလဲပ၊ ဘယ်သူနှောင့်ယှက်တာလဲ"

"ရှော့... စောစောကလည်း ဒီလိုပအေး၊ ကျောက်တုံးကြီးတွေ ပြိုကျတာပအေး"

"ဟုတ်လား၊ ဘယ်ဘက်ကလဲ"

"ရော်... တောင်စောင်းကပဲကျလာတာပ"

"ကဲပါ ထားလိုက်ပါတော့၊ မထူးပါဘူး"

တင်မြတ်မှ အလေးမထားသော်လည်း မိုးကျော်အောင်တစ်ယောက်မှာတော့ အလေးထားလို အကြောင်းမှာ မိုးကျော်အောင်သည် သူ့အား ခြောက်လှန့်သည်ဆိုပါက အလွန်ဒေါသထွက်သည်။ ထို့အပြင် ထိုခြောက်လှန့်မှုအပေါ် တန်ပြန်လုပ်ရမှု ကျေနပ်၏။ နောက်ဆုံးအဆင့် သူသင်ယူတတ်မြောက်ထားသော ဂါထာမန္တရားတွေစုံအောင်တတ်၏။ နမောတန်ပြန်မှအစ အန္တရာယ်ကင်းဂါထာတော်တွေ ဗုဒ္ဓ၏ပရိတ်တော်တွေ စုံစုံလင်လင်ရ၏၊ ဘုန်းကြီးကျောင်းသားပီပီ သရဲမကြောက်တတ်သော မျိုးကျော်အောင်မှ...

"ဆရာကျော်... ကျွန်တော်ထွက်ကြည့်ချင်တယ်"

"ဘယ်ကိုလဲ"

"အပြင်ပေါ့၊ နောက်ပြီး အင်းဘက်လည်း ထွက်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီလို လုပ်တာပေါ့၊ တို့လည်း မအိပ်ချင်ဘူး၊ ဒီတော့ အင်းမြောင်ဘက် ဆင်းကြရအောင်"

"တင်မြတ် နေခဲ့ကွာ"

"ဟုတ်ကဲ့"

"ကိုကျင်ဖေ လိုက်ခဲ့ပါလား"

"ရော်... ကျွန်တော်လိုက်မှာပအေး၊ ဒီအင်းနဲ့ ပတ်ဝန်းကျင်ကို ကျွန်တော် ကောင်းကောင်းသိတာပ"

"ကဲ ... ဒါဆို ကိုကျင်ဖေရယ်၊ ကိုကြီးဆင်ပေါက်ရယ် ထွက်ကြတာပေါ့"

ကျွန်တော်တို့ ဟန်ရေးပြနေစဉ်မှာပင် အပြင်ဘက်မှ ထပ်မံထွက်ပေါ်လာသောအသံတွေက ကျွန်တော်တို့အား စိန်ခေါ်နေပါ၏။ သူခေါ်ပုံမှာ ကျွန်တော်နှစ်ယောက်အပြင် ကိုကျင်ဖေနှင့် ကိုကြီးဆင်ပေါက်တို့ကိုပါ မာယာပါသော လှည့်စားမှုတစ်ခုပင်...

"ဖူး . . ."

"ဖူး . . ."

"ဖူး . . ."

"ဖြောက်... ဖြောက်... ဖြောက်... ဖြောက်"

"ဆရာကျော် ဆတ်သံလား"

"မထင်ပါဘူးကွာ"

"ရော်... ပြောရမှာပအေး၊ ကျွန်တော်နဲ့ ကိုမိုးကျော်အောင်စောင့်နေတာပအေး၊ ခြေသံကြားတာပ၊ အကောင် မတွေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ... ကိုကျင်ဖေ၊ အသံကြားပြီး အကောင် မတွေ့ဘူး၊ ဟုတ်လား"

"ဟုတ်တာပ"

"ကိုကျော်မြ တစ်ပုံစံတည်းပဲနော်"

"ရော်... တူတာပ"

မိုးကျော်အောင်မှ ကိုကျော်မြထံ စစ်ကူတောင်းရန် သူတို့တွေ့ခဲ့သည့်အကြောင်း စာစောက ပြောပြ၏။ ကိုကျော်မြမှလည်း ကျွန်တော်နှင့် သားကောင်စောင့်နေစဉ်မှာပင် ထိုကဲ့သို့ ခြေသံကြားရပြီး ပျောက်သွားကြောင်းတွေ သူတို့နှစ်ယောက်ပြောပြီးကြပါပြီ။

"ရော်... ဆရာကိုတင်မြတ် ပြောတာမှန်တာပအေး၊ ကိုမိုးကျော်အောင်တို့နဲ့အတူတူ ဖြစ်ရတာပနော့၊ အင်း... ဒီပတ်ဝန်းကျင်မှာ ရှိနေတာပ၊ ကျွန်တော်က အပုပ်နံ့ရတယ်၊ ဆရာကိုတင်မြရေ၊ အတူတူပနော့၊ နှစ်ယောက်တည်း တစ်ယောက်တစ်မျိုးဖြစ်တာပ"

"ဩော်... ဟုတ်တယ်ဆရာကျော်၊ ကိုကြီးဆင်ပေါက်ပြောမှ သတိရတယ်၊ ကိုကြီးဆင်ပေါက်က အပုပ်နံ့၊ ကျွန်တော်က ရေမွှေးနံ့၊ ကိုကြီးဆင်ပေါက်ကိုတော့ ကျွန်တော်မပြောလိုက်ပါဘူး၊ ဘာနံ့မှ မရဘူးဘဲ ထားလိုက်ပါတယ်၊ ကျွန်တော်သိတာပေါ့၊ တောကကြမ်းပေမယ့် ဒီအပိုင်းမှာတော့ ခပ်ဆန်းဆန်းလေးတွေရှိမှာပဲ"

"အေး ... ငါမှာထားခဲ့မယ်၊ မင်းတို့အဖွဲ့ ဘယ်သူမှ အပြင်မထွက်ကြနဲ့၊ သေသေချာချာမှတ်ထားပါ၊ အပြင်ထွက်ရင် နှစ်ယောက်တွဲ၊ မီးတုတ်ပါရမယ်။ နောက်တစ်ခု တင်မြတ်အပြင်ထွက်ပြီး ဘာအကောင်မှ မပစ်ရဘူးနော်"

www.burmeseclassic.com



"စိတ်ချပါဆရာ၊ ကဲ... ရွာသားတွေ မှတ်ထားနော်၊ အပြင်မထွက်ရဘူး၊ အပြင်ထွက်ရင် ပြောပြီးမှထွက်၊ ကျွန်တော် ခွင့်ပြုတယ်၊ အိမ်မပါရဘူး၊ ရှုးမပေါက်ရ၊ ဟား ... ဟား ... ဟား ... ဟား"

တင်မြတ်နောက်တောက်တောက်ပြောပြီး ချေသားဝါးနေ၏၊ ကျွန်တော်တို့လေးယောက်လည်း ထွက်ခဲ့ပါပြီ။ ကျွန်တော်တို့ စောစောက ကြားလိုက်သော နာမှတ်သံနှင့်ခြေသံမှာ ဆတ်သံအစစ်ပင်၊ သို့သော် ဆတ်ဆိုသောသတ္တဝါသည် လူတွေစုရုံးနေသင့်တဲ့ မီးတောက်မီးလျှံတွေနှင့် လူသံတွေကြားရပါလျက် အနီးကပ်လာသည် မဟုတ်၊ ထိုသို့ ဆတ်မဟုတ်ပါက ဘာကောင်ဖြစ်မည်နည်း။ ဆတ်မဟုတ်ခဲ့လျှင် ဝိညာဉ်တစ်ခုခုသာ ဖြစ်ပေမည်။ ကျွန်တော်ထွက်လိုက်သည်နှင့် တဲအပြင်မှာတော့ အေးနေသည့်ဒဏ်ကို ခံလိုက်ရပါ၏။

အင်းရှိ၍လည်း အေး၏။ ကချင်ပြည်နယ်၏ အအေးဓါတ်လွှမ်းကဲသောဒဏ်ကိုလည်း ခံစားရပါ၏။ ထိုသို့ အအေးဒဏ်ခံရမှုသည် ယနေ့ ယခုမဟုတ်ပါ။ နှစ်ချီလာတော့လည်း ထိုဒဏ်ကို မကြောက်တြတော့၊ ကိုယ့်ဒေသကဲ့သို့ပင် ဖြစ်နေပါပြီ။ သို့အတွက်ကြောင့် နှင်းဒဏ်လေဒဏ် ကြုံကြုံ ခံနိုင်သော်လည်း ယခုမူ မီးလှုံနေရာမှ အပြင်သို့ထွက်လိုက်သည်နှင့် အအေးဒဏ်က ဆီးကြိုနှုတ်ဆက်လိုက်သည်မှာ-

"ကိုကြီးဆင်ပေါက်၊ တော်တော်အေးသွားတယ်ဗျ"

"ဟုတ်ပ၊ မီးလှုံနေပြီး အပြင်ထွက်လိုက်တော့ ပိုဆိုးတာပအေး"

"ကိုကြီးဆင်ပေါက်ရေ ဘယ်ဘက်သွားမလဲ"

"ရော်... ဟုတ်တာပ၊ အင်းရဲ့အနောက်ဘက်မှာ မြိုင်ကြီးပအေး၊ ဆတ်ဆင်းတာပ၊ ချေနဲ့ဒရယ်လည်း ထွက်တဲ့အပြင် တောဝက်လည်းပေါတာပ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ဒါပေမယ့် ကျွန်တော်ရှာချင်တာက စောစောက အသံကြားတဲ့အသံရှင် ဆတ်ယောင်ဆောင်တဲ့ ဝိညာဉ်"

"ရော်... ဆရာကြီး အံ့တာပ၊ တွေ့တော့ ဘာလုပ်ရမှာပအေး"

"ကျွန်တော်တို့ကို နှောင့်ယှက်ရင်တော့ ကျွန်တော်တို့က ဒုက္ခပေးမှာပေါ့၊ ကိုကြီးဆင်ပေါက်ရ"

မိုးကျော်အောင်မှပင် ကျွန်တော်နှင့်ကိုဆင်ပေါက်ကြီးတို့ စကားပြောနေစဉ် ဝင်ရောက်၍ ပြောလိုက်၏။ ကိုဆင်ပေါက်ကြီး ဘာမှပြန်မပြောပါ။ ကိုကျင်ဖေနှင့် ကိုကျော်မြလည်း တစ်ခွန်းမျှမပြောတော့၊ တိတ်တိတ်နေကြသည်။ သူတို့လည်း ကျွန်တော်တို့နှင့် တွဲနေကြ၊ လိုက်နေကြဆိုတော့ ကျွန်တော်တို့မှာ အကြောင်းကောင်းကောင်းသိ၏၊ သူတို့လည်း စိတ်မာကြသူများတွေဖြစ်၍ သရဲတစ္ဆေဝိညာဉ်ကို အထင်မကြီး ကြသည့်လူရှုတ်တွေ မံမလင်းရွာသား ကိုကျင်ဖေသည် ရွာ၏ အမာခံ သတ္တိခဲဖြစ်ဘိသကဲ့သို့ ကိုကျော်မြဆိုလည်း ကျွန်းကြီးကျေးရွာ၏ စွမ်းဆောင်နိုင်သူ စိတ်မြန်လက်မြန်အရာရာကို စွန့်စားရဲသူဖြစ်ပါ၏။ ကြောက်စိတ်ဆိုသည်မှာ သူတို့အတွက်မဖြစ်နိုင် မရှိကြပါ။ အရာရာကို ယှဉ်သူတွေ၊ မြို့ပေါ်တက်၍ အခက်အခဲ၊ ကျေးရွာကိစ္စ၊ သီးနှံစိုက်ပျိုး မှုမှအစ နောက်ဆုံးပြည်သူ့စစ်ကိစ္စအထိ ပြောရဲဆိုရဲတာဝန်ယူရဲသူတွေ။

"ဆရာကြီးတို့ပ"

"ပြောပါ ကိုကြီးဆင်ပေါက်"

"ရော်... ပြောရမှာ အားနာတာပအေး၊ ကျွန်တော်လည်း ဘာမှ မကြောက်ပ၊ တစ်ယောက်တည်းသွားရဲလာရဲပ၊ ဒါပေမယ့် ဒီမှာတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဝိညာဉ်ဆိုတာ ကျွန်တော်တို့ညီအစ်ကိုတော်တဲ့ အိုက်စံပဲဖြစ်မှာပ၊ သူက စိတ်ကောင်းရှိတာပအေး၊ ကျွန်တော်ပါလို့ သတိပေးတာလည်း ရှိတာပ၊ နောက်တစ်ခု အားလုံးကို ကြိုဆိုနှုတ်ဆက်တာလည်း ဖြစ်မှာပ၊ ဒီတော့ ခွင့်လွှတ်ပေးတာပ၊ ကျွန်တော့်ညီအစား ကျွန်တော် တောင်းပန်တာပအေး၊ မေတ္တာရပ်ခံတာပ"

"ဟာဗျာ၊ ကိုကြီးဆင်ပေါက်ရာ၊ ကျွန်တော်တို့က ကျွန်တော်တို့ကို မနှောင့်ယှက်သမျှ အားလုံးကိုခွင့်လွှတ်တတ်ပါတယ်၊ ဒါတောင် ကျွန်တော်တို့အတွက် ဒုက္ခ၊ သုက္ခ မရှိသမျှ ဘယ်တော့မှ တန်ပြန်ကလဲ့စား မချေတတ်ပါဘူး"

"ဟုတ်ပါတယ် ကိုကြီးဆင်ပေါက်၊ မိုးကျော်ပြောသလို ကျွန်တော်တို့လာတာက တောပစ်သက်သက်ပါ၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး၊ ဒီမှာကိုကြီးဆင်ပေါက် ပြောသလို ကိုအိုက်စံရဲ့ဝိညာဉ်ရှိနေတာ ကျွန်တော်တို့နဲ့ မပတ်သက်ပါဘူး၊ သူ့အတွက် အမျှပေးဝေပါတယ်၊ ဘယ်သူမဆို အစွဲအလမ်းရှိကြစမြဲပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ စိတ်ထဲကဆန္ဒကို သိနေတဲ့ ကိုအိုက်စံက ဆတ် အသံပြုပြီး မလှည့်စားသင့်ဘူးလို့တော့ ကျွန်တော်ပြောချင်ပါတယ်"

"ရော်... အိုက်စံ မလှည့်စားပါဘူးပအေး၊ သူက ဆတ်တစ်ကောင်ကောင်ရအောင် ကူညီမှာပ"

"အိုက်စံပ၊ တို့အတွက် ဆတ်တစ်ကောင်ကောင်ရအောင် ကူညီပေးတာပအေး၊ မင်းအတွက် ဆတ်သားအစို့ မကျွေးပ၊ ကင်ပြီးကျွေးမှာပ၊ ကူညီတာပအေး၊ မနက်ဖြန်မိုးလင်းရင် ငါးကြင်းနှစ်ကောင် သုံးကောင်ရအောင် ကူညီပ၊ ငါတောင်းတာပ၊ ဆရာကြီးတို့ ကင်ကျွေးချင်တာပ"

+++++++++++++++++++++++++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆင်ပေါက်တစ်ယောက် သူ့ညီတော်စပ်သူ အိုက်စံဆိုသည့်ဝိညာဉ်အား စကားပြောနေပါသည်၊ လိုအပ်တာတွေ ပြောပြ၏ ဆတ်တစ်ကောင်ရရှိရေးအပြင် အိုက်စံ၏အင်းထဲမှ ငါးကြင်းတွေပါ တောင်းခံနေပါ၏၊ ငါးကြင်းတွေ ဘယ်လိုရမည်နည်း၊ ဆတ်ဆိုသည်မှာ တော့ ကုန်းပေါ်တောထဲမှာရှိ၍ ရနိုင်သော်လည်း ရေထဲမှ ငါးဘယ်လို ဖမ်းမည်နည်း၊ ကျွန်တော် မတွေးတတ်၍လည်း မတွေးတော့ပါ၊ ဆတ်ရ ရန်အတွက်သာ စဉ်းစားနေစဉ် . . .

"ဖြောက် . . ."

"ဖြောက် . . ."

"ဖြောက် . . ."

"ဆရာကျော် ခြေသံပ"

"ဟုတ်တယ်၊ ကိုကျော်မြ ကြားတယ်"

"ရော်... အိုက်စံကို ကျွန်တော်တွေ့တာပ၊ ကျွန်တော်တို့ကို ကူညီမှာပ"

"ကောင်းပါတယ်ဗျာ"

"ရော်... ဆရာကြီးနဲ့ ဆရာ ကိုမိုးကျော်ပ၊ ကျွန်တော့်ညီက နောက်တတ်တာပ၊ စိတ်မရှိဖို့ မှာကြားထားရတာပ"

"ကိုကြီးဆင်ပေါက်တို့ကတော့ သူ့ညီ အကြောင်းပဲ မွှန်းနေတာပဲ၊ ဝိညာဉ်ဖြစ်တာတောင် နောက်တာပဲတာပဲလားဗျ"

"ရော်... သူ့အကျင့်ပအေး"

ကျွန်တော်တို့နှင့်အတူ ကိုကျင်ဖေ၊ ကိုကြီးဆင်ပေါက် ရှေ့က သွားကြပြီး မိုးကျော်အောင်နှင့်အတူ ကိုကျော်မြတို့နှစ်ယောက် နောက်က



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ကြသည်။ အင်းသေားဖြစ်၍ တောနှင့်မတူ ခြုံနွယ်လေးတွေနှင့် သက်ငယ်ပင်လောက်သာရှိသဖြင့် မီးမထိုးပါ၊ လရောင်လည်း စန်းလာ ပြီမို့ တောတန်းလေးဝယ် အလင်းတစ်ဝက်ရရှိနေပါပြီ။ မီးထိုးရန်မလို တော့၍ အခြေအနေ မဆိုး။ ကျွန်တော် တိုးတိုးစကားပြောရာမှ စကားမ ပြောတော့ပါ။ ပစ်ခတ်နိုင်သည့်အနေအထားသို့ရောက်ရှိပြီဟု တွေးပြီး သားကောင်ကို ရှာနေ ဖွေနေရပါပြီ။

"ရှတ် . . ."

"ဖောက် . . . ဖောက်"

ရှဉ့်တစ်ကောင် ဖြတ်ပြေးပြီး အပင်ပေါ် ပြေးတက်လိုက်၏၊ ရှဉ့်ကို တွေ့ရသည့်အတွက် အလင်းအားကောင်းနေပြီ၊ သို့သော် သားကောင် တွေ့ရင်တော့ မီးထိုးရမည်မို့ ကိုကျင်ဖေအား ကျွန်တော့်ဘေးတွင် အသင့် ပါလာစေသကဲ့သို့ မိုးကျော်အောင်နှင့် ကိုကျော်မြကိုလည်း တွဲထားရပါ သည်။

အင်းစောင်းတွင် တစ်နာရီကျော်ကျော် လျှောက်ခဲ့ပြီး ဘာကောင် မှ မတွေ့သည့်အတွက် ကျွန်တော် နာရီအား ကြည့်လိုက်သောအခါ တစ်နာရီပင်ခွဲတော့မည်၊ သို့အတွက် ခေတ္တနားကြရန်နှင့် နေရာယူထား ရန် နေရာရွေးလိုက်ပြီးနောက် မအူတော ထူထပ်သည့်အခြေတောင် စောင်း မို့မို့တွင် ရွေးချယ်ရင်း ခေတ္တစခန်းချလိုက်၏။

"ဆရာကျော်"

"အေး ... ဘာလဲ"

"ဒီအချိန်ဆိုတော့ သားကောင်တွေ အထွက်ကြဲပြီ၊ မိုးလင်းပိုင်းမှ ခြိန်ထွက်ကြမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အဲဒီတော့"

"ဒါပေမယ့် အိပ်ချင်စိတ်လည်း မရှိတော့ဘူး၊ အသံလည်း သိချင်တာကြောင့်ပါ၊ ဒီမှာပဲ မိုးလင်းပိုင်းထိ စောင့်ကြမယ်"

"ဒါပဲရှိတော့တာပေါ့ကွာ၊ ဆက်ပြီးစောင့်ကြတာပေါ့၊ တဲမပြန်သေးဘဲ မိုးလင်းရင် ပစ်မယ်လေ"

ကျွန်တော်ပြောသည်ကို သဘောတူကြသည်၊ အခြေအနေပေးသည်မဟုတ်သေးပါ၊ သို့အတွက် အညောင်းခံပြီး မသွားတော့ဘဲ စောင့်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း အားလုံးသဘောပေါက်ကြပါသည်။

မိုးကျော်အောင်သည် ရေဘူးထဲမှ အရက်အား သူလည်း သောက်၏၊ ကိုကျော်မြကိုလည်း တိုက်၏၊ ကျွန်တော်ရေဘူးထဲမှအရက်ကိုလည်း ကိုကျော်ဖေနှင့် ကိုကြီးဆင်ပေါက်တို့အား ပေးတိုက်လိုက်၏၊ အာမီရမ်အား ငုံ့ကြရင်း စကားတော့ မပြောဖြစ်ပါ။ တစ်ခုတော့ ရှိတယ်၊ အားလုံး အိပ်ချင်စိတ်လုံးဝမရှိတော့သည့်အတွက် ဒီအတိုင်း ထိုင်နေကြသည်။

ခုတော့လည်း ဘာသံမျှ မကြားရတော့။ တိတ်ဆိတ်မှုနှင့်အတူ ပုံမှန်အော်ဟစ်နေကြပုရစ်နှင့် ပုဇဉ်းရင်ကွဲအသံတွေသာ ညံလိုက်၊ တိတ်သွားလိုက် ထပ်မံပေါ်လာလိုက်နှင့် တိတ်ဆိတ်နေရာမှ သုံးနာရီခန့်တွင် နေရာယူထားသော တောင်စောင်းနောက်ကျောပေါ်မှ ပေါ်လာသော အသံတွေ ...

"ဝေါင်း ..."

"ဝေါင်း ..."

"ဝေါင်း ..."

"အဝူး ... ဝူး"



www.burmeseclassic.com

www.burmeseclassic.com



"အုဝူး ... ဝူး ... အု ... အု"

"အုဝူး ... ဝူး ... အု ... အု"

တောခွေးသံများသည် သူတို့၏အရှင်သခင်တောမှဆိုးကျားကြီး၏အသံနှင့် လိုက်ဖက်အော်ဟစ်နေသောအသံများ၊ အသံနောက်မှ ပေါ်ထွက်လာကြ၏၊ ထိုအသံတွေ နားထောင်ကြည့်သောအခါ တောခွေးအုပ်သည် တောမှဆိုးကျားကြီးနှင့် မနီးမဝေးမှ လိုက်ပါပြီး သားကောင် [illegible]နေသကဲ့သို့ ထင်ရ၏၊ တောင်ပေါ်မှ အောက်သို့ဆင်းလာကြပုံလည်း ရသည်။

"ဒေါက် ... ဝေါက် .... ဒေါက်"

"ရော်... ကိုမိုးကျော်ပ၊ ချေဟောက်တာပအေး"

"မဝေးဘူး၊ အောက်နားကပဲ မိုးကျော်သတိထား"

"ဗျာ... ဘာကိုလဲ ဆရာကျော်"

"ဩော် ... ချေတွေ့ရင် မပစ်နဲ့"

"ဗျာ ..."

"အေး .... မပစ်နဲ့၊ ငါးစာပေါ့"

ကျွန်တော်ပြောသည်ကို မိုးကျော်အောင် စဉ်းစားပြီး သဘောပေါက်၏၊ ကိုကျင်ဖေနှင့် ကိုကြီးဆင်ပေါက်တို့ကော့ သဘောမပေါက်ကြပါ၊ သားကောင်မြင်သမျှ ပစ်ချင်သော ကိုကြီးဆင်ပေါက်မှာ ကျွန်တော့် စကားအား သူ မနစ်မြို့ပါ၊ ပွင့်ပွင့်လင်းလင်းပြောတတ်သူပီပီ ကျွန်တော့်နားကပ်ပြီး . . .

"ရော်... ဆရာကြီးကျော်မင်းပ၊ သားကောင်တွေ့ရင် ပစ်တာပအေး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး၊ မြင်တိုင်းပစ်ရမယ့်အချိန်စောင့်ကြသေးတာပေါ့"

"ရော်... မပစ်ဘူးပ"

"ခဏစောင့်တာပေါ့ ကိုကြီးဆင်ပေါက်ရာ"

ကျွန်တော်နှစ်သိမ့်စကား ဒီထက်ပြောရန်စောပါသေးတယ်၊ ကျွန်တော် ပြောချဲမှုမဆုံးသေးပါ၊ ချောသည် ကျွန်တော်တို့မအူပင်တွေ အကြားတွင် မှန်မှန်လေးလျှောက်ရင်း ရေစပ်ဘက်ရှိ ကင်မလင်းရွက်နု လေးတွေစားနေပုံရသည်၊ လရောင်အောက်မှ တွေ့ရသော ချေ့ချောင်း အမြီးကိုပင် လှုပ်နေ၏၊ သူ ဘာမှုမသိ၊ ပစ်ခတ်ရန်လည်း အကွာအဝေး ပေငါးဆယ်ထက် မကျော်နိုင်၊ ကျွန်တော်ပစ်ပစ်၊ မိုးကျော်အောင်ပဲ ပစ်ပစ်၊ ဒီအနေအထားတွင် ပစ်မလွဲ၊ ဒီချေ၏ အစာငမ်းနေပုံနှင့် သေး တိုက်အနေအထားကို မိုးကျော်အောင် စိတ်ကြိုက်အနေအထား၊ မိုးကျော် အောင် သေနတ်ပြောင်းနှင့်ချိန်ပြီး သေနတ်ဒင်အား ညာဘက်မေးရိုး ပါးတို့ဖြင့်ကပ်လိုက်၏၊ ကျွန်တော်ဘာမှ မပြော၊ မဟန့်တားပါ၊ မိုးကျော် အောင် ကျွန်တော့်စကားနားထောင်၏၊ သူ၏စိတ်ကြိုက်ပစ်ကွင်းထဲမှ သားကောင်အား ချိန်တွယ်လိုက်သည်မှာ သူ၏စိတ်ကို အစာကျွေး လိုက်ခြင်း၊ တစ်နည်းပြောရပါမူ ပစ်ချင်လွန်းသော စိတ်ကို ဖြေဖျောက် လိုက်ခြင်းသာ ဖြစ်ပါသည်၊ မိုးကျော်အောင် မပစ်ပါ။

ကိုကျောင်ဖေနှင့် ကိုကျော်မြပင်လျှင် မိုးကျော်အောင်၏ လုပ်ရပ် ကြောင့် ပစ်လေမလားဟု သံသယဖြစ်နေပြီး ကိုကြီးဆင်ပေါက်သည် မိုးကျော်အောင်၏ သေနတ်သံနားထောင်ရင်း ဝမ်းသာကြည်နူးခြင်း၏ သူ့စိတ်ထဲ ပစ်မည်ဟုလည်း တစ်ထစ်ကျထင်မှတ်ရာမှ မပစ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မောသွားရပါသည်။

"ဟူး ... ပစ်မျှား ပစ်မလားထင်တာပအေ့"

ကျွန်တော်သဘောကျ၍ ကိုကြီးဆင်ပေါက်အားကြည့်ကာ ပြုံးလိုက်၏၊ ကျွန်တော်ပြုံးသည်ကိုတော့ဖြင့် ကိုကြီးဆင်ပေါက်မသိရှာ၊ နောက်မှ အေးအေးဆေးဆေးပြောတော့မည်ဟုသာ ဆုံးဖြတ်ရင်း စောင့်နေလိုက် သည်။

"အု ... အု ... အု"

"ဖောက်... ဖောက်... ဖောက်"

"ရှူး... ဖောက်... ဖောက်"

တောဝက်အုပ် လာနေပါပြီ၊ ကျွန်တော်တို့ဘက်ကို လာနေခြင်းမှာ ဝါးတော၏အောက်နားဝယ် တောင့်က်ပျောတွေလည်း ရှိ၏။ လရောင်ဖြင့် ကောင်းစွာ မြင်တွေ့နေရသည်။ တောငှက်ပျောနှင့်ပိန်းပင်တွေဘက်လာနေကြသော တောဝက်အုပ်သံ၊ တောဝက်ဆိုသော သတ္တဝါသည် အုပ်လိုက်နေတတ်၏၊ အမျိုးချစ်သော မျိုးနွယ်စုတွေ၊ စွတ်စိုသောနေရာတွေကို နှစ်သက်ကြသည့်အပြင် အုပ်ဖွဲ့နေသော်လည်း တစ်ကောင်နှင့်တစ်ကောင် သတ်ဖြတ်စားသောက်ခြင်းမရှိ၊ တောဝက်သည် တစ်နှစ်လျှင် အမတစ်ကောင်၏ ပေါက်ပွားနှုန်းမှာ နှစ်သားကျပြီး တစ်သားလျှင် ခြောက်ကောင် ခုနစ်ကောင်မှ ဆယ်ကောင်အထက်အထိ ပေါက်ပွားသည့်အပြင် တစ်ခါတစ်ရံ တစ်နှစ်လျှင် နှစ်သားတစ်ဗိုလ်အထိ ပွားများသောသတ္တဝါမျိုးများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


တောဝက်တွေစားသည်မှာ အိမ်မွေးဝက်ကဲ့သို့ ဆန်ကြီးကျွေးခြင်း မဟုတ်သည့်အပြင် တောတောင်ထဲဝယ် အသီးအရွက်၊ သစ်ဉ၊ သစ်ဖုတွေ၊ တောမုဆိုးကျား၊ တောခွေးတွေ၏ အစားအစာ၊ အကြွင်းအကျန်တွေအပြင် မြွေမှအစ ဖား၊ ကြွက်၊ ပိုးကောင်ငယ်များကိုလည်း အစားကြူးကြ၏၊ တောဝက်၏ အစွမ်းအစမှာ အနံ့ခံအလွန်ကောင်းသည့်အပြင် အပြေးလည်း လျင်မြန်ကြ၏၊ အခင်းယာများသို့ တိုးဝင်စားသောက်ခြင်းခံရပါက ထိုအခင်းရှင်အတွက် မသက်သာပါ၊ တစ်ကောင်တစ်မြီးမဟုတ်သောကြောင့် တွေ့သမျှ အသီးအရွက်ဉမှအစ အားလုံးကုန်ပြီသာမှတ်။

ထို့ထက်ဆိုးသည်မှာ သူတို့၏နှုတ်သီးများ၊ အစွယ်များသည် မြေတူးရာဂွင်လည်း အင်မတန် အသုံးဝင်ကြသည်၊ သွက်လက်မာကြောသောကြောင့် ကဇွန်းဉ၊ မုန်လာဉ၊ မြေပဲပါမကျန် တူးဆွစားသောက်တတ်သည့်အတွင် အခင်းရှင်တွေ ကြောက်လန့်သောသတ္တဝါဖြစ်၏၊ ထိုတောဝက်သည် အိမ်ဝက်ကဲ့သို့ အဆီမရှိပါ၊ အသားသက်သက်ရှိသောကြောင့် အလွန် သန်မာသောတောဝက်တွေ။ တောဝက်သားမှာ အိမ်ဝက်သားထက် ပို၍စားကောင်းပြီး တောဝက်အထီးကြီးတွေ့ရပါက ချက်ချင်းတောဝက်၏ သိုနှင့်တကွ သန္ဓေဉနှစ်လုံးအား မြန်မြန် လှီးထုတ်ဖြတ်ပစ်ရမှ စားလို့ကောင်း၏၊ သို့မဟုတ်ပါက အနံ့ဆိုး၊ ဝက်သိုးနံ့ကြောင့် အရသာပျက်တတ်၏။

"ဈော်... ဆရာကျော်မင်းပအေ့၊ တောဝက်ရှိရင် ပစ်တာပမော့"
"ကြည့်ရတာပေါ့ဗျာ"

✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦


www.burmeseclassic.com

www.burmeseclassic.com



"ရော်... ချေလည်း မပစ်တော့ ဝက်လည်း မပစ်ဆို ခက်တာပ"

"ဟဲ...ဟဲ... ဟဲ ကိုကြီးဆင်ပေါက်ရာ၊ တောဝက်တွေ လာပါစေ ဦးဗျ"

"ရော်... လာနေသံကြားတာပ"

ကျွန်တော်ဘာမှ မပြောပါ၊ အသံတော့ကြားနေရပါပြီ၊ သို့သော် တော်တော်လေး ဝေးနေသေးသည်၊ ညဥ့်ဘက်အသံသည် ဝေးသော်လည်း နီးသကဲ့သို့ ထင်ရ၏၊ အကြောင်းမှာ တိတ်ဆိတ်မှုကြောင့် ခန့်မှန်းတိုင်းထွာရမှု မသိပါက သို့မဟုတ် စိတ်စောပါက အလဟဿ ဖြစ်တတ်၏၊ စိတ်အေးအေးထားပြီး ပစ်ရန်သာရှိပါ၏၊ ကျွန်တော်တို့ ယခုအချိန်သည် မနက်၊ ညနေ စသည့်ကာလမဟုတ်၊ ညဥ့်ကာလဖြစ်၍ တောဝက်တွေ သတ်ကွင်းရောက်မှသာ ပစ်ရပေမည်။

"ရော်... ညီလေးအိုက်စံပအေး"

"ငါခေါ်တာ ကြားလား"

"ဘာ... မကြား၊ တော်တော်နောက်တာပ၊ တောဝက်တွေ မောင်းပေးတာပ၊ တို့ပစ်ချင်နေပြီ"

ကိုကြီးဆင်ပေါက် တစ်ယောက်တည်း စကားပြောနေ၏။ တိုးတိုးလေးပါ၊ သူ ဘာမြင်နေသည်လဲ၊ သူညီအိုက်စံအား မြင်နေသည်ဟု ကျွန်တော်တို့အားလုံး ထင်မိပါသည်၊ သူ့ဘာသာပြောပါစေဟူသော သဘောဖြင့် လွှတ်ထားလိုက်သည်ကိုဖြင့် ကိုကြီးဆင်ပေါက်မသိပါ၊ သူ့အာရုံထဲဝယ် သူ့အမြင်ထဲဝယ် သူ့ညီအား မြင်တွေ့နေ၏၊ စကား ပြောနေခြင်းသာဖြစ်ပေမည်။

"ဖောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖောက် ..."

"ဖောက် ..."

တောဝက်ကြီးတစ်ကောင်၏ မေးရိုက်သံကြောင့် ကျွန်တော်ထင်တဲ့အတိုင်း ကျွန်တော်တို့သတ်ကွင်းဘက်သို့ တိုးမလာတော့၊ နောက်ကြောင်းပြန်ဆုတ်သွားသည်လား၊ သို့မဟုတ် ကျွန်တော်တို့၏ လူနံ့တွေရသည့်အတွက် ပြန်လှည့်သွားခြင်းသာဖြစ်ပေတော့မည်ဟု ကျွန်တော်ထင်လိုက်၏။

"ဆရာကျော်"

"အေး ... ပြန်လှည့်သွားကြပြီကွ"

"အနံ့ပဲ ထင်တယ်"

"တို့က လေတင်လေ၊ သူတို့က လေအောက်၊ နောက်ပြီး လူငါးယောက်ရဲ့အနံ့ဆိုတော့ ပိုဆိုးတာပေါ့"

"အင်းလေ...သူတို့နေရာယူထားတာလည်း တစ်ပြေးညီလောက်ပဲရှိနေတော့ သိသွားပါပြီ"

"ရော်... ကိုမိုးကျော် ဝက်တွေပြန်လှည့်သွားပြီပ"

"ဟုတ်တယ်"

"ဩော်... နေပါဦး၊ စောစောက တစ်ယောက်တည်း ဘာတွေပြောနေတာလဲ"

"ကျွန်တော့်ညီအိုက်စံတွေ့တာပ၊ ခွေးကောင်ပအေး ထင်ထင်ရှားရှားတော့ မပြ၊ တောဝက် မောင်းပေးပါဆိုတာ ခေါင်းခါတာ"

"ဩော်... ကိုကြီးဆင်ပေါက်ကလဲ၊ ကိုအိုက်စံ မောင်းပေးပါတယ်"

"ရော်... ဘယ်မှာလဲပ"



www.burmeseclassic.com

www.burmeseclassic.com



"တောထဲပြန်ဝင်အောင် မောင်းပေးတာပြောတာဗျ၊ ဟဲ...ဟဲ ..."

"ရော်... ဟုတ်ပအေး၊ တော်တော်နောက်တဲ့ အိုက်စံပအေ"

ကိုမိုးကျော်အောင်စကားကြောင့် ကျွန်တော်တို့အားလုံး သဘောကျမိ၏၊ ကိုကြီးဆင်ပေါက်ပါ ပြုံးနေသည်၊ တောစက်သံလည်း လုံးဝမကြားရတော့ မိုးလည်း လင်းတော့မည်၊ ကျွန်တော်လိုချင်သောအကွက်ဆင်ထားမှုသည် မိုးလင်းလုအချိန်နှင့် နံနက်စောစောအချိန်ကိုစောင့်နေခြင်းပင် သားကောင်ကြီးငယ်တွေ စောင့်ရသည်မှာ နံနက်ပိုင်းပိုကောင်း၏၊ နံနက်ပိုင်း၏ အလင်းရောင်သည် အမှောင်ကို ထိုးဖောက်လာ၍ ပစ်ကွင်းရှင်း၏။

ညနေပိုင်းပစ်ခတ်ရမှုမှာတော့ မလွယ်ကူ၊ တစ်ခါတစ်ရံ ညဦးကနက်စပြုလေ အမှောင်ထုက ပိုမို ကြီးထွားလေ၊ ဒီအခါ ကိုကျော်မြတို့ကိုကျင်ဖေတို့၏ မီးထိုးမှုကျွမ်းကျင်မှသာ သားကောင်အား ကောင်းစွာပစ်ခတ်ရခြင်းပင်ဖြစ်ပါ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



# ငါး

တဲထဲတွင် အသားကင်ရင်း အရက်သောက်ကြ၏၊ ဤနယ်မြေတွင် နေထိုင်ကြသူများသည် အရက်ကိုအဖော်ပြုနေကြခြင်းပင်၊ စိတ်ညစ်၍ အရက်သောက်သည် မရှိပါ၊ စိတ်ညစ်ညစ် မညစ်ညစ် အရက်သည် ရာသီဥတုကိုလည်း ခံနိုင်၏၊ အားဆေးအဖြစ်လည်း သုံးဆောင်ကြ၏၊ သတ္တိလည်းရှိစေသည်သာ၊ ပင်ပန်း၍ သောက်၏၊ အရက်သောက် အရက်မူးပြီး ရွာထဲ၊ ရပ်ထဲ အော်ဆဲနေသည် မရှိ၊ ခိုက်ရန်ဒေါသလည်း မရှိကြ၊ သည်သောအခါ အရက်သည် မိတ်ဆွေကောင်း အဖော်မွန် ဆိုပါက သူတို့အဖို့ မမှားပါ။

"ကဲ… ခင်ဗျားတို့ကို မေးရဦးမယ်၊ ကျွန်တော်တို့ စောစောက တောပစ်ထွက်တုန်း ဒီမှာ ဘာထူးသလဲ"

"ရော်… ဘာကိုပြောတာပ"

"ဟိုဗျာ ဘာတွေထူးထူးခြားခြား ရှိသလဲမေးတာပါ"

"မရှိ"

"ရော်… ရှိတာပအေး၊ တဲဘေးက ရေသဖန်းပင်ကြီးပ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ... ဟုတ်ပ၊ ဆရာကိုတင်မြတ်ပ၊ သဖန်းပင်ကြီး ရေစပ်ထဲလဲကျသွားတာပ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပ၊ အမြစ်မနိုင်လို့ လဲသွားတာပ"

"တွေ့ကြလား"

"တွေတာပအေး၊ သွားကြည့်တာစ၊ အောက်ခြေသားဆွေးတာပ၊ အမြစ်ပါကပ်ပြီး လဲသွားတာပ"

"ရော်... အဲဒါပ၊ ထန်းသီးကြွေခိုက် ရှဉ့်တက်လိုက်ပအေး"

"လုပ်ပြီ၊ ရှဉ့်မဟုတ် ကြွက်တက်တာပ၊ ဟား... ဟား... ဟား"

အားလုံးနောက်ကြ ပြောင်ကြ ပြောကြဆိုကြ၊ သောက်လိုက်ကြသည့်အရက်တွေ တစ်လုံးပြီးတစ်လုံး တင်မြတ်ပင် မျက်လုံးပြူးလာပါပြီ နောက်နေ့အတွက်မှ ကျန်ပါလေစဟုတွေးမိသကဲ့သို့ ကိုကျင်ဗေ စိတ်ဆိုးလေမည်လားဟုလည်း တင်မြတ်တွေးမိပြီး နောက်အားလုံးကို ကြည့်လိုက်သောအခါ ရီဝေဝေ ရှိနေကြပြီ။

"ကဲ... ကိုယ့်ဆရာတို့ အရက်သောက်တော့ ရပ်ကြစို့၊ နောက်နေ့အတွက် မကျန်ဘဲ နေကြဦးမယ်"

"ရော်... ရှိတာပ၊ အများကြီးရှိသေးတာပ၊ ဒါပေမယ့် ဒီလက်ကျန်လောက်ပဲ တော်ကြတာပအေး"

"ဟုတ်တာပ"

"ကျွန်တော်လည်း ပြောပြစရာရှိသေးတယ်ဗျ"

"ပြောတာပ"

"နားထောင်ရတာပအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ၊ ကျွန်တော်တို့ တောပစ်ထွက်တော့ ယောဒီဝက်နဲ့ကျား ကိုက်ကြတာရယ်၊ နောက်ဆုံးတော့ ကျားက နားရွက်ပြတ်တယ်၊ တော ဝက်ကတော့ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ သေတာပေါ့၊ ဒါပေမယ့်..."

အားလုံးနားထောင်ကြ၏၊ တင်မြတ်သတိထားရင်း ဆက်ပြော ပါ၏၊ ရွာသားတွေလည်း နားဆင်နေကြသည့်အပြင် အရက်ကိုပင် မေ့နေကြ၏၊ အသားတွေလည်း ကင်ထားရင်းမှ တင်မြတ်အား အာရုံ စိုက်နေသည်။

"အဲ...ကျွန်တော်တို့ တောဝက်သေလို့ နားထောင်နေတုန်း တော မုဆိုးကျားကြီးဟာ သွေးတွေရှူပြီး ကျွန်တော်တို့ဘက် ရောက်တယ်၊ နောက် မိုးကျော်အောင်ဘက် ရောက်တာပေါ့ဗျာ၊ မိုးကျော်အောင်နဲ့ ကိုကျင်ဖေတို့က လောက်လေးနဲ့ပစ်၊ ကျွန်တော်တို့က ကျောက်ခဲနဲ့ ပေါက်တော့ တောမုဆိုးကျားကြီး ထွက်ပြေးသွားတယ်ဗျ"

"တော်တော်သတ္တိကောင်းတာပအေး"

"အင်း... အဲ ကျားကြီးမရှိတဲ့နောက် လူတစ်ယောက်ရဲ့ခြေသံ ကြားရတယ်ဗျ၊ လူမှ လူအစစ်ပဲ၊ နောက်ပျောက်သွားတယ်၊ ကျွန်တော် တို့လိုပဲ မိုးကျော်တို့အဖွဲ့၊ ဆရာကျော်တို့အဖွဲ့တွေလည်း ခြေသံကြားရ တယ်တဲ့၊ တစ်ခုတော့ရှိပါတယ်၊ ဒီတောက တောခြောက်တာတို့ တော မှောက်တာတို့တော့ ခုချိန်ထိ မတွေ့ရသေးပါဘူး"

"ရော်... ဆရာ့ကို မေးချင်တာပ"

"မေးပါ"

"တောခြောက်တယ်ဆိုတာ ကြားဖူးတာပအေး၊ တောမှောက် တယ်ဆိုတာ ဘာလဲပ၊ ဘယ်လိုဖြစ်တာပအေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပ၊ တောမှောက်တာ ဆရာကိုတင်မြတ်တို့ ကြုံဖူးမှာ ပအေး"

"ဟုတ်ကဲ့... ကြုံဖူးတာပေါ့ဗျာ"

တင်မြတ်သည် ခေတ္တစကားမပြောဘဲ ငြိမ်နေလိုက်သည်။ တင်မြတ်မှာ မုဆိုးပီသသူ၊ စကားမပြောဘဲ ငြိမ်သက်နေလိုက်ခြင်းမှာ သူကြုံခဲ့ရသော အတွေ့အကြုံအား ပြောပြရန်မဟုတ်ပါ၊ သူ့နားထဲသို့ အသံတစ်သံကြားလိုက်ရသည်၊ တင်မြတ်ခပ်လှမ်းလှမ်းရှိ တဲပေါက်နှင့် နီးသောခွေးပုလည်း ကြားလိုက်၏၊ ခွေးပုသည် ထီးလင်းရွာသား တောလိုက်မုဆိုးတစ်ယောက်၊ သူ့တောလိုက်သည်မှာ သေရက်မပေါ၊ ဒူးလေးမရှိ၊ လောက်လေးခွနှင့် ခွေးတစ်အုပ်။

သူ့ခွေးတစ်အုပ်တွင် မျောက်မဆိုသော ခွေးမှာ ခွေးထီးနှစ်ကောင်ထက် အားထားရ၏၊ ခွေးပုပစ်ခတ်သည်မှာ မျောက်နှင့် တောကြက်၊ ရှဉ့်သုံးလေးကောင်လည်း ရခဲ့ဖူး၏၊ ခွေးတွေနှင့် တောလည်သောခွေးပုသည်လည်း မုဆိုးတစ်ယောက်ဖြစ်နေသည်ကို ရွာသားတွေ ဂရုမစိုက် အလေးမထားကြပါသော်လည်း ကျွန်တော်တို့သုံးယောက်လုံးကမြေမြေချင်း ခြေမြင်သကဲ့သို့ သူ့နည်း သူ့ဟန်ဖြင့် အသေးစားမုဆိုးတစ်ယောက်ဟု သတ်မှတ်ထား၏။

"ရော်... ကိုတင်မြတ် ကြားတာပ"

"ကြားတယ်၊ ကိုခွေးပု"

"ကျွန်တော် ထွက်ကြည့်မယ်"

"ရော်... ကျွန်တော်လည်း လိုက်မှာပအေး"

"ရော်... ဘာသံကြားတာပအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသံမှန်းတော့ မသိသေးဘူး၊ အသံတော့ အသံပဲ"

အားလုံးတိတ်ဆိတ်သွားကြပါပြီ၊ တင်မြတ်နှင့် ခွေးပုတို့သည် မှုဆိုးဖိုဖီ နားမျက်စိ ပါးနပ်ကြသူတွေမို့ စကားပြောနေရင်း အသံကြား ရသည်ကို သတိထားမိလိုက်ကြသည့်အတွက် တင်မြတ်နှင့်ခွေးပု တဲ အပြင်သို့ ထွက်လိုက်သည်တွင် တဲထဲမှအားလုံး တဲပေါက်ဝသို့ ရောက် လာကြပါသည်။

တဲပေါက်ဝတွင် အားလုံးတိတ်ဆိတ်ငြိမ်သက်စွာ နားထောင် ကြည့်၏၊ ဘာသံမျှ မကြားရတော့၊ ထိုသို့ အသံမကြားရသည့်တဲထဲမှ လူတစ်ယောက်၏ လှုပ်ရှားသံကြောင့် အားလုံး မီးပုံဘေး ကြည့်လိုက် သည်တွင်...

"ရော်... ဘယ်သူပအေး"

"ရော်... ပျောက်သွားတာပ၊ လူရှိနေတာပအေး"

"ဟုတ်တာပ၊ တွေ့လိုက်လေ၊ တို့အားလုံးရှိတာပ၊ ဒါဆို ဘယ် သူ ဖြစ်မှာလဲပအေး"

"ကဲ... အားလုံးတဲထဲမှာပဲနေကြတော့၊ အပြင်မထွက်နဲ့၊ ကိစ္စမရှိ တော့ပါဘူး"

"ရော်... ဆရာကိုတင်မြတ် ဘာဖြစ်တာပအေး"

"လာကြ၊ မီးလှုံမယ်၊ အရက်သောက်ကြမယ်လေ"

"ရော်... ပြောပြတာပအေ့"

"စောစောက တောမှောက်တဲ့အကြောင်း ပြောပြမယ်လေ"

"အင်း... ခုဟာက ကျွန်တော်ထင်တာပအေး"

"ဘာကိုလဲ ကိုခွေးပု"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတဲပိုင်ရှင်ပ၊ အိုက်စံပဲ ဖြစ်မှာပ ထားလိုက်ပါအေး"

တင်မြတ် ရွာသားတွေအား ကြည့်လိုက်၏၊ မျက်နှာပျက်သူရယ်တော့ သိပ်မရှိပါ၊ အရက်တန်ခိုးရယ်၊ လူစုလူဝေးသဘောမို့ ကြောက်ရွံ့သည့်စိတ်ကို ထိန်းနိုင်ကြပါ၏၊ ဒါသည် သဘာဝပင် ဖြစ်ပါ၏၊ တစ်ယောက်ကိုတစ်ယောက် အမှီသဟဲပြုခြင်း၊ အားကိုးခြင်းတွေလည်းရှိပေမည်၊ တစ်ယောက်တည်းမဟုတ်သော်လည်း နှစ်ယောက်လောက်ဆိုရင် တော်တော်လေး လန့်ကြမည်၊ အကြောင်းမှာ ခွေးပုပြောသည့်တဲစောင့်တဲပိုင်ရှင်အိုက်စံဆိုသည်နှင့် အနည်းငယ်အမှုအရာတွေ ပြောင်းသွားကြ၏။

အိုက်စံအကြောင်း ကိုကြီးဆင်ပေါက်ပြောပြ၍ သိထားကြပြီးသား၊ ထိုသို့သိထားရာမှ အခုတော့ တဲအပြင်မှအသံတွေ တဲထဲမှ အရိပ်အရောင်အပြင် ညနေစောင်းဝယ် ရေသဖန်းပင်ကြီးအမြစ်ဘက်လဲမှုတို့ကြောင့် ဆက်စပ်တွေးမိကြသည်သာ၊ လူတွေ၏ စိတ်သည် မိုင်တစ်ရာ ခုက သောင်းချီ၍ ချက်ချင်းစိတ်ကူးရာသို့ ရောက်သွားစေသော စိတ်ကြောင့် ဆက်စပ်တွေးသူတွေအဖို့ ဝိဉာဉ်အား ကြောက်ရွံ့ကြသည်သာ။

"တောမှောက်တာလည်း ပြောမယ်၊ ခုကိစ္စလည်း ကျွန်တော်တွေးမိသမျှ ပြောမယ်၊ ခင်ဗျားတို့ ဆက်စပ်တွေးယူကြပေါ့နော်"

"ပြောတာပ"

"ညနေက ရေသဖန်းပင်လဲတယ်လို့ ပြောတယ်၊ ခင်ဗျားတို့တွေ့ကြ မြင်ကြတာ အမှန်ပဲနော်"

"ရော်... အားလုံးတွေ့တာပ၊ အဟုတ် လဲနေတာပအေး"

"အင်း... မနက် သွားကြည့်ရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ပအေး"

"ကျွန်တော်တို့ ဝိလာသတောင်ရဲ့အရှေ့ဘက် တောကြီးထဲမှ တွေ့ဖူးတယ်၊ အပင်ကြီးလဲနေတာပေါ့၊ အပြန်အတွက် ဒုက္ခပဲဆိုပြီး ဆက်သွားတယ်၊ တောပစ်ပြီးအပြန် အဲဒီလဲနေတဲ့အပင်ကြီး မရှိတော့ ဘူးဗျ"

"ဘယ်သူ ဖယ်တာပအေး"

"ကျွန်တော်တို့ တွေ့တာက ညဦးပိုင်း၊ အဲဒီအပင်ကြီးကို ဖြတ် ကျော်ပြီး မကြာဘူး၊ အပင်ကြီးလဲသွားတာပေါ့၊ လဲတာလည်း တွေ့ တယ် လမ်းလည်းပိတ်သွားတယ်၊ ကိစ္စမရှိပါဘူး၊ အပင်ပေါ်ကျော် တက်ပြီး ပြန်မယ်ပေါ့၊ အဲဒီညမှာပဲ တောထဲမှာ သားကောင်ပစ်တယ်၊ ချေနဲ့ တောဝက်ရတယ်၊ မိုးလင်းလို့ပြန်တော့ အပင်ကြီး မလဲတော့ဘူး၊ ညက မျက်မြင်ကိုယ်တွေ့ လဲနေတဲ့အပင်ကြီးဗျ၊ ဟော... မိုးလင်းတော့ ဂဏတိ မတ်တတ်ကြီးတွေ့ရတာပေါ့"

"ဒါတွင် မကသေးဘူး၊ ကျွန်တော့်ဆရာပေါ့၊ သူတို့သူငယ်ချင်း နှစ်ယောက် ဗန်းမော်မြို့ထဲမှာ ရုပ်ရှင်ကြည့်ပြီးအပြန် တပ်မရောက်ခင် ပရဟိတကျောင်းနားရောက်တော့ ကားလမ်းဘေးက ညောင်ပင်ကြီးဟာ ကားလမ်းပေါ် လဲကျနေတယ်ဗျ၊ ဒါနဲ့သူတို့နှစ်ယောက် အပင်ကြီးရဲ့ အမြစ်ဘက် ဘေးကနေပြီး ကွင်းပြီးရှောင်ရတယ်၊ ကွင်းရှောင်ပြီးလို့ ကားလမ်းပေါ်ပြန်ရောက်လို့ အဲဒီလဲနေတဲ့ညောင်ပင်ကြီးကို ပြန်ကြည့် တော့ အပင်ကြီးဟာ လမ်းဘေးမှာ နဂိုအတိုင်း ထောင်နေတယ်၊ ဒါနဲ့ သူတို့နှစ်ယောက် မယုံလို့ အပင်ကြီးသွားကြည့်တော့ ဘာမှမထူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတစ်ခါတည်းမဟုတ်ဘူး၊ တော်တော်များများ အဲဒီညောင်ပင်ကြီး လဲနေတာ မကြာမကြာတွေ့ဖူးကြတယ်တဲ့"

"ဒါကြောင့် ကျွန်တော်ပြောတာ မနက်မိုးလင်းရင် လဲ,မလဲ သွားကြည့်ကြပါဦးလို့ ပြောတာပေါ့၊ ကျွန်တော်တော့ သိပ်မယုံကြည်ချင်ဘူးခင်ဗျ"

တင်မြတ်ရှင်းပြသလို နားထောင်နေကြသော ရွာသားတွေစိတ်ထဲ အနည်းငယ်စိုးရိမ်ကြောက်ရွံ့မှုတွေ တိုးလာကြပါ၏၊ သူတို့တွေသော သဖန်းပင်ကြီး လဲနေရာက ပြန်ထနေမယ်ဆိုသော တင်မြတ်စကားကိုတွေးပြီး စိုးရိမ်မိကြသည့်အတွက် ထိုစိုးရိမ်စိတ်သည် ကြောက်ရွံ့မှုကို နှိုးဆွနေပါပြီ။

"အင်း... ဒီမှာ ခြေသံတို့၊ စောစောက အရိပ်တို့ဆိုတာလည်း မကျွတ်မလွတ်သေးတဲ့သူ ရှိနေတာရယ်၊ နောက်တစ်ခု ဒီပတ်ဝန်းကျင်မှာ မှီခိုနေတဲ့... ဥပမာ ဒီတဲထဲမှာ ဝိညာဉ်ရှိတာပေါ့ဗျာ"

"ရော်... ကြောက်စရာပအေး"

"ခက်တယ်၊ လူအများကြီး ဘာကြောက်ရမှာပအေး"

တင်မြတ်မှ အံ့ဖြစ်မှန်တွေ ပြောပြနေစဉ်မှာပင် တဲဆောင်းအားတုတ်နှင့်ရိုက်သံ ဘုန်းဟူသော အသံကြီးနှင့်အတူ ခြေလှမ်းစပ်ကြဲကြဲ ထွက်ပြေးသံလိုလို ကြားရပါ၏၊ အမှန်ပင် အားလုံးကြားသိလိုက်ရသည့်အတွက် တင်မြတ် တော်တော်လေး ဒေါသထွက်သွားသည်။ သို့သော်လည်း သူ့ဆရာစကား နားထောင်ရမယ့်အစား အပြင်မထွက်ရဆိုသော စကားကိုမှတ်သားထားရသည့်အတွက်...။

"တောက်... မုဆိုးကို သရဲခြောက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှော်... ဟုတ်တာပ၊ တော်တော်သတ္တိကောင်းတာပအေး အင်းကျွန်တော့်ခွေးတွေ မခေါ်ခဲ့မိတာ သိပ်မှားတာပအေး၊ ခွေးရှိရင် သရဲမလာရဲတာပ"

"တော်စမ်းပါ ခွေးပုရာ၊ မင်းခွေးတွေ သရဲအစာဖြစ်သွားမှာပ"

"ရှော်... မသိတာပ၊ ကျွန်တော့်ခွေးတွေ သတ္တိသိပ်ကောင်းတာပအေး"

တစ်ယောက်တစ်ခွန်း စကားသံတွေ ထွက်လာကြပါတယ်၊ မှန်ပါသည်။ အပြင်ဘက်မှာတော့ ညဥ့်နက်လေ၊ ပိုမိုခြောက်လှန့်မှုတွေ များလာသလိုလို ဖြစ်နေသည့်အတွက် ကျွန်တော်စဉ်းစားမိလိုက်သည်။

"ဟုတ်ပြီ၊ ကိုခွေးပုရေ၊ ကျွန်တော်တို့ ဒီတဲထဲမှာ အသားစိမ်းတွေ အသားကျက်တွေရှိနေတော့၊ အပြင်ပ စားချင်ကြမှာပေါ့ဗျ၊ ဒီတော့ နည်းနည်းပါးပါးကျွေးလိုက်ပါဗျာ"

"ရှော်... ဟုတ်တာပ၊ ဟုတ်တာပ"

ကိုခွေးပုမှာ ပြောပြောဆိုဆို တောဝက်၏ မိုက်သားလက်ဝါးလုံးခန့်အတုံးတစ်တုံးလှီးဖြတ်ပြီး တဲပေါက်ဝသို့ ထွက်သွားရင်းမှ တဲပေါက်ဝရောက်တော့ တဲအပြင် မထွက်ရဲ၊ အပြင်လည်း မကြည့်ရဲဖြစ်နေသည့်အတွက်...

"ရှော်... ခွေးပု အပြင်ထွက်ကျွေးတာပအေး"

"ရှော်... ငါတစ်ယောက်တည်း မသွားရဲ"

"ကိုခွေးပုရာ၊ တဲထဲကနေ အပြင်ကိုသာ ပစ်ကျွေးလိုက်ပါ"

"ဟုတ်တာပ၊ ကဲ... အပြင်က ဝိညာဉ်ရေ မင်းအတွက် ကျွေးတာပအေး၊ စားပြီး အေးအေးနေ၊ မနှောက်ယှက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုခွေးပုသည် ဝက်သားအစိမ်းအား တဲပြင်သို့ပစ်ကျွေးလိုက်သည်။ သူပစ်ကျွေးပါသော်လည်းဘာသံမှ မကြားရသဖြင့် စီးပုံဘေးသို့ပြန်ရောက်ခဲ့ပါ၏၊ ကိုခွေးပုပြန်ရောက်သည်နှင့် ရွာသားတစ်ယောက်မှ တင်မြတ်အားကြည့်ပြီးနောက် သူသိလိုသော အတွေ့အကြုံကို မေးမြန်းလာပါ၏။

"ရော်... ဆရာကိုတင်မြတ်ပ၊ တောမှောက်တာ ဆက်ပြောတာပအေး"

"ဟုတ်သားပဲ၊ မေ့နေတာ"

"အင်း... တောမှောက်တယ်ဆိုတာ ကျွန်တော်တို့ဆရာကျော်နဲ့ ဝိလာသတောင်မှာ တောဝက်ပစ်တယ်၊ တောဝက်က သူတော်လေးဖြစ်ပြီး ခြေထောက်မှာ သွေးတွေနဲ့ဗျ၊ ကျွန်တော်တို့အံ့ဩသွားချိန်မှာပဲ အဲဒီတောဝက်ကလေး ဆင်းလာတဲ့အထက်မှာ ရသေ့ကြီးတစ်ပါးဟာ ကျွန်တော်တို့ကို ဒေါသထွက်နေတယ်၊ နောက်ပြီး အဲဒီ သေနတ်မှန်ထားတဲ့ သူတော်လေးကို လက်ယပ်ခေါ်တာပေါ့"

"ရော်... သူတော်လေးကို ဆရာတို့ ပစ်လိုက်တာပါအေး"

"မဟုတ်တာပ၊ မျက်စေ့မှောက်နေတာပ"

"ရော်... မျက်စေ့မမှောက်လို့ ရသေ့ကြီးကိုပါ တွေ့တာပအေး၊ ဒါဆို ဆရာတို့မှားတာပ၊ လူကိုပစ်မိတာထက် ဆိုးတာပ၊ သူတော်ကောင်းကို ပစ်မိသွားတာ အမှန်ပဲနေ့"

"မဟုတ်ဘူးဗျ၊ အဲဒီရသေ့ကြီးက သူတော်လေးကို လက်ယပ်ခေါ်နေတော့ သူတော်လေးဟာ တောင်ပေါ်ကရသေ့ကြီးထံ အတက်မှာ ကျွန်တော်တို့ကို ဦးဆောင်ခေါ်လာတဲ့ ရွာသားက၊ ဆရာကျော်ရှေ့ရသေ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ရသေ့မဟုတ်၊ တောမှောက်တာပ၊ ရသေ့ကြီးကိုပစ် မြန်မြန်ပစ်၊ ကိုတင်မြတ် တောဝက်ကို ထပ်ပစ်လို့ အတင်းသတိပေးတာနဲ့ ဆရာကျော်က ရသေ့ကြီးကို ချိန်ထားတယ်၊ ကျွန်တော်က တောဝက်ကို ချိန်ထားပြီး ဆရာကျော်ပစ်တာစောင့်နေတုန်း ဆရာကျော်ပစ်လိုက်တယ်"

"ရော်... ဒုက္ခပအေး၊ ထပ်မှားတာပ"

"ဟုတ်ဘာပ"

"မမှားဘူးဗျ၊ ဆရာကျော်က ရသေ့ကြီးကို ဘယ်ပစ်မလဲ၊ တောမှောက်တာမဟုတ်ဘဲ တကယ့်ရသေ့အစစ်ဆို စောစောက အစ်ကိုပြောသလို သူ့တော်ကောင်းကို သွတ်မိသွားမှာပေါ့၊ ဒီတော့ ဆရာကျော်က အဲ ဒီရသေ့ကြီးရဲ့ခြေထောက်နှစ်ဖက်ကြား ချိန်ပြီး ပစ်လိုက်တာပေါ့"

"ရော်... ဒီတော့ ဘာဖြစ်သွားတာပ"

တင်မြတ်၏ ပြောကြားချက်တွေ စိတ်ဝင်စားနေကြ၏၊ တင်မြတ်၏အမုန်တွေ့ကြုံခဲ့ရသော တောမှောက်မှုတွင် ကြောက်မက်ဖွယ်ရာ ကြုံတွေ့ရသည့်အဖြစ်အပျက်တွေအား ငြိမ်ပြီးနားထောင်နေကြသည်။ အရက်ရှိန်တွေပင် မရှိကြတော့။ တင်မြတ်သာ အာခြောက်၍လား၊ သို့မဟုတ် သောက်ချင်စိတ်ကြောင့်လားမသိ၊ ရေဗူးထဲမှ အာမီရမ် တစ်ငုံတော့ ငုံဖြစ်အောင် ငုံလိုက်သေးသည်။

"ဆရာကျော်ပစ်လိုက်တဲ့ ကျည်ဆံဟာ ရသေ့ကြီးရဲ့ခြေထောက်နှစ်ဖက်အကြားတည့်တည့် ပစ်ခတ်ထိမှန်လိုက်တယ်ဆိုရင်ပဲ ရသေ့ကြီးထံကထွက်ပေါ်လာတဲ့ ကြောက်ရွံ့ထိတ်လန့်သံနဲ့အတူ မြင်တွေ့လိုက်ရတာက ...။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း ... ဝုန်း ... ဝေါင်း"

"ဟာ ... တောမုဆိုးကျားကြီးဟ၊ ကျားကြီး"

"ဟုတ်တယ်ဗျို့၊ ရသေ့ မဟုတ်တော့ဘူး၊ တောမုဆိုးကျားကြီးမှ ကျားကြီးအစစ်၊ ထခုန်လိုက်တာလည်း လေးငါးခြောက်တောင်လောက် မြင့်တက်သွားပြီး ဂျွမ်းပြန်ရာက တောထဲဝင်သွားတာပေါ့"

"ရော်... ဒါဆို သူတော်ကကောဗျာ"

"ဟုတ်ကဲ့ ကျွန်တော်ပစ်တဲ့တောဝက်က သူတော်ဖြစ်သွားရာက အရာကျော်သေနတ်သံကြားပြီး တောမုဆိုးကျားကြီးအသံတွေ၊ အကောင်တွေ ပြောင်းသွားသလိုပဲ သူတော်ကနေ တောဝက်ဖြစ်သွားလို့ ထပ် ပစ်လိုက်ပြီး ကျွန်တော်တို့ ချက်ချင်း အဲဒီဝက် ထမ်းပြီး ဆင်းခဲ့ရတယ်ဗျ၊ ဆင်းလို့မှ နာရီဝက်မကြာသေးဘူး၊ တောကြီးတစ်ခုလုံး တစ်တောလုံး ပေါ့ဗျာ၊ ဆူညံသွားတဲ့အသံတွေ အိုဗျာ... စုံနေတာပဲ"

"ကျွန်တော်တို့နဲ့အတူ ဦးဆောင်သူက ပြောတယ်၊ ရသေ့ဆိုပြီး ကျွန်တော်တို့သုံးယောက်ဦးချလိုက်ရင်တော့ မလွယ်ဘူးတဲ့၊ တစ်ယောက် ယောက် ဒုက္ခရောက်ပြီသာမှတ်တဲ့ဗျ"

"ကြောက်စရာပအေး"

"အဲဒါ တောမှောက်တာပ"

"ဟုတ်တယ်၊ အဲဒါတောမှောက်တာပဲ၊ တောမှောက်ရင် ကြောက် စရာ ပိုကောင်းတယ်၊ ကျွန်တော်တို့ ညဦးပိုင်းက ခြေသံတွေကြားတယ်၊ ဘက်တောဝက်နဲ့တောမုဆိုးကျားကြီးကိုက်ကြတယ်၊ ဒါတွေဟာ တရဲ့မာယာ ပါချင်ပါမယ်၊ မပါတာတောင် ယောဒီအင်းပိုင်၊ တဲပိုင်ရဲ့ ညှိစားမှုတော့ သေချာနေပါတယ်ဗျ"

www.burmeseclassic.com



"ဒါကြောင့် ဆရာကျော်က ပြန်ခဲ့တာ၊ နောက်တစ်ခုက ကျွန်တော်တို့သုံးဖွဲ့ခွဲထားတော့ ပိုဆိုးတယ်၊ ခုလည်း ကြည့်...၊ ဆရာကျော်ကမှာထားတယ်၊ အားလုံးတဲထဲမှာပဲ နေကြဆိုတာ တောမှောက်နိုင်တယ်၊ ဆရာကျော်တို့ အပြင်ရောက်နေတယ်လေ၊ ကျွန်တော်လည်း ပစ်မိန့်မပေးဘူး ဆိုတာ ခင်ဗျားတို့အားလုံး အသိပဲ၊ ကျွန်တော်ထွက်ပြီး ပစ်ရင်လည်း အပြင်ရောက်နေတဲ့ ဆရာကျော်တို့အဖွဲ့အတွက် အန္တရာယ်ဖြစ်နိုင်တယ်၊ ဒီတော့ ဒီတဲထဲမှာပဲ နေကြတာပေါ့"

"ဆရာကိုတင်မြတ်ပြောတာ မှန်တာပ၊ ကျွန်တော်ကြားဖူးတာပ၊ တောလည်သူအချင်းချင်း တစ်ယောက်ကိုတစ်ယောက် မှားတယ်ဆိုတာ ကြားဖူးတာပ၊ အေး... အဘတို့ ပြောပြဖူးတာပ"

"အင်း... တောမောင်းရင်း မှားတာလည်း ရှိတယ်ဗျ၊ တစ်ခါက မုဆိုးတစ်ယောက်ပေါ့ဗျာ၊ ဟိုမုဆိုးအစစ်တော့မဟုတ်ပါဘူး၊ အတွေ့အကြုံလည်း လုံးဝ မရှိသေးဘူး၊ ဒါပေမယ့် သေနတ်ပစ်တာလည်း ဝါသနာပါတော့ ရွာသားတွေနဲ့ တောမောင်းတာပေါ့"

"အဲဒီတောက ရွာနဲ့ကပ်နေတယ်၊ တောကြီးတော့ မဟုတ်ဘူး၊ အဲဒီလို တောမောင်းတော့ မုဆိုးသေနတ်သမားက စောင့်နေတုန်း အသံတွေ ဆူညံတော့ ချေထွက်လာပြီလို့ ထင်လိုက်တယ်ဗျ၊ သူတွေ့တော့ ချေက ခေါင်းလေးမော့ပြီး သူ့တဲထဲလာနေလို့ အားရဝမ်းသာ ပစ်လိုက်တာ ချေမှန်ပါလေရော"

"အဲဒီလိုမှန်တော့ မုဆိုးသေနတ်သမား ဝမ်းသာသွားတာပေါ့၊ ပထမဆုံး တောပစ်တာက်၊ ချေမှန်ပြီး လဲသွားတယ်ဆိုပြီး ချေဘက် အပြေး ..."

www.burmeseclassic.com



"ရော်... လာကြပါ၊ မှန်သွားပြီပအေ့"

"အား ... နာတာပအေး"

"ဟား... ဟား... ချေ... ချေမဟုတ်ဘူး၊ လူ ... လူပါလား၊ အို... ဦးအောင်... ဦးအောင် ဘယ်မှန်သွားလဲ"

"ရော်... ပေါင်ကြားမှန်တာပ"

ရွာသားတွေအားလုံး သေနတ်ဒဏ်ရာနှင့်လဲနေသော ရွာသားထဲမှ တောမောင်းခေါင်းဆောင်ဦးအောင်၏ ပေါင်ကြားထဲဖြစ်၍ ရှမ်းဘောင်းဘီအား ချွတ်ကြည့်လိုက်ရာဝယ် ငယ်ပါတစ်တွဲလုံး ပြတ်ထွက်ပြီး သွေးအလူးလူးဖြစ်နေပါပြီ။

"အင်း... တော်သေးတယ်ဗျို့၊ အဲဒီရွာမှာ ဂျစ်ကားရှိတာနဲ့ ဆေးရုံကို အမြန်ပို့လိုက်ရတယ်"

"သေတာပနော့"

"မသေဘူး"

"ရော်... ဟိုဟာတွေ အားလုံးပြတ်သွားတာပဲ"

"ဟား... ဟား... ဟား... ဟား"

"ရော်... အဲဒါပ ငိုအားထက် ရယ်အားသန်ဆိုတာပ"

"အဲဒီ ဦးအောင်မှာ မိန်းမရှိလှားပ"

"ရှိတာပေါ့ဗျ၊ သူ့မိန်းမက ချောချောလှလှ အသက်ကလည်း သုံးဆယ်ကျော်ကျော်ပဲ ရှိသေးတာ"

"အင်း ... ကိုအောင်ကလည်း အသက်လေးဆယ်တောင် မပြည့်သေးဘူး၊ နောက်တစ်ခုက ပြည်သူ့စစ်ခေါင်းဆောင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အဟီး... သူ့မိန်းမတော့ နမြောမှာပအေး"

"ရော်... သေမှမသေတာ ဘာနမြောစရာလိုတာပအေး"

"တောက် အ,တာပ၊ တစ်ပြုံလုံးဝါသွားမှတော့ နမြောစရာပအေး ဟား... ဟား... ဟား... ဟား"

"ဝါး... ဟား... ဟား... ဟား... ဟား"

"ဟား... ဟား... ဟား... ဟား"

"အဲဒါလည်း တောမှောက်တာပဲဗျ၊ မျက်စိထဲက လူစင်စစ်က သားကောင်အဖြစ် မြင်တွေ့ရာဟာ တောမှောက်တာပဲ"

တင်မြတ်သည် တောမှောက်သည့်အကြောင်းပြောရင်း ရွာသား တွေအား စိုးရိမ်ကြောက်ရွံ့စိတ်တို့ ပျောက်ပျက်သွားအောင် တွေ့ကြုံရ သည့် တောမှောက်ခြင်း သင်ခန်းစာတွေ ပို့ချနေသည့်အတွက် ကြောက် စိတ်တွေ ပျောက်ရင်း ရယ်ကြမောကြ ဟာသပါလာသဖြင့် တင်မြတ် ကျေနပ်သွားပါသည်။

"ဆရာကိုတင်မြတ်၊ ရယ်စရာလည်း ပြောတတ်တာပအေး"

"အင်း... ရယ်စရာလည်း ရယ်စရာပေါ့၊ တကယ့်အဖြစ်အပျက် တွေဟာလည်း တစ်ခါတစ်လေ ရယ်ရတာအများကြီး တွေ့ဖူး၊ ကြုံဖူး တာပေါ့"

"ရော်... ဟိုက ဦးအောင် သနားတာပအေး"

"ဟိုက ဦးအောင်၊ မင်းက ဘာအောင်ပ"

"ရော်... ဘာတွေပြောတာပ"

"ကဲ... မပြောနဲ့ပ၊ မတော်တဆ အဲဒီ ဦးအောင် အလက်ထွက် ချင်ထွက်မှာပအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား... ဟား"

"ဝါး...ဟား... ဟား... ဟား... ဟား"

ပွဲကျနေကြ၏၊ အားလုံးမှေ့ပျောက်သွားကြပါ၏၊ မေ့ပျောက်ခြင်းဆိုသည်မှာ စောစောက ကြောက်ရွံ့မှုတွေ ပျောက်ကုန်ပါပြီ။ သို့အတွက် တင်မြတ်လည်း ကျေနပ်၏။ ဤလူအုပ်အား ထိန်းထားနိုင်သည့်အပြင် တစ်ယောက်တစ်လေမျှ အပေါ့အပါးပင် မထွက်ကြခြင်းသည် ပိုမိုစိတ်ချရသော အနေအထားသို့ ရောက်ရှိခဲ့ပါ၏။

"အော်... အီး... အီး... အွတ်"

"ဖောက်... ဖောက်... ဖောက်"

"အော်... အီး... အီး... အွတ်"

"ကတော်... ကတော်... ကတော်"

"ဟော... မိုးလင်းတာပအေး"

"ရော်... ဟုတ်တာပအေး"

"ဆရာကိုတင်မြတ် ဆရာကြီးတို့ လာတော့မှာပ"

"ရော်... ခေါပုတ်ကင်တာပအေး"

"မကင်နဲ့၊ ကြော်တာပ၊ ကြော်ပြီး ဆရာကြီးတို့အတွက် ထားတာပ"

"မလုပ်နဲ့၊ အားလုံးကင်၊ ဒါမှမဟုတ် အားလုံးကြော်ဗျာ၊ ဆရာကျော် သိရင် စားမှာ မဟုတ်ဘူးဗျ"

"ရော်... ဒါဆို ကျွန်တော်တို့က ကြော်တာမကြိုက်၊ ကင်တာပဲ ကြိုက်တာပ"

"ကြိုက်သလို စားတာဂ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှို့က မီးကင်ပြီး ပုပုလေးကြိုက်ကြသည်။ တစ်ရှို့မှာတော့ ကြော်ကြပြီးမှ စားကြသည်၊ ကိုခွေးပုသည် ပါလာသော ငါးရံ့ခြောက်အား မီးကင်ပြီးနောက် ပန်းကန်ပြားဝယ် အသေအချာ မွနေပြီးမှ...

"ရော်... ဒါဆရာကြီးတို့အတွက်ပအေး"

"ကောင်းတာပ၊ ထားလိုက်"

"ဆရာကိုတင်မြတ်ပ"

"ဗျာ..."

"စားနှင့်တာပအေး"

★★★



www.burmeseclassic.com

www.burmeseclassic.com



## ခြောက်

"ရော်... မိုးလင်းတာပအေး"

"ဟုတ်ပ"

"ဘယ်လိုပ၊ ဘာကောင်မှမတွေ့"

"ဆက်စောင့်မယ်၊ ကိုကျင်ဖေ"

"ဗျာ"

"ခြော်... ရှစ်နာရီလောက်ထိ စောင့်ကြည့်ကြတာပေါ့ဗျာ"

"ကောင်းသားပဲ"

ကျွန်တော်တို့ မိုးလင်းပြီး ရှစ်နာရီသာ ထိုးသွားသည်၊ ဘာကောင်မှ မပစ်ရပါ၊ ကီစွတော့ မရှိ၊ မနေ့က ချေနှစ်ကောင်နှင့် တောဝက်တစ်ကောင် အချောင်ရထားသည့်အတွက် စားနပ်ရိက္ခာဖူလုံနေပါပြီ၊ ဒီနေ့ ညဥ့်အထိ ဆက်စောင့်လည်း နောက်ထပ်တောဝက်ထက် ဆတ်ကို ပစ်ချင်၏၊ ဆတ်တစ်ကောင်နှင့် တောဝက်တစ်ကောင်တော့ ရအောင် စောင့်မည်ဟု စိတ်ကို ဆုံးဖြတ်ရင်း . . .။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အားလုံးပဲ တဲပြန်မယ်၊ တဲမှာနားမယ်၊ ညနေစောင်းမှာ တောဝက်နဲ့ဆတ်ပစ်မယ်၊ ကောင်းတာပအေး၊ သိပ်ကောင်းတာပ၊ ဆရာ ကျော်တို့ အချိန်မရမှာ စိုးတာပ၊ ခုလိုအချိန်ပေးနိုင်တော့ ကောင်းတာ ပအေး"

"ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ အလာတုန်းက ပွဲချိတ်တောင် ပြန်လွှတ်လိုက်တာပေါ့ ကိုကျင်ဖေ"

"ကျော်မြပ"

"အေး"

"အားရဲ့လား"

"ရော်... မင်းနဲ့ငါ အတူတူပ၊ ဟား... ဟား... ဟား... ဟား"

ကျွန်တော်တို့ တဲသို့ပြန်ခဲ့ပါ၏၊ ညပိုင်းတောတိုးခဲ့ရာ တဲနှင့် အဝေးမှဟု ထင်ပါသော်လည်း တကယ်တမ်းအပြန်ခရီးမိုးလင်းနေသော အခါ တော်တော်လေးဝေးသား၊ တစ်နာရီတိတိ လမ်းလျှောက်ပြီးမှ တဲသို့ ပြန်ရောက်ခဲ့၏။

တဲရောက်တော့ စားကြ၊ သောက်ကြ၊ ရေနွေးပူပူနှင့် ခေါပုတ် ကြော်၊ ငါးရံ့ခြောက်ဖုတ်သည် အလွန်လိုက်ဖက်၏၊ ဆာဆာနှင့် စား လိုက်ရာ ကျွန်တော်တစ်ယောက်တည်း ခေါပုတ်နှစ်ချပ်ခန့်ပင် ကုန်သွား သည်။ မိုးကျော်အောင်နှင့် ကိုကြီးဆင်ပေါက်တို့မှာတော့ အပြိုင်စားနေ ကြသည်လားမသိ၊ ကိုကြီးဆင်ပေါက်သည် ငါးရံ့ခြောက် မစား၊ အေ သားကြပ်တိုက်ကို အတုံးလိုက် ကိုက်စားနေရင်းမှ...

"ရော်... မေ့တာပအေး"

"ဘာတွေ မေ့တာပ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးတို့ကို ကဇာ်ပေးထားတာ၊ ငါးကြင်းကင်ကျွေးမှာပအေး"

"ရော်... ဘယ်မှာလဲ ငါး"

"အင်းရှိတာပအေး၊ အင်းထဲက ငါးပ"

ကိုကြီးဆင်ပေါက်သည် ပြောပြောဆိုဆို တဲ၏ခြမ်းစင်ပေါ်သို့ တက်လိုက်၏၊ ထိုခြမ်းစင်ပေါ်ရှိ ပိုက်တစ်ဖုံယူပြီးနောက် ပိုက်ကို ရှင်းလင်းလိုက်သည်။ ထို့နောက် အသင့်ပြင်ပြီးသည်နှင့် ကိုကြီးဆင်ပေါက်သည် ရွာသားနှစ်ယောက်အား ခေါ်ကာ အင်းဘက်ထွက်သွားသည်။ ကျွန်တော်တို့လည်း နားရင်းအိပ်လိုက်၏။ မိုးကျော်အောင် မအိပ်ပါ။ တင်မြတ်နှင့်ကျွန်တော်အပြင် ရွာသားအချို့အိပ်စက်နားနေလိုက်သည်။ ညဥ့်ဆက်ရန် ရှိသေး၍ အိပ်လိုက်ခြင်းပင်။

ကျွန်တော်တို့နိုးသည့်တွင် မိုးကျော်အောင် ထမင်းစားပြီးသွားပါပြီ။ သူ့အား အိပ်ခွင့်ပေးလိုက်ပြီး ကျွန်တော်တို့ ထမင်းစားကြစဉ် ကိုကြီးဆင်ပေါက်ရခဲ့သော ငါးကြင်းတွေကင်ပြီး အကောင်လိုက် ငှက်ပျောရွက်ခင်းကာ ချထား၏။ ငါးကြင်းကင်ကြီးတွေ ကြည့်ပြီး အနံ့အသက်ကလည်း မွှေး၏၊ ကျွန်တော်လည်း ထမင်းမစားခင် ငါးကြင်းကင်ဖဲ့ကာ အရက်နှင့်မြည်းလိုက်သည်။ ကျွန်တော့်ရေဘူးထဲမှာရှိနေသော အာမီရမ်အား ဝေမျှတိုက်၏။

အာမီရမ်နှင့်ငါးကြင်းကင် စားလို့ကောင်း၊ သောက်လို့ကောင်း၊ ထမင်းမစားမီ ကျွန်တော်တို့ ငါးကြင်းကင်မှ ဆွဲဆောင်အားကောင်းနေပါသော်လည်း အရက်ကိုလျှော့ပြီး ထမင်းစားရပါပြီ။ တောဝက်သားထိုး



www.burmeseclassic.com

www.burmeseclassic.com



တွေအား ရှမ်းချက်ချက်သည်။ ငြုတ်သီးစိမ်းတွေ ရောနှောချက်ထားသည့်အတွက် ကျွန်တော် သိပ်မစားနိုင်၊ တင်မြတ် အကြိုက်တော့တွေ့နေ၏၊ ကျွန်တော်က အသည်းကြော်ဟင်း၊ ငါးကြင်းကင်၊ ဆီတို့ဟူး၊ မုန်ညင်းချဉ်တို့ဖြင့် စားလိုက်သည်။

အားလုံး နားနားနေနေဖြင့် အချိန်ရနေခိုက်မှာပင် ကျွန်တော်တို့ စကားဝိုင်းဖွဲ့ကြပါ၏၊ ကျွန်တော်ကပင် စတင်လိုက်ပါ၏၊ အားလုံးငြိမ်သက်စွာနားထောင်နေကြစဉ် ကျွန်တော် အစီအစဉ် စလိုက်ပါ၏၊ အကြောင်းမှာ...

"ကဲ... ကျွန်တော်တို့ ဆက်ရအောင် ပစ်မယ်"

"ရော်... ကောင်းတာပ"

"အင်း... ဒီလိုလေ၊ ဒီညနေစောင်း စောစောစီးစီး တောပစ်ထွက်မယ်၊ ကျွန်တော်မနက်က ကြည့်ခဲ့တယ်၊ မိုးကျော်ရေ"

"ဗျာ ..."

"ရော်... ဒီလိုပအေး၊ စောစော အယ်...ဟုတ်ပေါင်၊ ညက ဆရာကိုတင်မြတ်ပြောပြတာပအေး၊ တောမှောက်လို့ ဘယ်သူ အယ်... အယ် ဦးအောင် ဦးအောင် အပြုလိုက်ပြတ်သွားတာပအေး"

"သြော်... တင်မြတ် ပြည်သူ့စစ်ကိုအောင်အကြောင်း ပြောပြထားတယ်ပေါ့"

"ဟုတ်တယ် ဆရာကျော်၊ သူတို့ တောခြောက်တာတို့၊ တောမှောက်တာတို့ပြောပြပါဆိုလို့ ကိုအောင့်အကြောင်း ပြောပြီးသဘောကျနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အခု တောမကောင်းပါဘူး၊ နောက်တစ်ခု တော်မမှောက်ပါဘူး"

"ရော်... မှောက်တာပ ဆရာကြီး"

"ဗျာ"

"ကိုတင်မြတ် သိတာပ၊ ညက ရေသဖန်းပင်ကြီး လဲတာအားလုံး တွေ့တာလေ၊ ဆရာကိုတင်မြတ်ပြောသလိုပ၊ ဆရာကြီးတို့ ဇင်းကျောင်း ပရဟိတဘေးမှာ ညောင်ပင်ကြီးလဲသလိုပ၊ ရော်... ဒီနေ့နေ့ကြ အကောင်းပ"

"ဒါက ခင်ဗျားတို့ကို နောက်တာပ၊ တောက အခြေအနေ ဆိုး ပါဘူးဗျာ၊ မကြောက်ကြပါနဲ့"

"ရော် ... မကြောက်ပ၊ လူအများကြီး ဟီး ... ဟီး — ဟီး—ဟီး"

"ရော် ... အောင်ဘ နောက်တာပ၊ လူများလို့ မကြောက်တာပေ၊ ဒီကောင်တစ်ယောက်တည်းဆို ကြောက်မှကြောက်တာပ"

"ကဲ... ထားလိုက်ပါ၊ ညနေစောစော တောပစ်ထွက်တယ်ဗျာ"

"ရော် ... ကျွန်တော်တို့ တောလိုက်ရမှာလား ဆရာကျော်ခင်း"

"မလိုက်ပါနဲ့၊ မနေ့ကအတိုင်းထွက်မယ်၊ ကျန်တဲ့သူတွေ တဲမှာပဲ အသားတွေပဲ ကင်ကြဗျာ"

ကျွန်တော် စကားရပ်လိုက်သည်။ သို့သော် တောဝက်ကြီး အတွက် ကိုကျင်ဖေ စီစဉ်သည်။ တောဝက်အား အသားငါးပိသာခန့် ယူထားပြီး လူသုံးယောက်နှင့် ရွာသို့ ပို့ခိုင်းလိုက်ပြီး ရွာတွင်ချက်ပြုတ် ထားရန်နှင့် ဝေမျှကျွေးရန်၊ ကိုခွေးပုမှာ လမ်းကျွမ်းကျင်သူဖြစ်၍ လိုက် ပါသွားရန်၊ အသွားအပြန်လမ်းလည်း ဤတစ်လမ်းတည်းသာ အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ရှိန် မှာကြားစီစဉ်ပါ၏။

"ဆရာကျော် ... ကျွန်တော်တို့ သုံးဖွဲ့ခွဲမလား"

"အင်း... မြေပြင်အနေအထားကြည့်ပြီး စီစဉ်တာပေါ့၊ သုံးဖွဲ့ မဟုတ်တောင် နှစ်ဖွဲ့တော့ခွဲမယ်"

"ဟုတ်တယ် ဆရာကျော်၊ ဆတ်နဲ့တောဝက်ထပ်ပစ်ချင်တယ်"

"အေး ... ငါလည်း ဆတ်ကို အမိကထားတယ်ကွ၊ တောဝက် လည်း လူကြီးတွေ မှာကြတယ်"

"ရပါတယ် ဆရာကျော်ပ၊ ဒီညနေ သေချာတာပ"

ကိုကျင်ဖေမှ အားပေး၏၊ ကျွန်တော်တို့ညနေသုံးနာရီခန့်တွင် ထမင်းထုပ်ပါယူ၍ ထွက်ခဲ့ကြပါပြီ၊ ကျွန်တော်တို့ညက ထွက်သည့် ဖက်သို့ ပြန်ထွက်ခဲ့၏၊ ညက ထွက်သည့်ဖက်တွင် ကျွန်တော်နှင့်မိုး ကျော်အောင် နေရာတစ်ခုတွေ့ခဲ့ပြီး ထိုနေရာအား သေသေချာချာမှတ် သားထားခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်၏စိတ်ကြိုက် မိုးကျော်အောင်၏ စိတ်ကြိုက်ဆိုလည်း မမှား၊ အနေအထား အလွန်ကောင်းပြီး ခြေရာ လက်ရာတွေ တွေ့ထားခဲ့ခြင်းကြောင့်ပင်။

"ရှူး"

"ရူး ... ရှူး"

"အုဝူး... အုဝူး... အုအု"

"ဆရာကျော် မျောက်ညီအုပ်ဗျ"

"အေး ... တော်တော် အကောင်ကြီးပါလား"

"ဟုတ်တယ် ကြည့်စမ်း၊ မျောက်လွှဲကျော်ကြီးတွေနဲ့ပိုတဲ့ သဘောပဲ၊ ကြီးလိုက်တာ"

---



www.burmeseclassic.com

www.burmeseclassic.com



"ရော် ... ဆရာကြီးတို့မသိတာပ၊ ဒီဘက်မှာ မျောက်တော်တော်များများ ရှိတာပအေး၊ အောက်ဘက်များဆင်းသွားရင် စိတ်ပျက်စရာကောင်းအောင် တွေ့ရတာပ၊ မျောက်မြီးတိုတွေ အခင်းအစပ်ဘက်သိပ်ပေါတာပ၊ မြေပေါ်မှာပဲ နေကြတာပအေး၊ အခင်းထဲ အုပ်လိုက်ဆင်းပြီး လူတစ်ယောက် နှစ်ယောက်လောက်တော့ ဂရုတောင်မစိုက်တာပ၊ သူတို့ကို လောက်လေးနဲ့ပဲ ဆော်ရတာပ"

"ဟုတ်တာပ ကိုကြီးဆင်ပေါက်၊ အခုတွေ့တဲ့မျောက်ညိုအုပ်စုဟာ တော်တော် ကြောက်စရာကောင်းတယ်၊ ကျွန်တော် တစ်ခါကြုံဖူးတယ်ဗျ၊ အထီးတစ်ကောင်တည်းဆိုတော့ ဘုရင်ပေါ့ဗျာ၊ မျောက်မတွေဟာ အကောင်နှစ်ဆယ် အစိတ်အထိ ရှိတာပေါ့"

"အဲဒီအထီးများ ထိလိုကတော့ ရှိသမျှမျောက်မတွေ ဝိုင်းလိုက်ပြီသာမှတ်၊ ခြောက်လည်း မကြောက်၊ အတင်းဝင်လိုက်ဟာတတ်တယ်ဗျ၊ ကျွန်တော်တို့နှစ်ယောက်ရှိသမျှ ကျည်ဆံကုန်အောင်ပစ်ခတ်ရတယ်၊ ဒါတောင် မနိုင်ဘူး"

"ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးတာပ"

"ရော် ... ကိုဆင်ပေါက်ပအေး၊ သူတို့ရဲ့ ဘုရင်မျောက်ထီးကြီးကို ဆရာကျော်တို့ ပစ်တာပအေး၊ ဒီတော့ မျောက်မတွေ ဒေါသထွက်ပြီး လင်တော်မောင်အတွက် တိုက်ပွဲဝင်ကြတာပေါ့"

"ရော်... အံ့စရာပ၊ မျောက်ထီးကြီးက တော်တော်ကြီးမှာပအေး"

"ရော် ... ကိုဆင်ပေါက်ကြီးလိုပ ဟား... ဟား... ဟား...ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျင်ဖေက နောက်ပြောၾ၏၊ ကိုဆင်ပေါက်ကြီး သဘောကျပြီး ပြုံးလိုက်၏၊ သူ့ကိုယ်သူလည်း စံကြွားသွားပုံရ၏။ လူဆိုသည်မှာ ဟုတ်တာပြောလျှင် သဘောကျ၏။ မှန်တာပြောလျှင် စိတ်ဆိုး၏ ဆိုသော စကားကဲ့သို့ ကိုဆင်ပေါက်ကြီးမှာ လူကောင်ကြီးပြီး ခွန်အား ဗလပြည့်စုံသည့်အတွက် ချီးမွမ်းသောအခါ သဘောကျ၏။ သို့သော် မျောက်နှင့်နှိုင်းသည်ကိုတော့ သတိမထားမိပါ၊ သိသွားလျှင်တော့ ကျွဲမြီး တိုပေမည်။

"မျောက်ညိုဆိုတာ မျောက်မက ပေါက်လို့ အထီးဆိုရင် အဲဒီမျောက်ကြီး ဘုရင်ပေါ့ဗျာ၊ သူက ကိုက်သတ်ပစ်တယ်၊ အမပေါက်လို့ကတော့ ဘယ်လောက်ပေါက်ပေါက် သူ့အကြိုက်ပေါ့"

"ဟင် ... ဒါဆို ကိုဆင်ပေါက်ကြီးနဲ့ မတူတာပ"

"ဘာဖြစ်လို့လဲ"

"ရော်... မသိကြတာပ၊ ကိုဆင်ပေါက်ကြီးဆို ရွာထဲက ကြောက်ကြတာပ"

"ဘာကြောက်တာလဲ ကိုကျင်ဖေ"

"ရော်... ကိုတင်မြတ်ပ၊ ဒီလောက်ကြီးမှတော့ မိန်းမတွေကြောက်ပြီပအေး"

"ဟား... ဟား... ဟား... ဟား..."

"ကျင်ဖေနော်၊ တောထဲမှာ မဟုတ်တာတွေ မပြောရတာပအေး"

"ရော်... ကိုဆင်ပေါက်၊ ဒီလောက်လူကောင် ကြီးမှတော့ မြင်းမှုတွေ ကြောက်ကြတာပအေး"

"ဘာကိုမြင်တာလဲ ကိုကျင်ဖေ"



www.burmeseclassic.com

www.burmeseclassic.com



စကားမများဘဲ အေးအေးနေတတ်သော မိုးကျော်ကပါ ဝင်ရောက်၍ နောက်ပြောင်ရင်း မသိဟန်ဆောင်ကာ မေးလိုက်၏။ ကိုဆင်ပေါက် မပြောခင် ကိုကျင်ဖေမှပင်...

"ကိုမိုးကျော်ပအေး၊ ဟိုဟာမြင်တာပ၊ ဟိုလူ့ကို ပြောတာပ၊ ဟား ... ဟား ... ဟား ... ဟား"

"ကျင်ဖေ၊ တော်တော့ပအေး"

ကိုဆင်ပေါက်ကြီးမှာ ပြုံးရင်း ကိုကျင်ဖေအား နောက်သလိုလို ပြောင်သလိုလိုပြောလိုက်သည်တွင် အားလုံးသဘောကျသွားကြ၏။ ကျွန်တော်ပင်လျှင် ဤမျှကြီးမားသောကိုဆင်ပေါက်ကြီးအား အံ့သြမိသည်။ မောင်ဗမာတွေ၊ မောင်ကမ္ဘာတွေဟာ လေ့ကျင့်တာကြောင့် ခန္ဓာကိုယ်ထွားကျိုင်းပြီး အလုံးအထည် ကြွက်သားတွေ ဖောင်းကားလာကြသော်လည်း ကိုဆင်ပေါက်ကြီးမှာ မိမွေး ဖမွေးအတိုင်း ထွားကျိုင်းပြီး သန်မာသန်စွမ်းသူဖြစ်ပါ၏။

"တစ်ချို့မျောက်မတွေဟာ သားပေါက်ရင် အဲဒီအထီးကြီးမသိအောင် ရှောင်ပုန်းပြီး သူ့သားကို စောင့်ရှောက်ထားတယ်၊ အဲဒီကနေပြီး နောက်မျိုးဆက်တွေ ပွားတာလည်းရှိတယ်၊ နောက်ထပ် တစ်အုပ်ပေါ့ဗျာ"

"ဟုတ်တာပအေး၊ ခွေးပုလိုပေါ့၊ လူမကျ မျောက်မကျနဲ့ ဝါသနာက မုဆိုးပ၊ ဘဝမှ မပစ်ခတ်တာပ၊ ဒီတော့ လူမုဆိုးမဟုတ်ဘဲ၊ မျောက်ခွတိခွတနဲ့ ခွေးမုဆိုးအုပ်စုပ၊ ဟား ... ဟား ... ဟား ... "

ကျွန်တော်စကားတပြောပြောနှင့်ထွက်ခဲ့ရာ ညဦးက စောင့်ခဲ့သည့် နေရာမရောက်ခင် ကျွန်တော်နှင့်မိုးကျော်အောင် ရွေးခဲ့သောနေရာ



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် ကျွန်တော်နှင့်အတူ မိုးကျော်အောင်ပါ မှတ်သားထား သော ကညင်ပင်ကြီးအား တွေ့ပါပြီ၊ သူနှင့်ကျွန်တော်သည် ဓားမြှောင် ဖြင့် ဓုတ်သားထားသော အမှတ်အသားမှ အစီးများ စီးကျမှုသည် ပင်ခြေသို့ရောက်နေပါပြီ။

"ဆရာကျော်. . . ရောက်ပြီ"

"ဟုတ်တယ်"

"ရော်... ဒီနေရာလား"

"ဟုတ်တယ် ကိုကျင်ဖေ၊ ကျွန်တော်မှတ်ထားတာလေ၊ ဒီဟာက မိုးကျော်ရဲ့အမှတ်အသား"

"ရော် ... ဘယ်အချိန်ကများ မှတ်ထားလိုက်တာပအေး'

"ဩော် ... ကိုကြီးဆင်ပေါက်ရေ၊ မှဆိုးဆိုတာ လျင်ရတယ်၊ သွက်ရတယ်၊ မြန်ရတယ်ဗျ၊ ဟား ... ဟား ... ဟား... ဟား"

"မေ့နေတာရှိသေးတယ် ကိုကြီးဆင်ပေါက်၊ ဟောဒီ တင်မြတ်က လျှပ်တပြက်တင်မြတ်တဲ့၊ ဘာကြောင့်လဲဆိုတော့ ဒီကောင်က သား ကောင်ကို ရပ်နေတာမျိုး မကြိုက်ဘူးဗျ၊ သားကောင်းကို ခြောက်လှန့်ပြီး သားကောင် လန့်အပြေး၊ ဒါမှမဟုတ်လည်း သားကောင်က လူတွေ့ပြီး အပြေးတို့၊ ထအခုန်တို့၊ ဟိုဗျာ... လှုပ်ရှားနေတုန်းပစ်ရင် ပိုမှန်တယ်၊ ဒါ သူ့ အကြိုက်ပေါ့"

"ရော်... ဟား ... အံ့ဩစရာပ"

"ဟောဒီ မိုးအောင်ကျော်ကတော့ ပစ်မလွဲလို့အမည်ပေးထား တယ်၊ သူက တည်တည်ငြိမ်ငြိမ်ကို ကြိုက်တဲ့နေရာပြော တစ်လက်မှ မလွဲစေရဘူး၊ တိတိကျကျပစ်တတ်လို့ ပစ်မလွဲလို့ ခေါ်တယ်ဗျ၊ ကိုကြီး ဆင်ပေါက်တွေ့လာမှာပါ၊ မြင်ရတော့မှ ပိုသိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရော်... ဒါဆို တော်တာပအေး၊ ဆရာကြီးကျော်မင်းကကော"

"ဗျာ... ကျွန်တော်ကလား၊ အဲ ... သူတို့မပစ်ချင်တဲ့ သားကောင်တို့ အကူပစ်ပေးရတာမျိုးပဲ ပစ်ပါတယ်၊ ဟဲ... ဟဲ... ဟဲ... ဟဲ"

"ရော်...ဆရာကြီးက ချိုနေတာပအေး"

ကျွန်တော့်ဘက် လှည့်လာ၍ ဆက်မပြောတော့ပါ။ ကျွန်တော် စကားပြောနေစဉ်မှာပင် တင်မြတ်၊ မိုးကျော်အောင်၊ ကိုကျော်မြ၊ ကိုကျင်ဖေတို့လေးယောက် နေရာနှင့် ပစ်ကွင်းရွေးနေကြပါပြီ။ သားကောင်ဝင်လမ်း၊ ထွက်လမ်းအပြင် ဇီးဖြူပင်၊ ကင်မလင်းပင်နှင့် ငှက်ပျောတော၊ ဝါးရုံများအား ကြည့်ရှုပြီး နေရာယူရန် စီစဉ်ကြပါသည်။

သူတို့လေးယောက် စိတ်ကြိုက်နေရာတွေ ရွေးပြီးသည်နှင့် ကျွန်တော်နှင့် ကိုကြီးဆင်ပေါက်ထံ ပြန်ရောက်ခဲ့ပါပြီ။ ရောက်ရှိပြီး အချိန်မဆွဲတော့ဘဲ လူခွဲရန်အတွက် မိုးကျော်အောင်မှ စတင်ပြောပြသည်။

"ဆရာကျော်"

"ဟော..."

"နှစ်ဖွဲ့ခွဲမလား၊ ဒါမှမဟုတ် သုံးဖွဲ့ခွဲမလား."

"နေရာအနေအထားက ဘယ်လိုလဲ"

"အခု ကျွန်တော်တို့နေရာကို အလယ်ဗဟိုထားရင် ပိုကောင်းတယ်၊ ဟောဟိုဝါးရုံမှာ တစ်ဖွဲ့၊ ဒီနေရာကို ထားပြီး ဆရာကျော်နေ၊ ဘယ်ဘက်မှာ တစ်ဖွဲ့၊ ဟောဟိုငှက်ပျောတောအစပ်မှာ သစ်ငုတ်ကြီးတွေရှိတယ် ဆရာကျော်၊ အဲဒီမှာ တစ်ဖွဲ့ဆိုကောင်းမလားဘဲ"

"အဲဒီမှာ ဝက်ခြေရာ ပေါ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ပေါတယ်၊ ဆတ်ခြေရာပါတွေ့တယ် ဆရာကျော်"

"ဒီလိုလုပ်ကြတာပေါ့၊ ငါက ဒီကနေ ကြည့်ရတာလည်း အဲဒီနေရာဟာ ကောင်းလည်း ကောင်းတယ်၊ ဒါပေမယ့် သားကောင်နဲ့ သိပ် မဝေးတဲ့အပြင် အနိမ့်အမြင့်ကလည်း သိပ်မကွာတော့ ဂရုစိုက်ရတယ်၊ ဒီတော့ မိုးမချုပ်ခင် ငါနဲ့တင်မြတ် အဲဒီမှာစောင့်မယ်၊ ကိုကြီးဆင် ပေါက် ခေါ်ထားမယ်"

"ကောင်းသားပဲ"

"မင်းနဲ့ကိုကျော်မြရယ်၊ ကိုကျင်ဖေရယ်၊ မင်းပြောတဲ့ ဝါးရုံဘေးမှာစောင့်၊ အဲဒီဝါးရုံဘေးမှာ တောချုံ အနည်းငယ်ရှင်းတယ်ဆိုတော့ ဆတ်အထွက်များတယ်ကွ၊ ဝါးရုံအောက်ခြေတွေလည်း ခပ်ရှင်းရှင်း၊ ချုံ မရှိတဲ့အတွက် မင်းနေပါလား၊ ကိုကျော်မြနဲ့ ကိုကျင်ဖေကလည်း အတွေ့အကြုံတွေ ရှိပြီးသားပဲဟာ"

"ရတယ်လေ၊ ကျွန်တော်နေလိုက်ပါ့မယ်၊ ဒါဆိုကျွန်တော်က အပေါ်နည်းနည်းရောက်တာပေါ့"

"အေး... အဲဒီကနေ တို့နေရာယူမယ့် ၄က်ပျောတောဘက် ကောင်းကောင်းမြင်ရတယ် မဟုတ်လား"

"မြင်ရတယ်"

"အေး... လိုအပ်ရင် မင်းက အချက်ပေး၊ ပစ်ကွင်းက တို့ဖက် မလှည့်နဲ့၊ တို့ကလည်း မင်းတို့ဖက် မလှည့်ဘူး"

"ကောင်းတယ်"

"ကဲ ... ဆင်းကြစို့"

ကျွန်တော်တို့ အချိန်တိုအတွင်းမှာပင် လှုခွဲပြီး ဆင်းခဲ့ကြပါပြီ၊ ကျွန်တော် တင်မြတ်နှင့်တွဲသည်မှာ အကြောင်းရှိပါ၏။ တောဝက်သည်



www.burmeseclassic.com

www.burmeseclassic.com



စွတ်စိုသောနေရာများတွင် နစ်သက်၏။ အင်းစောင်းနှင့်လည်း မကွာသည့်အတွက် ကျွန်တော်နှင့်တင်မြတ်တွဲလိုက်ခြင်းဖြစ်ပါသည်၊ တင်မြတ်မှ လွှဲပ်တပြက်ပစ်ပါက ကျွန်တော်အကူစောင့်ပေးနိုင်သည့်အတွက်ကြောင့် နှစ်ယောက်တွဲလိုက်ခြင်း ဖြစ်ပါ၏၊ တောဝက်အတွက် စိုးရိမ်မှုသည်လည်း ပါခဲ့၏။

မိုးကျော်အောင်မှာတော့ ဆတ်ကို အဓိကထားကာ အထက်စီးမှနေရာယူစိုင်းလိုက်ခြင်းသည် ဆတ်ပစ်မည့်မိုးကျော်အောင်၏ တည်ငြိမ်မှုနှင့်ဆုံးဖြတ်မှုဆိုသည့် အတွေးအခေါ်ပိုင်းသည် တင်မြတ်ထပ်တော့သာ၏၊ ဆတ်ထွက်မည်ဟုလည်း ထင်ရသည့်အပြင် သူ့ဘက်မှ ကျော်လာခဲ့လျှင်လည်း ကျွန်တော်တို့နှစ်ယောက်ကူပစ်ခတ်နိုင်ပါသည်။ အချိန်စော၍ ပစ်ကွင်း ရှင်းရှင်းလင်းလင်းပစ်ရပါက မိုးကျော်အောင်၏ တစ်ချက်တစ်ကောင်သည် ပစ်မလွဲပါ။

တကယ်ပြောရပါမူ ဘကြီးညိုအင်းသည် အထက်အင်းဟုလည်း ခေါ်ကြသည်။ ဤအင်းထက် ပိုပြီး အထက်ရောက်သောအင်း လုံးဝမရှိတော့ပါ၊ အဘလှဲ့ကြောင့်ဆိုသော် တောနက်ပြီး အစွန်အဖျားတောင်နှစ်လုံးမဟုတ်သော်လည်း ပစောက်ပုံစံတောင်ကြီးပတ်ကာ ဝိုင်းနေသောအင်း၊ တောင်ဘက် ရေဝတီမြစ်မင်းမှ စီးဝင်သော ချောင်းကဲ့သို့မိုးအခါ ရေတက်များ၍ နွေကာလ၊ ဆောင်းကာလတွေဝယ် ရေနည်းသွား၏၊ ထိုဆောင်းကာလတွင် အင်းအလုပ်ဖြစ်ပါပြီ၊ တောင်ကျရေသည် မိုးကာလလောက်သာ ထိုအင်းထဲသို့ စီးဝင်ပါသော်လည်း အင်းနှင့် ယှဉ်ပြီး အောက်ဘက်ဝယ် တောင်ကျချောင်းတစ်ချောင်း ရှိသည်။ ထိုတောင်ကျချောင်းမှာ မိုးအခါ ရေစီးဆင်းမှု ကြမ်းတမ်းပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နွေကာလဝယ် အေးအေးမြမြ၊ ဆောင်းကာလဝယ် လှလှပပလေး စီးဆင်းနေသည်ကို စမ်းရေစီးသံနှင့် ထပ်တူထပ်မျှ ကျေးငှက်သံတွေ ကြားရပြီး အဘညိုအင်း၏ အောက်ဘက်သို့ စီးဝင်သွားသည့်အတွက် အဘညိုအင်းမှာ ချောင်း၏အထက်တွင် တည်ရှိပြီး မသိပါက ရေကန်ကြီးတစ်ကန်ပမာ တည်ရှိနေသည့်အပြင် အစွန်အဖျား တောနက်နက်ထဲရောက်နေ၍ လူသူအရောက်အပေါက်လည်း နည်းကြ၏။

သို့သော် ဤဘကြီးညိုအင်းသည်လည်း အခွန်အခဆောင်ရသောအင်းလုံးတစ်ခုဖြစ်သည်သာ၊ ဤဒေသတွင် အဘယ့်ကြောင့် ငါးကြင်း၊ ငါးသိုင်းနှင့် ငါးဖယ်အောင်း၊ ငါးဖမ်းမကြီးတွေ ပေါပါသနည်း၊ အင်မတန်လည်း ငါးပေါ၏၊ အင်းဖော်သည့်အခါ ရွာသားတွေ တော်တော်များများ ခေါ်ယူခဲ့ပြီး အကျွေးအမွေး မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် အင်းဖော်ရ၏၊ အင်းပိုင်ကြီး ဖိုးနားထိုင်းနှင့်တပည့်သားမြေးများအား တင်ရသည်မှာ အရက်သုံးလေးပုံးခန့်၊ ရွာသားတွေ ကျွေးမွေးရသည့် (သူတို့အခေါ် ကညာ) (ရှမ်းအခေါ် ကညာ၊ လုပ်အားပေးခေါ်)သည့်လူတွေမှာ လူတစ်ယောက် အရက်နှစ်လုံးလောက် သောက်ကြသည်သာ။ ရေကလည်းအေး၏၊ နှင်းကလည်း အေးသည်၊ အရက်က နွေးစေသတည်းဟူသော ရွာသားတွေအတွက် ကျွေးမွေးပွဲကြီး။

အင်းပိုင်ကြီး ဖိုးနားထိုင်းသည်လည်း ပျော်တတ်သော အင်းပိုင်ကြီးဖြစ်သည့်အပြင် သူ့အား ရှိသေလေးစားစွာ ပသခြင်း၊ တင်မြှောက်ပူဇော်ခြင်း မှန်ကန်ပါက အင်းထဲငါးမကျန်အောင် ကူညီသည်ဟူသော ရွာသားတွေ၊ အင်းလုပ်သားတွေ၊ အင်းဆွဲသည့် အင်းပိုင်ရှင်တွေ ပြောပြ၍ သိထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဘကြီးညိုအင်းဆိုသည် စီးပွားဖြစ်သောအင်း၊ သို့သော် ဘကြီးညိုအင်းအား တော်ရုံတန်ရုံ အင်းလေလံပွဲတွင် မဆွဲကြပါ။ မဆွဲရဲကြပါ။ အကြောင်းမှာ အင်းတစ်လုံးတည်း ဆွဲချင်သည့်အပြင် တောနက်၏၊ သွားရေး လာရေးတွင် တောင်စောင်းအတိုင်း သွားလာရပါသော်လည်း သားရဲတွေ့ပေါ်သောတောဟူသည့် နာမည်ကြီးသည့်အပြင် ဤအင်းဝယ် အစောင့်အရှောက်တွေ ရှိနေကြောင်း လည်း သိရသဖြင့် အင်းဖော်ချိန်ကာလမဟုတ်သော်လည်း အင်းစောင့်သည့်လူမှာ အနည်းဆုံး သုံးလေးယောက်လောက် ထားရသည်သာ။ အင်းတဲပတ်ဝန်းကျင်သို့လည်း သားကောင်တွေရောက်တတ်သည့်အပြင် ညဥ့်အခါဝယ် တဲထဲမှ အပြင်သို့မထွက်ရဲကြပါ။

တောမုဆိုးကျားကြီးတွေ လှည့်ပတ်နေကြသည့်အပြင် ဟိန်းသံဟောက်သံတွေလည်း မကြားချင်အဆုံး ကြားနေရသည်။ တောလမ်းဖြတ်သန်းသည့်အခါတွင်လည်း လူနှစ်ယောက် သုံးယောက်စု၍ ရွာပြန်ခြင်း၊ ရွာမှ တဲပြန်ခြင်းလုပ်တိုင်း သတိထားရသောလမ်း၊ တောကောင်ကြမ်းသောလမ်းဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ဖွဲ့ခွဲပြီး စောင့်နေသည်မှာ လေးနာရီခွဲပြီမို့ တစ်နာရီနီးပါး ရှိသွားပါပြီ။

တောတို့သဘာဝအတိုင်း တောနက်လေ၊ စိမ့်ကြီးမြိုင်ကြီးပေါလေ၊ ပုရစ်နှင့် ပုဇဉ်းရင်ကွဲအော်သံ ဆူညံစမြဲ၊ ခုလည်း တော်တော့ကို ဆူညံနေသည်။ ထိုပုရစ်နှင့် ပုဇဉ်းရင်ကွဲအသံမကြားရပါက တောဘယ်လောက်နက်နက်၊ မြိုင်ကြီးဖြစ်၍ စိမ့်နေအောင်အေးသော်လည်း အခြေအနေ ထူးခြားတတ်သည်၊ သဘောမှာ တောကြမ်းတတ်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ တောကြမ်းပုံမရပါ၊ သို့သော်လည်း ရွာသားတွေ ပြောသကဲ့သို့ တောမကြမ်းသော်လည်း အင်းကြမ်းနေ၏။ အင်းအစောင့်မှာ အကြီးအကျယ်မဟုတ်၊ လူစိမ်းတွေ မကြိုက်၍လားမသိ၊ တစ်နည်းနည်းဖြင့်တော့ နှောက်ယှက်ခြောက်လှန့်သည်က အမှန်ပင် တွေ့ရ၏။

"ဆရာကျော်"

"ဘာလဲ တင်မြတ်"

"အသံ..."

"ဟော..."

ဟုတ်ပါသည်၊ အသံသဲ့သဲ့ကြားရပါပြီ၊ ထိုအသံကား အင်းနှင့်နီးသော လျှိုဘေးချောင်းဖက်မှ တောတိုးသံသဲ့သဲ့၊ တစ်ကောင်တည်းတိုးနေခြင်း မဟုတ်၊ တစ်ခါတစ်ခါ ပြေးလွှားသံလေးတွေလည်း ကြားရပါပြီ၊ ကျွန်တော် အသေအချာကြားရမည့်အချိန်ထိ မစောင့်တော့၊ ခန့်မှန်းမိသည်နှင့်။

"တင်မြတ်ရေ"

"ဗျာ. . ."

"တောဝက်တွေပဲဖြစ်မယ်"

"ပစ်ချင်တာက ဆတ်"

"တောဝက်လည်း ကောင်းပါတယ်လေ"

"ဟုတ်ပါတယ်၊ ကျွန်တော်က တောဝက်ကို အင်အားသုံးပြီး မောင်းမယ်၊ ဆတ်ကိုတော့ ပစ်ချင်တယ်၊ ဆတ် အရင်ထွက်ပါစေလို့ ဆုတောင်းနေတာ လွဲပါပြီ"

"ရှူး. . ."



www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်၏ ရင်ဖွင့်သံများ ကြားနေရစဉ်မှာပင် တောဝိုးသံတွေ၊ မြက်ခင်းထဲ တိုးကြသော အသံစုံအပြင် ဆော့ကစားပြေးလွှားသံအချို့ ပါ ကြားရပါပြီ၊ တောဝက်အုပ်နှင့်ချိပြီး အစာရှာခြင်းဖြစ်မည်။ မနေ့ညဦး က ကျွန်တော်တို့ရှိနေသော တစ်ညဦးလုံး တစ်မနက်လုံးမထွက်သော တောဝက်တွေ အစာငတ်နေကြပြီ။ သို့အတွက် အစာငမ်းသော တော ဝက်တစ်အုပ် ထွက်လာပါပြီ။

"ရော်... ဆရာကြီးပအေး၊ တောဝက်တွေ ထွက်လာပြီလားပ"

"နားထောင်ကြည့်၊ ကိုကြီးဆင်ပေါက်၊ ဟော... ကြားလား၊ ကြားလား"

"ဖောက် ... ဖောက် ... ဖောက် ... ဖောက်"

"ဝူး... အီး... အီး... ဝူး"

"အဲဒါ တောဝက်တွေ မေးရိုက်သံဗျ"

"ဗျာ... ဘယ်အသံပအေး"

"ဖောက်. . . ဖောက်. . . ဖောက်ဆိုတာ တောဝက်တွေရဲ့ အောက်မေးရိုက်သံဗျ"

"ဝူး . . . အီးဆိုတာ ဝက်မကြီးတွေရဲ့ အသံတွေလေ၊ ဟော ဟော. . .ဟော အဲဒါဝက်ကလေးတွေဗျ"

"အု. . . အီး . . . အု. . . အု. . . အီး"

အသံတွေမှာ ဝက်ကြီးသံတွေပါသကဲ့သို့ ဝက်ငယ်တွေ၏ အသံ တွေကိုလည်း ကြားနေရပါ၏၊ သို့အတွက် အုပ်လိုက်ထွက်ကြောင်း ကောင်းကောင်းသိရပါ၏။ တောဝက်အုပ်မှာ တော်တော်များမည်။ သို့ အတွက် တင်မြတ်တစ်ကောင်၊ ကျွန်တော်တစ်ကောင်တော့ အနည်းဆုံး ပစ်ရမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးကျော်ရေ၊ ဘာမှလည်းမထွက်၊ တိတ်နေတာလေ"

"ရော်... ကျင်ဖေပ၊ စောတော့ စောသေးတာပအေး၊ စောင့်ရတာပ"

"ဟုတ်တာပ၊ ရော်... အသံပ"

"ဘာသံပအေး"

"ဝေါက်... ဖြောက်... ဖြောက်"

"ဝေါက် ...ဖြောက်... ဖြောက်"

"ဝေါက်... ဖြောက်...ဖြောက်"

"ရော်... ချေသံပဲ၊ မပစ်ဘူး၊ ဟဲ... ဟဲ... ဟဲ"

ကိုကျော်မြက ဟာသလုပ်နေ၏၊ မိုးကျော်အောင် ဘာမျှမပြောပါ၊ ပြုံးနေလိုက်သည်၊ ချေသံမှာ တော်တော်ဝေးဝေးမှ အသံများဖြစ်ပါ၏။ ချေတစ်ကောင်၏ ဟောက်သံမှာ ယခုလိုအချိန်မျိုး ကြားရခဲ၏။ အကြောင်းမှာ ညနေစောင်း ညဉ့်ဦးပိုင်း မနက်စောစောပိုင်းဆိုလျှင်တော့ ကြားရစမြဲပင်၊ နုတော့ အချိန်မဟုတ် အခါမဟုတ် ကြားရသောချေသံကြောင့်ပင်။

"အင်း... ချေတစ်ကောင်တည်း လန့်အော်တာဗျ၊ ဘာကောင် လန့်တာလဲ"

"အုဝူး ... အုဝူး ... အုဝူး"

"အု... အု... အအ... အုဝ"

"ဝုန်း ... ဝုန်း"

"မျောက်တွေဗျ"

"ဟုတ်ပ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...အသံလာတာ အထက်ဝဲဘက်ကဆိုတော့ ချေသံမျောက်သံတွေ ဆူနေတယ်ဗျ"

"ရော်... ဟုတ်တာပ၊ တောဆင်များလား"

"တောဆင်တွေဟုတ်မှာပေါ့၊ ဒီအချိန်ဆို တောဆင်တွေလည်း အိပ်မှာပဲဗျ"

"ဟုတ်တယ်၊ ဖြစ်နိုင်တာပ၊ တောဆင်ဟာ ညဉ့်ဦးပိုင်းပဲ လှုပ်ရှားကြပါတယ်၊ နေ့အခါဆို တောကောင်အားလုံး အိပ်ကြတာပေါ့နော့"

ကိုကျင်ဖေနှင့် ကိုကျော်မြတို့သည် တောနှင့်အတူ မွေးဖွားသူတွေ ဆိုပါကလည်း မမှားပါ၊ တောအတွေ့အကြုံတွေနှင့်ထပ်တူထပ်မျှ သိရှိကြသည့်အတွက် တောကျော်တွေ၏ အသွားအလာ အစားအသောက်၊ အိပ်စက်ရာမှအစ အားလုံး သိရှိပြီးသား၊ ယခုဘာကြောင့် မျောက်တွေ တရုန်းရုန်းဖြစ်ရသနည်း၊ ချေတစ်ကောင်လန့်ပြီး ဟောက်ရင်းပြေးသွားသနည်း မတွေးတတ်ပါ၊ အတွေးကြပ်နေသည်သာ။

ဘာပဲဖြစ်ဖြစ် တောဝက်ဆင်းရင်တော့ တွေ့ရပေတော့မည်။ တောဝက်အုပ်သံမှာ တဖြည်းဖြည်းနီးကပ်လာပါပြီ၊ အလွန်ဆုံး ပေတစ်ရာလောက်သို့ ရောက်နေပြီ၊ တောဝက်အုပ်ထဲတွင် ဝက်ကြီးတွေပါသောကြောင့် အကောင်ကြီးတွေမှာ အကာအကွယ်မဲ့သွားသည့်အခါတိုင်း အမြဲ အခြေအနေကြည့်တတ်သည်။ ယခုလည်း တောဝက်တွေ ငြိမ်သွားပြန်ပြီ။

"ကိုကျော်မြ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ထင်တာက ဆတ်ထွက်မယ်ပေါ့ဗျာ၊ ခုတော့ တောဝက်သံတွေဗျ"

"ဟုတ်ပ"

"ရော် ... တောပဲ ကိုမိုးကျော်၊ ထွက်ချင်ရာ ထွက်မှာပအေး"

"ဟုတ်လေဗျာ၊ ကြားတော့ ချေဟောက်သံနဲ့မျောက်တွေ ပြေးလွှားသံ အော်ဟစ်သံဗျ၊ ခုတော့ တောဝက်သံဖြစ်ပြန်ပြီ"

"အင်း... ခက်တာပအေး၊ အသံတွေ ကြားရတာတော့ တောဝက်အုပ်ပဲ"

"ရော်... တိတ်သွားပြန်ပြီ"

"ဟိုမှာလေ.... ကွက်လပ်၊ သူတို့ကွက်လပ်ဖြတ်ရမှာဆိုတော့ အသံတိတ်ပြီး အခြေအနေစောင့်ကြည့်ပြီပေါ့"

"ဟုတ်တာပ၊ တောဝက်က တော်တော်သတိကြီးတာပ"

"ဘယ်ကမလဲ၊ အနံ့ခံလည်းကောင်းတာပ၊ အပြေးလည်း လျင်မှလျင်ပအေး"

"အင်း ... လုံးဝကို တိတ်နေကြပြန်ပြီဗျ"

မိုးကျော်အောင်မကျေနပ်ပါ၊ သို့သော် တောဝက်အုပ်အနားရောက်နေပါပြီ၊ ထင်တာက ဆတ်၊ ထွက်လာနေတာက တောဝက်တွေ။ အကောင်မတွေ့ရသေးသော်လည်း အသံတွေကြောင့် ကောင်းစွာသိလိုက်ပါပြီ။

"ရော် ... ထွက်မှာဖြင့် ထွက်တာပအေး"

"ဟုတ်ပ၊ စိတ်မရှည်စရာပ"

"ထွက်မှာပါ စောင့်ရမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါ၏၊ တိတ်ဆိတ်မှုသည် တောကောင်ပီပီသသ တိတ်ဆိတ်၊ ငြိမ်နေ၏၊ တောကောင်ကြီးတွေ အခြေအနေကြည့်ရင်း တိတ်ဆိတ်သကဲ့သို့ သားပေါက်ဝက်ကလေးတွေပါ လုံးဝ တိတ်ဆိတ်နေခြင်းသည် အံ့ဩစရာအကောင်းဆုံး၊ သို့သော် သူတို့၏ သဘောသဘာဝကို သိထားရသော ကျွန်တော်တို့မုဆိုးအဖို့ လောကြီး၍မရ၊ စောင့်ရမည့်တာဝန်၊ ပစ်ရမည့်အနေအထား၊ မိမိ၏သတ်ကွင်းစသည့် ကြိုတင်ပြင်ဆင်မှု၊ ဂွင်ထဲမရောက်မချင်းဝင် သည်းခံစောင့်မည်၊ ဒါမှလည်း မုဆိုးပီသပြီး ပစ်ခတ်လိုသည့် သားကောင်ရရှိမည်သာ။

"ဆရာကျော်"

"အေး ..."

"တောဝက်အသံဗျ"

"ဖောက်... ဖောက်... ဖောက်... ဖောက်"

"ဝူး... ဖောက်... ဖောက်"

"အု... အု... ဝူး... အု"

"ဝူး ...ဝူး ... ဝူး ... ဝူး"

"အီ ... အီ ... အီ... အု"

"ရော်... တောဝက်တွေ အုပ်လိုက်ပေါ်လာပြီထင်တာပ"

"ဟုတ်တယ်၊ သေချာပြီ၊ ညက မထွက်တော့ အစာရှာဖို့ အလုအယက်ထွက်ကြတာဖြစ်မယ် ကိုကြီးဆင်ပေါက်ရဲ့"

"ရော်.... ဟုတ်မှာပအေး၊ အစာသာနေကြမှာပ"

ကျွန်တော်တို့သုံးယောက် နေရာယူထားသည်မှာ မအူပင်ကြီးတစ်ပင်နှင့် သူ့ဘေးတွင် လဲနေသော မအူပင်အပိုင်းတစ်ပိုင်း၊ လဲထား



www.burmeseclassic.com

www.burmeseclassic.com



သည့် မအူပင်ငုတ်တစ်ငုတ်၊ ကိုကြီးဆင်ပေါက်အား မအူပင်ကြီးဘေးတွင် နေရာယူစေပြီး ကျွန်တော်သည် ညာဘက်လဲနေသည့်မအူပင် အပိုင်းတစ်ပိုင်း၊ ထိုအပိုင်းမှာ တော်တော်လေးတော့ ဆွေးနေပုံရ၏။ သို့သော် လုံးဝ သစ်ဆွေးတုံးကြီးတော့ မဟုတ်သေး၊ လူနှစ်ယောက်နီးနီး ကြီးသေးသည်။

တင်မြတ်သည် ကိုကြီးဆင်ပေါက်၏ဝဲဘက်မှ ငုတ်တစ်ငုတ်ဘေးတွင် နေရာယူထားသည်၊ ကျွန်တော်၏နေရာထက် တင်မြတ်၏နေရာက ပိုကောင်းပါသည်၊ တောဝက်ထွက်မည့်လမ်းနှင့် ပေလေးဆယ်ခန့်လောက်သာကွာသည့်အတွက် ကျွန်တော်တို့ စိတ်ကြိုက်နေရာဆိုပါက ပိုမှန်ကန်မည်၊ ပစ်ကွင်းကောင်းကောင်းနေရာရွေးမှန်ပါသော်လည်း တောဝက်လာမည့်လမ်းနှင့် သိပ်မမြင့်လှ၊ တစ်ပြေးညီထက်တော့ သာ၏၊ တောဝက်ပစ်ရန်နေရာရွေးကတည်းက ကျွန်တော်သည် ရှေ့တည့်တည့် တောဝက်ထွက်ပါက ကောင်းကောင်း ရှင်းရှင်းလင်းလင်းပစ်ခတ်နိုင်ပြီး တောဝက်လမ်းကြောင်းအောက်မှာတော့ အင်းအစပ်၊ ရေနှင့်စပ်စပ် နွံတွေရှိပြီး ထိုနွံအားကျော်လိုက်သည်နှင့် အင်းရေပြင်ကြောင့် မြင်ကွင်း အလွန်ကောင်း၏၊ သို့အတွက် ကျွန်တော်ရွေးလိုက်သည်နှင့်နေရာ အကောင်းဆုံး။

တစ်ဖန် တောဝက်တွေ ကျွန်တော်တို့ဘက် ဖြတ်ကျော်မည့် နေရာသည် မြူခွယ်တွေမရှိဘဲ ကြားပြတ်နေသောကြောင့် တောဝက်တွေအား ကောင်းစွာ မြင်တွေ့ရပေမည်။ အကွာအဝေးမှာ တောဝက်တွေ ဖြတ်ရမည့် ကွက်လပ်မှာ ပေအစိတ် သုံးဆယ်မျှတော့ ရှိမည်၊ ထိုပေအစိတ် ကွက်လပ်ဝယ် အနည်းဆုံး တောဝက်လေးငါးဆယ်ကောင် ဖြတ်ကြမည်သာ ဖြစ်ပါ၏။

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် မြင်ကွင်း ပစ်ကွင်းကောင်းပြီး အကွာအဝေးမှာလည်း စိတ်ကြိုက်ပစ်ခတ်နိုင်သော သတ်ကွင်းတစ်ခုပဲရှိသည်၊ ကျွန်တော်တို့ အတွက် အန္တရာယ်တံပြန်ဝင်လာနိုင်၏၊ သို့အတွက် တောဝက်ပစ်ရန် ကျွန်တော်တို့နှစ်ယောက် တာဝန်ယူလိုက်ခြင်းပင်၊ တင်မြတ်၏ လျှပ်တ ပြက်ပစ်ခတ်မှုအား တောဝက်မှ အန္တရာယ်ပြုခဲ့ပါလျှင် ကျွန်တော်မှ ပစ်ကူပေးရန်အတွက်လည်း ကြိုတင်ပြင်ဆင်ပြီးမှ ရွေးချယ်ခဲ့၏၊ နောက်တစ်ခု၊ သစ်ငုတ်တွေနှင့် လဲနေသော သစ်ပင်ကြီးအပြင် ကိုကြီး ဆင်ပေါက်၏အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် သူ့ရှေ့တည့်တည့် ဝယ် မအူပင်ကြီးမှာ ထီးထီးမားမား လူနှစ်ယောက်ခန့် နှစ်ချို့မအူပင်ကြီး၊ မအူပင်ကြီး၏ အကိုင်းတွေမှာ အမြင့်အားဖြင့် အလွန်ဆုံးမြင့်ပါက ဆယ်ပေမျှရှိသော နေရာဝယ် အကိုင်းတွေလည်း ရှိ၏။

"ဖောက်... ဖောက်"

"ရှူး ..."

"ဝူး ... ဝူး ... ရှူး"

"အိ ... .အိ ... အိ"

"ဖောက်... ဖောက်. . .ဖောက်"

"အိ"

"အိ... အိ ...အိ"

တောဝက်ထီးကြီးအသံနှင့်အတူ တောဝက်မကြီး၏ ဝမ်းတွင်း လှိုက်သံပါသော ဝူး ဝူးဆိုသောအသံမှာ သူ့သားငယ်တွေအား ခေါ်နေ သံများဟု ထင်ရဘိသကဲ့သို့ တောဝက်ကလေးတွေ၏ တအီအီအသံ လည်းကြားရ၏။ အကြောင်းမှာ ဝက်ပေါက်ကလေးတွေ နို့ဆာနေ၍ တောဝက်မကြီးထံ နို့တောင်းနေသံများ ဖြစ်နိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"တောဝက်မကြီးကို နှိုတောင်းနေတာပဲ"

"ဟုတ်တယ် ထင်တာပ၊ ကလေးတွေ ဆာနေပုံရတယ်၊ ဆရာကြီးတို့ပ"

"ပြောပါ ကိုကြီးဆင်ပေါက်"

"ရော် . . ကျွန်တော်ဆရာ လုပ်တာမဟုတ်ပ၊ စိတ်မရှိပါနဲ့ပအေး"

"ပြောပါကိုကြီးဆင်ပေါက်"

"ရော်... တောဝက်ကလေးတွေဆို မပစ်ပါနဲ့ပ၊ နောက်ပြီး..."

"ပြောပါ ဆက်ပြောပါ"

"ရော် ... ဝက်မကြီးဆိုလည်း ခွင့်လွှတ်ပေးတာပ"

"သိပ်ကောင်းတဲ့ အကြံပဲဗျ"

"ဟုတ်တယ် ကိုကြီးရ၊ ကျွန်တော်တို့ကို ဆဲရာကျော်က ပြောထားမှာထားတာက တောဝက်မကြီးတွေ၊ ကလေးတွေနဲ့ တွေ့ရင် မပစ်ရသလို စီးရှိတဲ့တောဝက်၊ ချေ၊ ဒရယ် ကလေးအမေတွေဆိုရင် လုံးဝမပစ်ရဘူးလို့ မှာထားပါတယ်၊ ကျွန်တော်တို့ အမြဲရှောင်တာပေါ့"

"ဝမ်းသာတာပအေး"

"ကျွန်တော်တို့က သားကောင်တွေသတ်ပြီး ရောင်းစားတဲ့ မုဆိုးမဟုတ်တော့ တွေ့တိုင်းမပစ်ပါဘူး၊ ရှောင်သင့်တာတွေ အားလုံး ရှောင်တာပေါ့ဗျာ"

"ဟုတ် ... ဟုတ်"

"ရှူး..."

"အေး ..."



www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်၏ ရှုးဟူသောအဲသံအဆုံး ချုံအစပ်မှ တောဝက်ကလေးတွေ ပြေးထွက်လာပါပြီ၊ တောဝက်ကလေးတွေမှာ သိပ်တော့ မငယ်တော့ပါ၊ နို့မစွဲတစ္စဲအရွယ်တွေမို့ အစားအသောက် အလုအယက် စားကြသည့် အကောင်ပေါက်တွေ။

"တစ်ကောင်"

"နှစ်ကောင်"

"ရော်...လေးငါး"

"တောဝက်မကြီးပအေး"

"တိုးတိုးပါဗျ"

"ရော် ... မေ့သွားတာပ"

တောဝက်ကလေးတွေသည် သူတို့၏ဘေးဝယ် အမွှေးအဝါပျောက်လိုလိုအစင်းလိုလို အရောင်အသွေးပင် ပျောက်လုဖြစ်နေခြင်းအား ကြည့်လိုက်ပါက အကောင်ကြီးထဲရောက်တော့မယ်၊ တောဝက်ကလေးတွေ ပေါက်စအရွယ်တွင် ဘေးနှစ်ဖက်ရှေ့မှ နောက်သို့ အစက်အပြောက်ကလေးတွေမှာ အစင်းတန်းပမာ မဆက်တဆက်ဖြောင့်ဖြောင့်အစင်း ပုံသဏ္ဌာန်အနက်မှအဝါ၊ အဝါဆိုသော်လည်း အဝါနုဖြစ်၍ အဖြူဘက်များနေကြသည်။ ဆယ်ကောင်ပေါက် ဆယ်ကောင်လုံး တစ်မွှေး တစ်ရောင် တစ်ဆင်တည်းပင်။

တောတိရစ္ဆာန်တွေမှာ များသောအားဖြင့် တစ်မွှေးတစ်ရောင် တစ်ပုံစံတည်းသာဖြစ်၏။ အိမ်မွေး ခွေး၊ ဝက်၊ ကြက်တွေလို အရောင်အသွေးမစုံပါ၊ ဤသည်မှာ တောကောင်တို့၏ ပင်ကိုယ်အရောင်အသွေး အရောင်အဆင်း မပြောင်းလဲခြင်းကြောင့် ဗီဇအမှန် မျိုးစိတ်မှိုပင်။



www.burmeseclassic.com

www.burmeseclassic.com



တောဝက်မကြီးမှာ အလယ်မှ ပါလာပြီး ဓောင်းမွှေးတွေလည်း ထောင်ရင်း မှန်မှန်လေးပြေးပါလိုက်သွား၏၊ သူ့နောက်နှင့်ဘေးမှ တောဝက်ငယ်လေးတွေမှာ မိခင်ဝက်မကြီးထံသို့ နို့တောင်းနေပါသည်၊ ဝက်မကြီးမှာ နို့မတိုက်၊ အစာရှာရန်အတွက်သာ စိတ်စောနေပြီး သူတို့စားနေကြ စားကျက်ရှိရာ ငှက်ပျောတောနှင့်အတူ ကင်မလင်းပင်တွေနှင့်အတူ ပိန်းရိုင်းပင်တောဘက်သို့ ပြေးသွားနေကြပါပြီ။

"ဆရာကျော်"

"အေး ..."

"ထွက်တော့မယ်"

"အသင့်ပြင်ထားနော်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ပစ်မယ်နော်"

"အေး ... အကောင်ကြီးကြီး အထီးပဲရွေးပစ်"

"စိတ်ချ ဆရာကျော်"

"ဆရာကျော်"

"ပြော ..."

"ဆရာကျော်ကော မပစ်ဘူးလား"

"အခြေအနေကြည့်ပစ်မယ်"

"အခြေအနေပေးရင် ပစ်မယ်လေ၊ မင်းရဲ့ပစ်ခတ်မှုအပေါ် မူတည်ပြီး ပစ်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ မင်းသိပါတယ်၊ မီးခိုးလျှောက်လေ"

"ရှူး ..."

"အေး ... သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အထီးပဲ"

"ဟော ... အမကြီး စီးနဲ့ထင်တယ် ဟော..."

မှန်ပါသည်၊ စီးရှိနေသော ဝက်မကြီးမှာ တော်တော်ကြီး၏၊ သူနှင့် ကပ်ပါလာသော ဝက်ထီးကလေးမှာ ဝက်ပေါက်အကောင်ခပ် သေးသေး၊ နောက်ထပ်ပေါ်လာကြသည့် ဝက်ငယ်တွေမှာ အလယ်အ လတ်အရွယ်တွေ၊ သိပ်အကောင်ကြီးကြီးတွေ မဟုတ်သေး၊ တစ်ဆယ် ထက်လောက်အကောင် အသက်အကြီးဆုံးပင် ခြောက်ကောင် ခုနစ် ကောင်တော့ ထွက်ခဲ့ပြီး ပြန်ရပ်သွားပြန်သည်။

"ရပ်သွားပြန်ပြီ"

"ရှိသေးတယ် တင်မြ၊ ထွက်မှာပဲကွ"

"ဟော... ထွက်ပြီ"

မှန်ပါသည်၊ တောဝက်မကြီးတစ်ကောင်သည် ဝက်ပေါက် ကလေးတစ်အုပ်၊ ဝက်မကြီးမှာ တော်တော်အသက်ကြီးပါပြီ၊ အစွယ် ကြီးပင် ဖွေးနေပါ၏၊ သူ့နောက်မှ ဝက်ငယ်နှစ်ကောင်၊ ထိုဝက်ကလေး တွေနောက်မှာတော့ အစွယ်ပြူးပြူး အပေါ်စွယ် အောက်စွယ်တွေ ဖွေး ပြီးကွေးနေသော တောဝက်ထီးကြီး၊ အကောင်မဲမဲကြီး၊ လယ်ဂုတ်မှ တ်မွေးတွေ ထိုးထိုးထောင်ထောင်မှာ ပုပ်သင်ညိုဆို ဇောင်းမွေးခေါ် တောင်ထားဘိအလား၊ ထို့အပြင်အစွယ်ဖွေးဖွေးတွေနှင့် ထပ်တူထပ်မျှ မြုပ်တွေလည်း စီးကျနေသည်။

"တင်မြတ် အဲဒီအကောင်ကြီး ပစ်မယ်"

"ဆရာကျော်"

"နောက်မှာ ... နောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး..."

ပထမထွက်သော တောဝက်ထီးမဲမဲကြီးနောက်မှာ တောဝက်သုံးကောင်၊ သူတို့နောက်မှာ တောဝက်ထီးကြီးတစ်ကောင်၊ ထိုတောဝက်ထီးကြီးနှင့်ပထမအကောင်ကြီးတို့မှာ တစ်ရှယ်ထဲ၊ တစ်ဆိုဒ်တည်း၊ အလွန်ကြီးမားနေသည်ကို တွေ့ရသည့်အတွက် တင်မြတ်လည်း ပထမအကောင်ကို ချိန်လိုက်သလို ကျွန်တော်လည်း လောဘကြီးပြီး နောက်အကောင်ကိုချိန်လိုက်စဉ်မှာပင် တောဝက်ကြီး ရှေ့ဆုံးအထီးကြီး၏ မျက်လုံးများသည် တင်မြတ်ဘက်သို့ မဟုတ်သော်လည်း ကျွန်တော်တို့ဘက်သို့ စောင်းငဲ့အကြည့်...

"ပစ် ..."

"ဒိုင်း"

"ဒိုင်း"

"ဝုန်း ..."

"ဖောက်... ဖောက်... ရှူး"

"ဝုန်း ..."

"ဝေါ ..."

"တုတ်... ဝုန်း"

"တင်မြတ် ပစ်... ပစ်"

"ဒိုင်း... ဒိုင်း... ဒိုင်း"

"အား ..."

"ဝုန်း... ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝူး... ဝူး...ဝူး"

"ဝုန်း... ဘုံး... ဝူး"

"ဝုန်း... ဝုန်း..."

အဖြစ်သည်... မှန်းဆသည်ထက် ပိုမိုလျင်မြန်ပြီး ကြောက်မက်ဖွယ်ရာ ကြုံရပါပြီ၊ မထင်မှတ်ခြင်းတော့ မဟုတ်ပါ၊ ထင်မှတ်ထားသော်လည်း ဤကဲ့သို့ ဖြစ်လာမည်ဟု ကျွန်တော်မထင်သည်ကအမှန်၊ ဤမျှမြန်ဆန်မည်ဟု ကျွန်တော်တော တင်မြတ်ပါ အတွေ့အကြုံတွေ ရှိခဲ့ပြီး တွေ့ခဲ့ ကြုံခဲ့ပြီးပါသော်လည်း ဤသို့ဖြစ်လာမည်မထင်ခဲ့။

နောက်တစ်ခု ကျွန်တော်၏လောဘစိတ်လည်း ဝါသွားသည်။ တင်မြတ်တစ်ကောင်၊ ကျွန်တော်တစ်ကောင်ဆိုသည့်လောဘကြောင့် ပစ်ခတ်မိလိုက်သည်တွင် ဤကဲ့သို့ဖြစ်ရပါပြီ။ တင်မြတ်နှင့်ကျွန်တော်တို့နှစ်ယောက် ပြိုင်တူအပစ်ဝယ် ဤကဲ့သို့ဖြစ်ရပါပြီ။

နှစ်ယောက်နှစ်ကောင်၊ တစ်ကောင်တစ်ချက်စီ ပစ်ခတ်ခိုက်မှာပင် တင်မြတ်ပစ်သည့် အကောင်ထီးကြီးနှင့် ကျွန်တော်ပစ်သော အထီးကြီးနှစ်ကောင်၏ ယမ်းခိုးတွေအားမြင်ပြီး မီးခိုးလျှောက်လျင်မြန်စွာဖြင့် အရှိန်မြင့်ပြီး တောဝက်ကြီးနှစ်ကောင်ပြေးလွှားလာပုံသည် လျှပ်တပြက်အတွင်း မတိမ်းသာမရှောင်သာ ကျည်ဆံ၏အသံပင် မဆုံးသေးနှစ်ကောင်စလုံး ရောက်လာပါ၏။

မီးခိုးတစ်လျှောက်ပြေးဝင်လာသော တောဝက်ကြီးနှစ်ကောင်အား ကျွန်တော်ပု ထပ်ပစ်ရန် ပြောပြောဆိုဆို ကျွန်တော်မှ နှစ်ချက်၊ တင်မြတ်မှ လျှပ်တပြက်ပစ်ခတ်မှု သုံးချက်၊ ကျည်ဆံတွေမှာ တောဝက်ကြီးတွေအား ထိမှန်ပါသော်လည်း တင်မြတ်ဘက်မှ တောဝက်ထီးကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် မှန်ထားသည့်ဒဏ်ရာ နာကျင်မှုနှင့်အတူ အရှိန်မြှင့်ပြေးပြီး အစွယ်ဖွေးဖွေးဖြင့် တင်မြတ်အား ခုန်ထိုးလိုက်ပါသည်။

တင်မြတ်သည်လည်း တောဝက်ကြီး သူ့ထံပြေးလာကတည်းက အသင့်ဖြစ်ပြီးသွားသည်။ သို့သော်လည်း မီးခိုးလျှောက်သည့် ပြောင်းဝမှ အခိုးကလေးတွေ၊ သဘောမှာ ယမ်းခိုး မပျယ်ခင်မှာပင် ဝင်ရောက်လာသည့်အတွက် တင်မြတ်အားသို့ လှိမ့်အချ၊ တောဝက်ကြီးမှလည်း အစွယ်တဖွေးဖွေးဖြင့် ပြေးခုန်ပက်လိုက်ခြင်းပင်။

သို့သော် တောဝက်ကြီးမှာ ပထမမှန်ထားသော ကျည်ဆံဖြင့်ပင် သေနိုင်ပါသော်လည်း သူ၏မိတ်ထဲဝယ် လူ့အားရန်မူမည်ဆိုသည့် ဆုံးဖြတ်ချက်အတိုင်း ပြေးခုန်ပက်ပါ၏၊ သို့သော် နောက်ထပ်ကျည်ဆံနှစ်တောင့်မှာ တစ်တောင့်သည် ယာဘက်တစ်ခြမ်းတိုးဝင်သကဲ့သို့ ဒုတိယအချက်သည် ရှေ့ဘက်ဝဲလက်ကို ပိုင်းပိုင်းကျိုးစေသည့်အတွက် တင်မြတ်ထံတော့ မရောက်၊ သစ်ငုတ်ကြီးနှင့်ပြေးဝင်ဆောင့်ပြီး လဲကျရင်း လိမ့်သွားစဉ်...

"ဝုန်း... ဘုန်း"

ဟူသော အသံကြီးနှင့် ထပ်တူထပ်မျှ တရှူးရှူးနှာမှုတ်သံမှအစ လုံးဝ မထနိုင်တော့ပါ၊ တင်မြတ်၏တိုက်ကွက်လုပ်ဆောင်မှု မှန်ကန်ပါသော်လည်း ကျွန်တော့်ဘက်မှ တောဝက်ထီးကြီးသည် ကျွန်တော်၏ သေနတ်ပြောင်းမီးခိုးအတိုင်း ပြေးဝင်စဉ် နောက်ထပ်နှစ်ချက်ဆင့် မှန်သွားသည့် လည်ဂုတ်ဘေးနှင့် နောက်ခြေထောက်တို့ကြောင့် ပြေးလာသောအရှိန်ကို တုံ့ဆိုင်းသွားစေပါသော်လည်း ကိုကြီးဆင်ပေါက်၏ လန့်အော်သံ "အား" ဟူသော အသံကြောင့် တောဝက်ကြီးငြိမ်သွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းသူ့ဘက်သို့အနည်းငယ်တိမ်းသွားသည်တွင်၊ ကိုကြီးဆင်ပေါက်မှာ ကြောက်ရွံ့ထိတ်လန့်ပြီး သစ်ပင်ကြီးရှိပါလျက် လန့်ပြီးထခုန်လိုက်ရင်း မအူပင်ကြီး၏ ပင်ခြေမှ ထခုန်ရင်း ဆယ်ပေခန့်မြင့်သောမအူပင်အကိုင်းပေါ် တွဲခိုလိုက်သည်။

ကိုကြီးဆင်ပေါက်၏အသံကြီးမှာ ကြောက်လန့်မှုတွေရောနှောပြီးနောက် အရှိန်မြင့်မြင့် ခုန်လိုက်မှုတွေရောနှောပြီး တောကြီးထဲဟိန်းသွားပါ၏၊ ကျွန်တော်တို့နှစ်ယောက် အော်ဟစ်သံတွေနှင့် ရောနှောနေသော တောဝက်တွေ အော်ဟစ်ပြေးလွှားသံတွေ ကျွန်တော်တို့ နှစ်ယောက်ပစ်ခတ်မှုမှ ထွက်ပေါ်လာသော ယမ်းပေါက်ကွဲသံတွေရောထွေးပြီး တောကြီးတစ်ခုလုံး ပွဲတင်ဟိန်းလျက် တော်လဲသံကြီးများပမာဆူညံ၍ ကမ္ဘာပျက်ပြီလားဟု ထင်ရပါ၏။

ကျွန်တော် ကိုကြီးဆင်ပေါက် ထခုန်ပြီး အော်လိုက်သံ နောက်သစ်ကိုင်းကြီးခိုထားပုံတွေ တွေ့ရသလို ကျွန်တော်လည်း တစ်ပတ်လှိမ့်ပြီး သစ်တုံးဘေးတွင် ဒူးထောက်နေ၏၊ ကျွန်တော်ဒူးထောက်သည်မှာမှဆိုးဒူးထောက်အနေအထား၊ ကျွန်တော်၏စိတ်ထဲ မသိုးမသန့်ဖြစ်သွားသည့်အတွက် နားဂင်းပိတ်ခတ်နည်းအား နောက်ဆုံးအသုံးပြုရန်အတွက် စအိုအား ဖနောင့်ဖြင့် ပိတ်ထားသကဲ့သို့ ကျွန်တော် တင်မြတ်အား လှမ်းကြည့်လိုက်သည်တွင် မုဆိုးဒူးထောက်အနေအထားဖြစ်၍ကျွန်တော်စိတ်ပူပန်မှု သက်သာခိုက်မှာပင်၊ ကျွန်တော်နှင့်ကိုကြီးဆင်ပေါက်အား တိုက်ခိုက်သည့်တောဝက်ကြီးသည် ကျွန်တော့်ရှေ့ရှိသစ်တုံးသို့ မထိဘဲ ကိုကြီးဆင်ပေါက်၏ အကာအကွယ်ယူထားသည့်မအူပင်ကြီးအား ထိပြီးလန်လဲကျသွားစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"ရော်... အား ... အား"

"ဘုန်း... ဝုန်း... အား"

"ဝူး..."

"ဟာ..."

ကိုကြီးဆင်ပေါက် ခိုထားသည့်အကိုင်းကျိုးအကျ၊ တောဝက်ကြီးမှာလည်း အပင်ကြီးနှင့်ဝင်ဆောင့်ပြီး လန်လဲကျသွားရာ တောဝက်ကြီး၏ တင်ပါးပေါ်တည့်တည့်ကျသွားသည်တွင် တောဝက်ကြီးလဲနေရာမှ ရှိသမျှစွမ်းအားနောက်ဆုံးသုံးလျက် အစွယ်ဖြင့်ပက်လိုက်ပါ၏။ တောဝက်ကြီးအရှိန်ဖြင့် ပက်လိုက်သည်နှင့် ထပ်တူထပ်မျှ ကိုကြီးဆင်ပေါက်သည်လည်း ဘေးသို့မှောက်လျက်သား ကျသွားပါပြီ။

"အား ... နာ... နာတာပ"

"ဟာ... တင်မြတ်... တင်... တင်မြတ်"

"အို... ကိုကြီးဆင်ပေါက် ထိသွားပြီ"

"တောဝက်လည်း မထနိုင်တော့ဘူး"

"ကိုကြီးဆင်ပေါက်... ကိုကြီးဆင်ပေါက်"

"ဆရာကျော် ခေါ်လို့မရဘူး"

ကျွန်တော်နှင့် တင်မြတ်တွေ့လိုက်ရသည့် ဖြစ်ရပ်ဆန်းတွေကြောင့် ကျွန်တော်တို့ တုန်လှုပ်သွားရပါပြီ၊ ကြည့်မကောင်း ရှုမကောင်းသောဖြစ်ရပ်ကြီး၊ ကျွန်တော် အလွန်ထိတ်လန့်အံ့သြစေသော မြင်ကွင်းအား မကြည့်ရက်၊ မမြင်ရက်စရာဖြစ်နေပါပြီ၊ ကျွန်တော်ဒုက္ခလှလှကြီး တွေ့စေပါပြီ။

++++++++++++++++++++++++++++++++++++++

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆင်ပေါက်မှာ ခေါ်မရတော့၊ တင်ပါးနှင့် နောက်ကျော တို့တွင် သွေးချင်းချင်းနီရဲလျက် အသက်လည်း ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေပါပြီ။ တင်မြတ်သည် ကိုကြီးဆင်ပေါက်အား နောက်ဘက်မှ ပွေ့ဖက်ရင်း ကိုကြီးဆင်ပေါက်အား ခေါ်ပါသော်လည်း မရတော့ပါ။

"ဆရာကျော် ဘယ်လိုလုပ်မလဲ"

"အေး ...မိုးကျော်တို့ခေါ်မှ ဖြစ်မယ်ထင်တယ်ကွ"

"ကိုကြီးဆင်ပေါက်... ကိုကြီးဆင်ပေါက်"

ကျွန်တော် မကြည့်ချင်တော့ပါ၊ သွေးတွေမှာ ကိုဆင်ပေါက်ကြီး ၏ နောက်ကျောပြင်တစ်ခုလုံး၊ တင်ပါးမှ ပေါင်ရင်းအထိ ချင်းချင်းရဲနေ သည်၊ ရွံရှာစိုနေပါသည်၊ သို့သော်လည်း ကျွန်တော်မှာ ဤအဖွဲ့၏တာ ဝန်အရှိဆုံးလူဖြစ်နေပါသည်၊ သို့အတွက် ဖြစ်ပေါ်လာသမျှ တာဝန်ယူရ မည်မှာ ကျွန်တော်၏တာဝန်တွေပင်ဖြစ်ပါသည်၊ သို့အတွက် ကျွန်တော် ကိုကြီးဆင်ပေါက်ဘေးသို့ ဒူးထောက်ထိုင်ရင်း တင်မြတ်၏ ဖက်ထား မှု၊ လှုပ်ခါနေမှုတို့အကြားမှပင် ကိုဆင်ပေါက်ကြီး၏ အောက်ပိုင်းအား မရဲတရဲကြည့်လိုက်မိပါသည်။

ကျွန်တော် သေသေချာချာကိုကြည့်၏၊ ကြည့်ရင်း ကြည့်ရင်း စိတ်ထဲဝယ် တစ်မျိုးကြီးဖြစ်လာပါသည်၊ မသင်္ကာသော ကျွန်တော့စိတ် ကျွန်တော့်အကြည့်တွေနှင့်ထပ်တူထပ်မျှ ကျွန်တော်၏ သံသယစိတ်၏ လှုပ်ခတ်မှုကြောင့် ကျွန်တော်သေနေပြီးသော တောဝက်ကြီးအား ထပ်မံ ကြည့်လိုက်၏၊ တောဝက်ကြီးမှာလည်း သွေး အလူးလူး ရှင်းရှင်းနီ ရဲနေသည်။

"တင်မြတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"ကိုကြီးဆင်ပေါက် သတိမေ့နေတာကွ"

"အင်း ... ဟုတ်တယ်၊ သတိမေ့နေတာပဲဖြစ်မယ်"

"ဆွဲလှန်ကွာ"

"ဗျာ..."

"ကဲ...ကဲ ကိုကြီးဆင်ပေါက်ကို ဆွဲလှန်လိုက်"

"ဟုတ်ကဲ့"

ကျွန်တော်ပါ အတင်းဆွဲလှန်လိုက်သည်တွင် ပက်လက်ကြီး ပါးစပ်ကြီးဟလျက် အသက်ရှူနေဆဲ၊ သို့အတွက် ကျွန်တော်သည် ရေဘူးဖြုတ်ပြီး ပါးစပ်ထဲသို့ အရက်ထည့်ရန် စဉ်းစားရင်းမှ တင်မြတ်အား-

"တင်မြတ် လှုပ်စမ်း ... လှုပ်စမ်း"

"ကိုကြီးဆင်ပေါက် ... ကိုကြီးဆင်ပေါက်"

တင်မြတ်အတင်းလှုပ်ခါရင်း ပါးစပ်ဟနေရာမှ အသံထွက်လာသော ငြီးငြူသောအသံထွက်လာသည်တွင် တင်မြတ်မှ ထပ်မံ၍ လှုပ်ခါရင်း မျက်လုံးများပွင့်လာသည်တွင် သတိရလာပြီဟူသော အသိတို့ကြောင့်...

"ကိုကြီးဆင်ပေါက်... ကိုကြီးဆင်ပေါက်... သတိရပြီးနော်"

"ရော်... ကိုကြီးဆင်ပေါက် အာမိငုံလိုက်... ငုံလိုက်ပါ"

"တင်မြတ်"

"ဗျာ"

"ကိုကြီးဆင်ပေါက် ဘာမှမဖြစ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ... သွေးတွေက"

"အဲဒါ ဝက်သွေးတွေဌ. ကိုကြီးဆင်ပေါက် သတိရပြီနော်"

"ရော်... ဟုတ်. . . ဟုတ်"

ကိုကြီးဆင်ပေါက်ထထိုင်လိုက်ပါ၏၊ သူ့ခြေရင်းတွင်သေနေသော တောဝက်ကြီးအား ကြည့်ရင်း ရွံ့တွန့်တွန့်ဖြစ်ကာ စူးစူးစိုက်စိုက် ကြည့်ရင်းမှ ပြန်လည်သတိရလာပါ၏၊ စောစောက အဖြစ်အပျက်တွေအား ပြန်တွေးရင်း...

"ရော်... တောဝက်ကြီး သေနေတာပ"

"ဟုတ်တယ် ကိုကြီးဆင်ပေါက်ရေ၊ ဒီတောဝက်ကြီးက သေနေပါပြီ၊ သေလုဆဲဆဲမှာ ကိုကြီးဆင်ပေါက်ဆွဲထားတဲ့ သစ်ကိုင်းကျိုးကျပြီး တောဝက်ကြီးနောက်ပိုင်းပေါ်အကျ တောဝက်ကြီးဟာလည်း ကိုကြီးဆင်ပေါက်နောက်ကျောတွေ ပေကုန်တာပဲဗျ"

"ဆရာကျော်၊ ဒါ...ဒါဆို...ကိုကြီးဆင်ပေါက်ဘာမှမဖြစ်ဘူးပေါ့"

"အေးလေ... မသကာ နောက်ပိုင်းလေး တင်ပါးတို့ ခါးတို့တော့ နာသွားမှာပေါ့၊ ကိုကြီးဆင်ပေါက် နာသွားတာက တောဝက်ကြီးနဲ့ဆောင့်မိတာပါဗျ"

"ရော်... ဟုတ်မှာပါပအေး၊ ကျုန်တော်ထ,ကြည့်မှာပ"

ပြောပြောဆိုဆို ကိုကြီးဆင်ပေါက်ထိုင်နေရာမှ အရက်ကလေးကလည်း ရင်ထဲဝင်သွားသည်မို့ ထလိုက်သည်၊ ခါးထဲမှာတော့ နာသွား၏၊ သို့သော် သူ၏ကိုယ်ပေါ်မှ စွဲထင်နေသော သွေးများသည် တောဝက်၏သွေးဟုသော အသိတွေကြောင့်လည်း စိတ်သက်သာရာရပြီး သူ့သွေးတွေအား လက်နှင့်သပ်ချရင်းမှ ရှက်သွားလေ၏

+++++++++++++++

မြသန်းတင့်

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးကျော်ကြီးရေ... ဘာသံမှကို မကြားရတော့ဘူး"

"အေးဗျာ... တောဝက်ကနေ တောကြွက်တွေဖြစ်ပြီး တွင်းထဲဝင်ပြေးသွားပြီလားပဲ"

"ရော်... ဟုတ်တယ် ဘယ်လိုလဲ၊ ပျောက်ခြင်းမလှ ပျောက်သွားတာပအေး"

"ဘယ်လိုလုပ်ကြမလဲ"

"ရော်... ဆက်စောင့်တာပ"

"ကိုမိုးကျော်ကြီး၊ ဆရာကြီးတို့ဘက်မှာလည်း ငြိမ်နေဆဲပဲ၊ ဘာသံမျှ မကြားရတာပ"

"အချိန်ပဲ စောင့်ရမှာပေါ့၊ စောတော့ စောပါသေးတယ်"

မိုးကျော်အောင်နှင့်အတူ ကိုကျင်ဖေ၊ ကိုကျော်မြတို့ သားကောင်မထွက်သည့်အတွက် စိတ်ထဲခိုးလိုးခုလုဖြစ်ရ၏၊ တောဝက်တွေ အသံကြားပြီးမှ မိုးကျော်အောင်ပြောသလို ကြွက်ဖြစ်ပြီး မြေလျှိုးသွားပြီလား၊ နောက်ထပ်လည်း ဘာကောင်မျှ ထွက်မလာတော့ သူနှင့်ဆရာကျော်မင်းတို့အဖွဲ့သည် တော်တော်လေး ဇေးပါ၏၊ သို့သော်လည်း ဆက်သွယ်၍မစက်ပါ၊ နှစ်ဖွဲ့စလုံးအသံမထွက်၊ ပစ်ခတ်မှု မရှိသည့်အတွက် မိုးကျော်အောင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ကဲ... ကိုကျော်မြနဲ့ကိုကျင်ဖေ၊ ကျွန်တော် ဘက်ဆုတ်တယ်ဗျာ"

"ရော်... ကောင်းတာပအေး"

"ကိုကျင်ဖေ ဘယ်လို သဘောရလဲ"

"အင်း ... ကောင်းတော့ကောင်းတယ်၊ ဒါပေမယ့် ဆော့ထွက်ရင် ဘယ်လိုလုပ်မလဲ၊ ပစ်ချင်တာက ဆတ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးထွက်ရင် မပစ်ဘူး၊ ဒရယ် ထွက်လည်း မပစ်ဘူး၊ ဆတ်ထွက်မှပစ်မယ်"

"ရော်... ဒါဆိုကောင်းတာပအေး"

"ဒီလိုလေ၊ သားကောင်ကို မြှူဆွယ်တဲ့သဘောပဲ၊ ကျွန်တော်တို့ ပစ်ကွင်းထဲကို သားကောင်လေးတွေ များများဝင်၊ အသံလေးတွေထွက်၊ ဒီတော့ ဘာရန်သူ၊ ဘာမုဆိုးမှ မတွေ့တော့ ဆတ်လည်းထွက်မှာပေါ့ဗျာ၊ ဒီတော့မှ စိတ်ကြိုက်ရွေးပစ်တဲ့သဘော မြှူတာပေါ့"

"ကောင်းတာပ၊ အေး ... ဆက်လုပ်... ဟဲ...ဟဲ...ဟဲ"

ကိုကျော်မြမှ ရှုတ်နောက်နောက်ပြောလိုက်သည့်အတွက် သုံးယောက်သား သဘောကျသွားပြီးနောက် မိုးကျော်အောင်သည် သို့အေးတွင်ရှိသော တောင်သပြေရွက်နုနုလေးတွေထဲမှာ စိတ်ကြိုက်ရွက်နှစ်ရွက်အား နောက်ကျောချင်းကပ်၏၊ ညီညီညာညာကပ်ပြီးနောက် သေနတ်အား ပုဆိုးနှင့်မီးကာ ထောင်ရင်း လက်နှစ်ဖက်မှ ထိုအောင်သပြေရွက်နုလေးနှစ်ရွက်၏ ထိပ်နှစ်ဖက်ဝယ် အသေအချာကိုက်၍ မှုတ်ပါပြီ။

ဤလုပ်ရပ်အား ဖက်မှုတ်သည်၊ ဖက်စုတ်သည်ဟုခေါ်၏၊ ထိုကဲ့သို့သော ဖက်မှုတ်၊ ဖက်စုတ်ခြင်းမှာ အန္တရာယ်လည်း အလွန်ကြီး၏၊ သတိလည်း ထားရသည်၊ ဖက်မှုတ်ဖက်စုတ်သည့်အခါ နားနှင့် မျက်စိလျှင်ရ၏၊ အမိက နားကိုလည်း စွင့်ထားရသည်သာ၊ အဘယ့်ကြောင့်ဆိုသော် အန္တရာယ်ကြီးမားသောကြောင့် အထူးဂရုပြု သတိထားရခြင်းပင်။

"ပီ...ပီ...ပီ"

"ပီ...ပီ...ပီ...ပီ"

"ပီ...ပီ...ပီ...ပီ"

---



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်အောင်မှာ ဖက်စုတ် ဖက်မှုတ်မှုတွင် အံ့ဩလောက်အောင် တော်၏၊ အနီးအနားရှိသော ချေ၊ ဒရယ်တွေ မထွက်ဘဲ မနေနိုင်၊ ထို့အပြင် ဆတ်လည်းထွက်သည့်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သော်လည်း ထိုအသံကို အခွင့်ကောင်းယူတတ်သော တောမုဆိုးကျားကြီးတွေ၏ စိတ်ကြိုက် တိုက်ကွက်တစ်ခု၊ ဘယ်လိုပဲဖြစ်ဖြစ် ထိုအသံကို ကြားရပါက အိပ်ပျော်နေသော တောမုဆိုးလန့်နိုးပြီး အသံကြွားရာအရပ်သည် သူ၏ သားကောင်တည်ရှိရာ ဖြစ်၏။

"ပီ...ပီ...ပီ...ပီ"

"ပီ...ပီ...ပီ...ပီ"

"ပီ...ပီ...ပီ...ပီ"

မိုးကျော်အောင်ခေတ္တရပ်ထားပြန်၏၊ ပတ်ဝန်းကျင်အား နားစွင့်နေသည်၊ မိုးကျော်အောင်ကဲ့သို့ ကိုကျော်မြနှင့် ကိုကျင်ဖေတို့သည်လည်း အတွေ့အကြုံရရှိပြီးသား မုဆိုးလည်းဖြစ်ပါ၏၊ အသံကြားလျှင်ပင် ခန့်မှန်းနိုင်သော နားယဉ်နေသူများမို့ အသံကိုနားစွင့်နေကြ၏။

သို့သော်လည်း ဘာကောင်မှမထွက်ပါ၊ ဘာသံမျှ မကြားရ၊ သို့အတွက် ခေတ္တရပ်နားရာနေရာမှ မိုးကျော်အောင် နောက်ထပ်ကြိုးစားရပြန်ပါပြီ၊ ဒီတစ်ခါ ပုံစံပြောင်းပြီး အသံထွက်လာ၏။

"ပီ...ပီ...ပီ...ပီ...ပီ"

"ပီ...ပီ...ပီ...ပီ...ပီ"

"ပီ...ပီ...ပီ...ပီ...ပီ"

သားကောင်ပေါက်ကလေး၏ ကြောက်ရွံ့ထိတ်လန့်အားငယ်ပြီး မိခင်နှင့် ကွဲ၍ အသံကုန်ဟစ်အော်နေသည့်အသံကို တစ်ချက်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ကျက် အဆက်မပြတ်ထွက်လာ၏၊ ငယ်သံပါအောင် ကြောက်ရွံ့စွာအော်
ဟန်မျိုး မိုးကျော်အောင် ဖန်တီးနိုင်ပါ၏၊ သို့သော်လည်း ဘာကောင်မှ
ထွက်မလာသည့်အတွက်...

"ရော်...ကိုမိုးကျော်ပ"

"ဗျာ..."

"ဒီတောမှာ သားကောင်မရှိဘူးထင်တယ်"

"ရော်... သားကောင်မပြောနဲ့၊ တောမုဆိုးတောင် မထွက်လာ
တာပအေး"

"ကျုန်တော်မကျေနပ်သေးဘူးဗျ၊ ထပ်အော်မယ်"

"အင်း ... ကောင်းတာပအေး၊ ကိုမိုးကျော်က အမှုတ်သန်တာပ၊
ဟား ... ဟား ... ဟား"

"ကျော်မြတော်တော်နောက်တာပ"

"ကိုမိုးကျော် စိတ်ဆိုးသလားပ"

"စိတ်ဆိုးတာပ၊ ဟား... ဟား...ဟား၊ ကျုန်တော်ကိုက မှုတ်
တဝါသနာဗျ၊ တင်မြတ်ဆို အမှုတ်နဲ့ပတ်သက်ပြီး သင်လို့မရဘူး
၊ ဟဲ... ဟဲ...ဟဲ"

မိုးကျော်အောင်သည် ပြောပြောဆိုဆို နောက်ထပ်အောင်သပြေ
နအရင့်အရွက်နှစ်ရွက်ခူးပြီး ပြောင်းပြန်မလှန်၊ အကြောမရှိသော မျက်
ာက်ချင်း ကတ်ပြီးသည်နှင့် နောက်ထပ် ထပ်မှုတ်နေပြန်ပါပြီ။

"ဗွီ"

"ပီ...ပီ...ပီ"

"ပီပီ ... ပီပီပီ"



www.burmeseclassic.com

www.burmeseclassic.com



"ဝိဝိ...ဝိဝိ...ဝိဝိဝိ"

အသံအမြန်မှုတ်မှုအားထက် ဆက်တိုက်မှုတ်လိုက်သည်တွင် သူတို့အံ့ညြလောက်သော ခြေသံမျိုး အကောင်မျိုးတော့မဟုတ်ပါ၊ သူတို့ လုံး၄ မကြားလိုသော မမြင်လိုသော အကောင်ကြီးတောမှဆိုးကျားကြီး ထွက်ပေါ်လာပါပြီ၊ တော်ပါသေး၏၊ ရှေ့တည့်တည့်မှ မဟုတ်ဘဲ အင်းဘက် သူတို့၏ ဝဲဘက်၊ အောက်ကျကျမှ ဦးခေါင်းကြီးအား ကိုင်းပင်တွေနှင့်သက်ငယ်တောကိုကျော်ပြီး ပေါ်လာသည်တွင် ပထမဆုံး မြင်တွေ့သူမှာ ကိုကျင်ဖေဖြစ်ပါသည်။

"ရော်...ဟိုသက်ငယ်တောမှာပအေး"

"ရော်...ကြီးတာပ"

"အင်း ... ခက်တော့ခက်ပြီဗျ"

"တောက်...ကြက်ဖမတွန် ကြက်မတွန်တာပ"

"ရပါတယ်ဗျာ"

"ရော်... ဆက်မှုတ်သင့်တာပ"

"ဟုတ်တယ်... ကိုမိုးကျော်ပ၊ မှုတ်လေ"

"ဝိ...ဝိ"

"ဝိ...ဝိ...ဝိ"

"ဝိ..."

တောမှဆိုးကိုရွှေကျားကြီး ဆက်လက်၍ ရှေ့တိုးလာပုံမှာ ကြည့်လို့ကောင်းလွန်းပါဘိ၊ သက်ငယ်ပင်တွေအကြားမှ တိုးလာပုံအား အပေါ်မှ ကြည့်ရခြင်းသည် အလွန်ကြည့်ကောင်းသည်ကို မြင်ရသော မိုးကျော်အောင်သည် ဓာတ်ပုံပင် ရိုက်ထားလိုက်သည်၊ ပေါင်းပင်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ညီတစ်ညာတည်း အမြင့်အနိမ့်ညီမျှသဖြင့် ဦးခေါင်းကြီး၏ နောက်ကျောနှင့် အပင်တွေ အရွက်တွေအကြားမှတိုးလာပုံသည် ရေထဲမှာ မသိ မသာကူးခတ်လာသည့် ရေငြိမ်နေသော ရေပြင်ဝယ်ရေလှိုင်းယက်ကလေးများ ဘေးနှစ်ဖက်လူးလွန့်သကဲ့သို့ ကြည့်လို့ကောင်းပါ၏။

"ရော်...မပစ်နဲ့ပ"

"ပစ်မယ် အသာနေ"

"ရော်...ကိုမိုးကျော်ဝ၊ တောမုဆိုးလေ၊ မုဆိုး မုဆိုး"

"ကိုကျင်ဖေ၊ တောမုဆိုးကြီးကို ကြည့်ထားနော်"

"ဟုတ်"

"ကျွန်တော် ပစ်မှာ၊ ဟိုမှာ... ဟိုမှာဗျ"

"ဟာ... အို...ကြီးလိုက်လေ"

"ရော်... အကောင်ကြီးပ"

မှန်ပါသည်၊ စိတ်ကြိုက်တွေ့ပါပြီ၊ ပစ်ရတော့မည်၊ မိုးကျော်အောင်၏သေနတ်ပြောင်းမှာ တောမုဆိုးကြီးကျားကြီးနှင့်ဆန့်ကျင်ဘက် မကျတကျ တောင်စောင်းနှင့် တောတန်းဆီသို့ တိရစ္ဆာန်တွေ၊ ချေအုပ်နှင့် တောဝက်မှအစ ဆတ်တွေသွားထားသည့် ၎တာင်စောင်းလမ်း၊ ယာဘက်မှ ကပ်ပြီး တစ်လှမ်းချင်းတိုးလာသော ဦးချိုကားကားဦးခေါင်းကို ထောင်ထားပုံမှာလည်း တောမုဆိုးကျားကြီးကဲ့သို့ပင် ကြည့်၍ကောင်းလွန်းသော၊ မသိလျှင် ရွှေသမင်ကြီးအလားပင် ငွားငွားစွင့်စွင့်တစ်လှမ်းချင်းလှမ်းနေပုံမှာ အသံကိုနားစွင့်ပြီး အကောင်ကိုရှာသော ဆတ်ထီးကြီး။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော မိုးကျော်အောင်သည် ရိုးရိုးမဟုတ်တော့၊ သူ၏ သေနတ်ပြောင်းအား ထိုဆတ်ကြီးဘက်သို့ တည့်မတ်စွာချိန်တွယ်ရင်း သစ်ငုတ်ပေါ်မေးတင်ထား၏၊ သူ၏ ခြေထောက်သည်လည်း အလို အလျောက်မှုဆိုးဒူးထောက်ချိန်၏၊ ထိုင်၍ပစ်ရန် အသင့်ဖြစ်ပါပြီ။

မိုးကျော်အောင်၏ မေးဖျားသည် သေနတ်ဒင်အား ချစ်စနိုးထိ တွေ့ထားသည်တော့မဟုတ်၊ နောက်ချိန်ပေါက်မှ ရှေ့ချိန်သီးအဝင်း အဝိုင်းထဲသို့ သားကောင်ဆတ်ကြီး၏လည်ပတ်ဆီသို့ တည့်မတ်စွာ ချိန်တွယ်နေ၏၊ တကယ်တော့ အကွာအဝေးကိုက်တစ်ရာခန့်သာ ဝေး သောမြင်ကွင်းကောင်းကောင်း ထင်ထင်ရှားရှား ပစ်ရမည်သာ၊ မိုးကျော် အောင်၏ စိတ်ကြိုက်ပစ်ကွင်းထဲသို့ ကျားကလည်း တိုးလာ၏၊ ဆတ် ကလည်း ဝင်လာနေပြီ၊ တောမုဆိုးကျားကို ခြောက်၍ ဆတ်ကိုပစ်ရ မည်။

လက်ထဲမှ သေနတ်သည် ယမ်းအားပြင်းသည့်အပြင် ကျည်ထိပ် ဖူးသည်လည်း ယမ်းတောင့်ထဲမှ ယမ်းအားပြင်းထန်မှုကြောင့် မီးရထား သံလမ်းကို ထိုးဖောက်နိုင်သော ယမ်းအားပြင်းသည့်အတွက် ဆတ် လောက်ကတော့ အပျော့ပင်၊ ဆတ်ကြီးမှာ ဦးခေါင်းမော့မြဲ၊ တိုးမြဲ၊ တောမုဆိုးကျားကြီးသည် သားကောင်အနံ့ရလေပြီလားမသိ၊ ရှေ့တိုး ရင်း အနံ့ခံရင်း ဦးခေါင်းကြီးသည် ဆတ်ဘက်သို့လှည့်ကာ ခေတ္တမျှ ရင်လိုက်၏။ ဆတ်ကြီးကား မရပ်၊ တောမုဆိုးကြီးလည်း သူမမြင် အနံ့ကောင်းစွာ မခံတတ်သောသတ္တဝါကြီး။ တောမုဆိုးကျားကြီးမှာ တော့ အနံ့ရသည်နှင့် မိုးကျော်အောင်၏ဖက်မှုတ်သံထက် ... ရသည့် ဆတ်ဘက်သို့ ဦးတည်ရင်း လမ်းကြောင်းအပြောင်း...



www.burmeseclassic.com

www.burmeseclassic.com



"ရော့... ဆတ်ကြီးဘက် တောမုဆိုးလှည့်နေတာပ"

"ကိုကျင်ဖေ"

"ဟုတ်"

"ခင်ဗျား လောက်လေးခွနဲ့ ကျားကိုပစ်ဗျာ"

"ကောင်းတာပ"

"ကျွန်တော် ပစ်တာနဲ့ ကိုကျင်ဖေက တောမုဆိုးကြီးကို ခြောက်ဗျာ"

"ဟုတ်ပ၊ ကျားခြောက်ပြီး ဆတ်ပစ်တာပေါ့"

"ကိုကျော်မြရေ၊ တိုင်ပင်ဆို၊ မြန်မြန်ဆိုဗျို့"

"တစ်... နှစ်...သုံး"

"ဒိုင်း ..."

"ဖောက်..."

"ဝုန်း ..."

"ဝေါင်း... ဝေါင်း... ဝုန်း"

တောမုဆိုးကျားကြီးအား ပစ်ခတ်မှုသည် ကျားကြီး၏ဘေးသို့ ထိမှန်သွားသကဲ့သို့ မိုးကျော်အောင်၏ ပစ်ခတ်မှုအတွက် ဆတ်ကြီးအားကောင်းစွာထိမှန်သွားရင်း ထခုန်လိုက်သည့်အသံအပြင် တောမုဆိုးကျားကြီးသည်လည်း လန့်သွားလောက်သော သေနတ်သံနှင့်ဘေးအား ထိမှန်မှုတွေကြောင့် ရှိသမျှအင်အားသုံးရင်း ထခုန်လိုက်ရင်း တောမုဆိုးကျားကြီး၏အရှိန်သည် ဆတ်ကြီးဘက် မရောက်တရောက်၊ ဆတ်ကြီးကလည်း လန့်သွားမှုအပြင် သူ၏လက်ပတ်မှတိုးဝင်ဖောက်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကြောက်ရွံ့ထိတ်လန့်မှုတွေနှင့် ဆတ်ကြီးဆီသို့ လဲကျရာမှ ကုန်းထပြီး ကိုင်းတောနှင့် သက်ငယ်ပင်တွေဘက်သို့ လှည့်ပြေးပါတော့သည်။

"ဒိုင်း ... ဒိုင်း"

"ဒိုင်း ... ဒိုင်း"

"ဒိုင်း ... ဒိုင်း... ဒိုင်း"

"ရော်... ဆရာကျော်တို့ ပစ်တာပ၊ အကောင်အားတာပအေး"

"မဟုတ်သေးဘူး၊ ဘာဖြစ်လို့လဲ၊ သေနတ်သံကြားတယ်"

"ဟုတ်တာပ"

"ရော်... ငြိမ်သွားပြီပအေး"

"ကိုမိုးကျော်ပ၊ ဆတ်ကြီးပြေးတာပအေး"

"ဟုတ်တယ်၊ ဆတ်နောက် ကျားကြီးလိုက်တယ်ဗျ"

"ကိုမိုးကျော်"

"ဗျာ"

"ဆတ်နဲ့ကျားပြေးတာ ဆရာကျော်တို့ဘက် ထင်တာပ"

"ဟုတ်တယ်ဗျ"

"ရော်... ဒါဆိုလိုက်လို့ မဖြစ်သေးတာပအေး"

"စောင့်ကြည့်သေးတာပေါ့"

"မှန်တာပ"

"မှန်ပါတယ်၊ ဆတ်ကြီးတစ်ချက် လဲသွားတယ်လေ"

"ဟုတ်တာပ၊ ကျားကြီးလည်း နာသွားမှာပ"

"ခေါင်းမထိတော့ သိပ်တော့ နာမယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခေါင်းတော့ မပစ်"

"ဆရာကျော်၊ မိုးကျော်ပစ်ပြီ"

"အေး ... ဟုတ်တယ်၊ တစ်ချက်ထဲ"

"ရော်... ဆရာကြီးပ၊ ဒီက ပစ်တာနဲ့ သူတို့ပစ်တာ မကွာတာပ"

"ဒီလိုဖြစ်မယ်၊ တောဝက်တွေ သူတို့ဘက်ထွက်တယ်ထင်တယ်"

"တောဝက်သာဆိုရင်တော့ ဝက်ကြီးမထူးတော့ဘူး တင်မြတ်ရေ"

"ရော်...ကျားသံပ"

"ဟုတ်တယ်...ဟုတ်တယ်၊ တောမုဆိုးအသံလည်း ကြားတယ်"

တောမုဆိုးကျားကြီးအသံကြားလိုက်ရသည့်အတွက် ကျွန်တော်တို့ ပိုမိုစိတ်ဝင်စားသွားမိသည်၊ တင်မြတ်ထိုင်နေရာမှ မတ်တတ်ရပ်ရင်း မိုးကျော်အောင်တို့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်၏၊ ဘာမျှမထူး၊ တိတ်ဆိတ်နေဆဲပင်။

"ဝေါင်း... ဝေါင်း"

"ဝုန်း..."

"ဖြောက်...ဖြောက်... ဖြောက်"

"ဝေါင်း..."

"ဝူး...ဝုန်း"

"ဟာ... ဆရာကျော် ဆတ်ကြီးဗျ"

"ရော်...နောက်မှာ ကျားကြီးပအေး၊ ဆတ်နောက်က လိုက်ကဲနေတာပ"

"ကျွန်တော် ဆတ်ကြီးကိုပစ်မယ်"

"ပစ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

"ဝုန်း... ဖောက်... ဝုန်း..."

"ဒိုင်း..."

ကျွန်တော်သည် တောမုဆိုးကျားကြီးမိလုမိခင်ဖြစ်နေသော အကွာအဝေးမှ တင်မြတ်က ဆက်ကိုပစ်၏၊ ကျွန်တော်က တောမုဆိုးကျားကြီး၏ ရှေ့တွင်ရှိနေသော သဖန်းပင်အကိုင်းအား သေချာစွာ ချိန်တွယ်ပြီး ပစ်သည်တွင် ထိုအကိုင်းကျိုးကျသကဲ့သို့ တောမုဆိုးကျားကြီး၏ ရှေ့တည့်တည့်သို့ သစ်ကိုင်းမှာ တွဲလောင်းအကျ၊ တောမုဆိုးကျားကြီး လန့်ပြီး ရပ်လိုက်ပါသော်လည်း အရှိန်မထိန်းနိုင်ဘဲ သစ်ကိုင်းနှင့်လုံးထွေးသွားရာ သစ်ကိုင်းလည်း ကျားကြီးပေါ်ပြုတ်ကျသွားပါပြီ။

"ရှီး ... ရှီး ... ရှီး"

"ဆရာကျော်၊ မိုးကျော်အောင်ဗျ"

"အေး ... ပြန်မှုတ်လိုက်"

"ရှီး ... ရှီး"

မိုးကျော်အောင်၏ လက်ခေါက်မှုတ်သံသုံးချက်နှင့် တင်မြတ်၏ နှစ်ချက်သော လက်ခေါက်သံတွေကြောင့် ဆုံမိကြပါပြီ၊ မိုးကျော်အောင်တို့သုံးယောက်သည် ဆက်၏သွေးစက်မြင်ရသည့်အတွက် အားတက်သွားသည့်အပြင် ညနေစောင်းကောင်းကောင်းမြင်ရသဖြင့် လိုက်ရသူတွေအဖို့ မြင်ကွင်းကောင်းနေဆဲမှာပင် အဆက်အသွယ်ကလည်း ရပါပြီ။

ဆက်ကြီးမှာလည်း ဆက်ပြီးပြေးရန်အားပြုနေစဉ် တင်မြတ်၏ လျှပ်တပြက်ပစ်ခတ်မှုကြောင့် ပထမ မလဲတလဲ၊ ဒုတိယအချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကြီးလဲကျသွားရာ ပြန်မထနိုင်တော့။ ကျားကြီးမှာတော့ သစ်ကိုင်းအား တိုးခွေ့စဉ် အောက်ဘက်ရေအင်းထဲသို့ တန်းဝင်ပျောက်ကွယ်သွားပါပြီ။

"တင်မြတ်"

"အေး ... မိုးကျော်လာဟေ့"

"ဆရာကျော်"

"အေး ..."

"သေနတ်သံတွေများလို့ အံ့သွားတယ်၊ ဘာပစ်တာလဲ"

"တောဝက်လေ၊ ဒီမှာနှစ်ကောင်"

"ဟင်... အို... ဒါ...ဒါကို"

"ရော်...နီးနီးလေးပဲ"

"ဟုတ်တယ်"

"ဆရာကျော်"

"ဘာလဲ မိုးကျော်"

"မီးခိုးလျှောက် ထင်တယ်"

"သိပ်မှန်တာပေါ့ မိုးကျော်ရေ၊ နှစ်ကောင်စလုံး မီးခိုးလျှောက် ဝင်ပက်တာကွ"

"ဟင်း"

"အေး ...မင်း အံ့သြစရာပဲ ဆရာရေ၊ အရေးထဲ ကိုကြီးဆင်ပေါက် ပေါ်ကွာ တောဝက်ကြီးပြေးအပက်မှာ... ဟိုမှာကြည့်"

"ဟာ...ကိုကြီးဆင်ပေါက် သွေးတွေနဲ့၊ ဘယ်... ဘယ်ထိသွား လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုတင်မြတ်၊ ဆက်ပြောတာပအေး"

"တောဝက်ကအပက်၊ ကိုကြီးဆင်ပေါက်က ဟိုမှာတွေ့လား မအူကိုင်းပေါ်ခုန်အတက်၊ ကိုင်းကကျိုးပြီး တောဝက်နဲ့အတူ ကိုကြီး ဆင်ပေါက် လုံးထွေးသွားရာက သတိ မရတော့ဘူး၊ တော်သေးတာပေါ့ ကွာ၊ သွေးတွေက တောဝက်သွေးတွေ၊ လူ့ဘာမျှမဖြစ်လို့ မိုးကျော်ရေ"

ကိုကျော်မြနှင့် ကိုကျင်ဖေသည် တောဝက်တစ်ကောင်အား ထမ်း လာ၏၊ ကိုကြီးဆင်ပေါက်သည် ကျွန်တော်ပစ်သော တောဝက်ကြီး အား တစ်ယောက်တည်း ထမ်း၏၊ ထိုတောဝက်ကြီးပေါ် သူကျပြီး လန့်သွားရင်း သတိမေ့သွားသဖြင့် ထိုတောဝက်သေကြီးအား သူတစ် ယောက်တည်း ထမ်းလိုက်ခြင်းပင်။

တဲပြန်ရောက်မှ ဆတ်သယ်ရန် စီစဉ်၍ ကျွန်တော်နှင့် တင်မြတ် ဆက်စောင့်နေခဲ့ပြီး မိုးကျော်အောင်နှင့် ပြန်သွားကြပါ၏။ ကျွန်တော် စိတ်မချ၍ မှာလိုက်ရသည်မှာ တောမုဆိုးကျားကြီး၏ရန်ကို သတိ ထားရန် ဖြစ်ပါသည်။

သူတို့ ပြန်သွား၍ တင်မြတ်နှင့် ကျွန်တော် အာမီရမ် ငုံ့ရင်း တောမုဆိုး ကျားကြီး၏ရန်ကို သတိထားရပြန်သည်။ တောမုဆိုး ကျားကြီး ဘယ်က ဘယ်လိုပြန်ပေါ်လာမည်နည်း၊ ကျွန်တော်တို့နှစ် ယောက်အဖို့ အရေးမကြီးပါ၊ ရွာသားတွေအတွက် စိုးရိမ်မိသည်၊ မိုး ကျော်အောင်မှာတော့ ရွာသားတွေနှင့် ပြန်သွားပါပြီ၊ သို့သော် အပြန် အတွက် စိတ်ထဲမှာ စိုးရိမ်မှုတော့ ဖြစ်နေမိ၏။

"ဆရာကျော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မိုးကျော်အောင်တို့အဖွဲ့ ပြန်ကို တောမုဆိုးနဲ့တိုးမှာ စိုးရိမ်မိတယ်"

"အေး . . . ငါလည်း စိုးရိမ်တာပေါ့ကွာ၊ ဒါပေမယ့် စောပါသေးတယ်ကွာ၊ မြင်ကွင်းကောင်းပါတယ်ကွ"

ကျွန်တော် ပြောသာပြောရသည်၊ ကျွန်တော်လည်း စိုးရိမ်နေမိသည်က အမှန်၊ သို့သော် ကျွန်တော်တို့နှစ်ယောက် တောင်စောင်းပေါ်မှနေ၍ တောမုဆိုးရန် ကာကွယ်နည်း တစ်နည်းပဲရှိတော့သည်။

"ကဲ... တင်မြတ်၊ မင်း ဟောဟိုအပင်ပေါ်တက်၊ အပေါ်စီးကနေပြီး အခြေအနေကြည့်ပြီး ကာကွယ်တာပေါ့၊ ငါကလည်း အောက်ကနေပြီး အခြေအနေ စောင့်ကြည့်ထားမယ်လေ၊ ကဲ...အပေါ်တက်ပါကွာ"

တင်မြတ်သည် ကျွန်တော်ညွှန်ပြသော မအူပင်ကြီးပေါ်သို့ ဖက်တက်ရင်း အပေါ်သို့အရောက် အကိုင်းပေါ်မှ တောမုဆိုးကျားကြီးအား မြင်နိုင်သော နေရာမှနေ၍ လင့်စင်သဘောနေရာယူထားလိုက်ပါပြီ။

ရှာသားတွေနှင့် မိုးကျော်အောင်တို့ ပြန်ရောက်လာမှ ကျွန်တော် စိတ်အေးသွားသည်။ ရှာသားတွေအားလုံး ဆုတ်ကြီးအားထမ်းရန်၊ ပြင်ဆင်ကြ၏၊ အားလုံးပြီးသွားပါပြီ၊ ထမ်းရန် ရှေ့နှစ်ယောက် နောက်နှစ်ယောက်ပြင်ဆင်ပြီး တင်မြတ် ရှေ့ဆုံးမှ ပြန်ခဲ့ပါပြီ၊ ကျွန်တော်တို့ အချိန်လည်း ရသေးသဖြင့် တဲသို့ရောက်လျှင် ပြန်သင့်ပါက ပြန်မယ်ဟု ကျွန်တော် စဉ်းစားနေခိုက်မှာပင်...

"ဝေါင်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ရော်...အား... ကျား ... ကျား"

"ဒိုင်း"

"ဝေါင်း... ဝေါင်း"

"ဝုန်း..."

"မိုးကျော်ရေ၊ နောက်ဘက်ရောက်လာပြီ၊ သတိထားဟေ့"

"ဝေါင်း... ဝေါင်း... ဝေါင်း"

"ဝုး... ဝေါင်း..."

"ဆရာကျော်၊ တင်မြတ်ကို ရပ်လို့ ပြောထားပါ"

"အေး ... ရပ်နေပါတယ်"

တောမှဆိုးကျားကြီးသည် တင်မြတ်နှင့် ကိုကျော်မြသွားသည်နှင့် ဆတ်ထမ်းသည့်အဖွဲ့ထဲသို့ ပြေးအဝင်၊ ကျွန်တော်လည်း မြင်လိုက်၏။ လူကို ပြေးခဲရန် ခုန်အုပ်ပါသော်လည်း လူကလည်းမြင်ပြီး ဆတ်ကြီးထမ်းထားရာမှ ပစ်ချလိုက်စဉ်မှာ ကျားကြီး၏ တိုက်ကွက်နှင့် ကွဲသွားသည်တွင် ကျွန်တော်လည်း တောမှဆိုးကျားကြီး၏ ဝမ်းဗိုက်အောက်သို့ နှစ်ချက်ဆင့်ပစ်လိုက်၏။

ကျွန်တော် အသေ မပစ်ပါ၊ ခြောက်လှန့်ခြင်းသက်သက်၊ ပစ်တော်သည်ကို တောမှဆိုးကျားကြီးမသိ၊ သေနတ်သံကိုတော့ သူသိထားပြီဖြစ်၍ လန့်တော့လန့်၏၊ သို့သော် ဘေးဘက်မှ နောက်ဘက်နှစ်ချက်ခုန်ရင်း တဝေါင်းဝေါင်းနှင့် ရန်မူနေသည်တွင် မိုးကျော်အောင်အား သတိပေးလိုက်ရခြင်းပင်။

တောမှဆိုးကျားကြီး၏ ရန်မှ မလွတ်နိုင်သေးပါ၊ သို့သော်လည်း တောမှဆိုးကျားကြီး လုံးဝ တိတ်ဆိတ်နေသည့်အတွက် စိတ်မချနိုင်တော့၍ အားလုံး နေရာယူထားကြရန် သတိပေးကာ...



www.burmeseclassic.com

www.burmeseclassic.com



"တင်မြတ်နဲ့ မိုးကျော်"

"ဟုတ်ကဲ့"

"ဒီကောင်ကြီး တို့ကိုရန်မူပြီ၊ ဒီတော့ ရှင်းကြမှ ဖြစ်မယ်"

"ဆရာကြီးပ"

"ဟုတ်ကဲ့ ... ကိုကြီးဆင်ပေါက်"

"တောစပ်တွေထဲ လောက်လေးနဲ့ ပစ်ကြတာပအေး"

"အင်း ... ကောင်းတယ်ဗျာ၊ ပစ်ကြဗျာ"

ကျွန်တော် ခွင့်ပြုလိုက်သည်တွင် ကိုကျင်ဖေနှင့် ကိုကြီးဆင်ပေါက်တို့၏ လောက်လေးသံတွေမှာ ချုံအနှံ့၊ ကိုင်းတောတွေထဲအထိ ပစ်စေကြပါသော်လည်း ဘာမျှ မယူး၊ လုံးဝ ငြိမ်သက်နေမြဲပါပြီ၊ ဒီပတ်ဝန်းကျင်တွင်ရှိမည် မထင်တော့၊ သို့သော်လည်း ကျားချောင်းချောင်းနေမည်ဟု တွေးမိပြီးသည်နှင့်...။

"ကဲ...မိုးကျော် မင်းနောက်ဘက် မင်းထင်တဲ့နေရာကို တစ်ချက်လောက်ပစ်ကွာ၊ တင်မြတ်လည်း ပစ်၊ ငါလည်း တစ်ချက်တော့ပစ်မယ်၊ ကဲ... ပစ်ကြရအောင်"

ကျွန်တော်စကားဆုံးသည်နှင့် သုံးယောက်သား ထင်သည့်ဘက်သို့ စတင်ပစ်လိုက်ပါသည်။ ပထမဆုံး တင်မြတ်၊ တင်မြတ်ပြီးတော့ ကျွန်တော်၊ ကျွန်တော်ပြီးမှ မိုးကျော်အောင် ပစ်လိုက်သည်။

"ဒိုင်း"

"ဝေါင်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှုန်း... ဝေါ... ဘုန်း"

စိတာမှဆိုးကျားကြီးသည် မိုးကျော့အောင်ထင်သည့် ချုံထဲတွင် ခိုအောင်းနေရာမှ သေနတ်သံကို သူ လန့်နေရာမှ သူ့ဘေးသို့ ထိများ ထိသွားသည်လား မပြောတတ်၊ ကြောက်ရွံ့ထိတ်လန့်မှုတွေနှင့်အတူ နာကျင်မှုတွေ ရောနှောပြီး ထိုချုံထဲမှ ပြေးထွက်ရင်း တောနက်ဘက်သို့ ထွက်ပြေးသွားပါပြီ။

"ကဲ... မြန်မြန် သယ်ကြ"

"ရော်... ဟုတ်ကဲ့ပ"

အားလုံး ဆတ်ကြီးထမ်းပြီး အင်းစောင်းတဲသို့ သုတ်ခြေတင်လာကြပါ၏။ ကိုကြီးဆင်ပေါက်ပင်လျှင် တော်တော်ခြေသွက်နေသည်။ ကျွန်တော်တို့ကတော့ အလေးမထားပါ၊ သို့သော် ရွာသားတွေအဲ့တွက် ကြောင့်သာ သုတ်ခြေတင်ရပါသည်။

"ဒိုင်း..."

"ဝေါင်း... ဝုန်း"

"ရော်... ဘာပစ်တာလဲ"

"ကိုကြီးဆင်ပေါက်ရေ၊ ချေဖျ၊ ချေ"

"ရော်... ဟုတ်ကဲ့ပ၊ ကျွန်တော်ကောက်ခဲ့မှာပ"

"အရမ်း မသွားနဲ့၊ ကျားနဲ့တိုးနေမှာပအေး"

"ရော်... ဟုတ်ကဲ့ပ"

တင်မြတ်သည် သူ့ထုံးစံအတိုင်း ကျားခြောက်ပြီးမှ တွေ့လိုက်ရသော ချေတစ်ကောင်အား လျှပ်တပြက်ပစ်လိုက်သည်ကို မြင်လိုက်တော့ ကိုကြီးဆင်ပေါက် သဘောကျ၏။ တင်မြတ်ပစ်ခတ်သူကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ချောသွားကောက်မည်အပြု ရွာသားတစ်ယောက်နောက်လိုက်သည် ကို သတိရပြီး ရော် ဟုတ်တာပ ဟုဆိုကာ ရှေ့မတိုးရဲတော့။

"ဝါး... ဟား... ဟား... ဟား... ဟား"

"ဟား... ဟား... ဟား... ဟား"

အားလုံးဝိုင်းရယ်ကြပါသည်။ ကိုကြီးဆင်ပေါက်ကိုယ်ရှိန်သပ်ရင်း လူကြီးရုက်တော့ ရယ်လိုက်၊ ထို့နောက် အရဲစွန့်ပြီး သေနေသော ချေအား သွားကောက်ထမ်းယူလာခဲ့ပါသည်။

"ကိုကြီးဆင်ပေါက်ရေ"

"ဟုတ်"

"ဘကြီးညိုအင်းစောင်းမှာ ကျားမောင်းရင်း ပစ်ရတာပျော်စရာ နော့"

"ရော်... ကိုအင်မြတ် နောက်တာပအေး"

"ကျွန်တော် မနောက်ပါဘူးဗျ၊ တကယ်ပြောတာပါ"

"ဟဲ... ဟဲ... ဟဲ... ဟဲ"

ကိုကြီးဆင်ပေါက် ရယ်ကျဲကျဲနှင့် ဆတ်ထမ်းသည့်အဖွဲ့နောက် ဝယ် နေရာယူလိုက်ပါခဲ့၏၊ ကျွန်တော်တို့အားလုံးပြန်ခဲ့သော်လည်း ဘကြီးညိုအင်းစောင်းတွင်ရှိသော ကိုအိုက်စံ၏အင်းတဲသို့ရောက်တော့ မိုးချုပ်တော့မည်၊ ရွာပြန်ရန် မဖြစ်တော့ပါ၊ သို့အတွက် ဆတ်ကိုဖျက် ပြီး ဝမ်းတွင်းသားတွေ ထုတ်ထားပြီး ဒီတစ်ညတော့ နားရပေဦးတော့ မည်။

ကျွန်တော်နှင့်မိုးကျော်အောင် တဲအပြင်အင်းစောင်းမှာ ထိုင်နေ၏၊ ကိုကျော်မြနှင့်ကိုကျင်ဖေတို့ အရက်နှင့်အသားကြော်တွေ ယူလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း စကားဝိုင်းဖွဲ့လိုက်စဉ်ဝယ် ကိုကြီးဆင်ပေါက်သည် ငါးကြင်း ကင်ကြီးနှင့် ရောက်လာပြီး...

"ဆရာကြီး၊ ကျွန်တော် ဒီငါးကြင်းတစ်ကောင် ချန်ထားတာပအေး"

"ကျေးဇူးပဲဗျာ"

"ဝေါင်း..."

"ဝေါင်း..."

"ဝေါင်း..."

"ရော်... ကျားသံပဲ"

"တော်တော် ဝေးပါတယ်"

"ဆရာကျော်ရေ"

"ဘာလဲကွ တင်မြတ်"

"ကျွန်တော်တို့ ဘကြီးညိုအင်းစောင်းမှာ ကျားမောင်းရင်း ပစ်ရတာ ပျော်စရာ အကောင်းသား၊ ဒါပေမယ့် ဟောဒီ ကိုကြီးဆင်ပေါက်တောဝဏ်ကြီး အမိဖမ်းတဲ့ စာတ်လမ်းလေးတစ်ပုဒ်လောက် ရေးပေးပါဗျာ၊ ဟား... ဟား... ဟား... ဟား... ဟား..."

"ရော်... ဆရာကိုတင်မြတ် နှောက်တာပအေး၊ ဟား... ဟား... ဟား... ဟား"

"တင်မြတ်"

"ဗျာ"

"ဘယ်လိုခေါင်းစဉ်ကွ၊ ဘကြီးညိုအင်းစောင်း ကျားမောင်းရင်း ပစ်လို့ ခေါင်းစဉ်တပ်တာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး... ကောင်းတယ်ကွ"

"ဒီလိုဆို ပိုကောင်းမယ်"

"ဘယ်လိုလဲ မိုးကျော်"

"တောဝက်စီးတဲ့ ကိုကြီးဆင်... ဟား... ဟား... ဟား... ဟား"

"ရော်...တော်သေးတာပ၊ တောဝက်က အထီးကြီးမို့ အမသာ ဆို့ မတွေးရဲပ"

"ဘာဖြစ်လို့လဲ၊ ကိုကျင်ဖေ"

"အိုက်ကျောက်ပန်၊ ဝက်မကြီးနမ်းတယ်လို့ အမည်တွင်သွားမှာ ပအေး၊ ဟား... ဟား... ဟား... ဟား"

ကျွန်တော်တို့အဖွဲ့သားတွေ တဝါးဝါး တဟားဟားပွဲကျနေကြပါ၏။ ကြောက်စရာကြုံတော့ ရင်ခုန်ရ၏၊ ရင်ခုန်ပြီးတော့လည်း ပျော်စရာတွေ တစ်ဖန်ပြန်ရောက်လာပြီးသောအခါဝယ် ဘကြီးညိုအင်းစောင်းမှာ ကျားမောင်းရင်း တောပစ်ခတ်မှုလေးတွေ စားမြုံ့ပြန်ရင်း သောက်ပွဲလေးမှာ စည်ကားနေပါတော့သည်။

မင်းရဲကျော်



www.burmeseclassic.com